
# ကိုပိုက်

## ပြဒါးသည်သံ သံသည့်ပြဒါး



ကိုပိုက်

# ပြဒါးသည်သံ သံသည်ပြဒါး

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၄၇၀၅၀၃

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၈၁၀၅၀၃

ပုံနှိပ်ခြင်း

ပထမအကြိမ်

(ဧပြီလ-၂၀၀၅)

အုပ်ရေ ( ၅၀၀ )

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်) (၀၂၉၀၉)

အမှတ် (၁၇၃)၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးဝင်းကျော်မိုး (သုခုမစာပေတိုက်)၊ ယာယီ (၇၅၅)

အမှတ် (၇) ၆-လွှာ၊ ဗိုလ်မင်းခေါင်လမ်း၊

ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းဖလင်

ကိုမြင့်သူ

မျက်နှာဖုံးပန်းချီ

ရန်နိုင်ဦး


ကွန်ပျူတာစာစီ

မမင်းမင်းစိုး

တန်ဖိုး - ၇၀၀ ကျပ်

မွေးမေ

မွေးဖေ



ပြီးတော့ . . . .

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဖြစ်သည့်

ဆရာသော်တာဆွေအား ဤစာအုပ်ဖြင့်

ဂါရဝပြုပါသည်။



ကိုပိုက်

သုစုမစာအုပ် ( ၂၀ )

## " ပြဒါးသည် သံ၊ သံသည် ပြဒါး "

ညနေဝင်ရီသရောအချိန် 'စမ်းရွာ'ကလေးသည်တိတ်ဆိတ်ငြိမ်သက်လို့နေ၏။ ရွာဖျားသချိုင်းကုန်းနှင့်ကပ်လျက် လယ်ကွက်တွင် ကျွဲလေးငါးခြောက်ကောင်ခန့်ရှိချေ၏။ စားကျက်ချထားခြင်းဖြစ်သည်။

အသက်အားဖြင့် ၁၄-၁၅နှစ်အရွယ် ကောင်လေးတစ်ယောက်သည် ကျွဲကျောင်းနေ၏။

"ခလောက် . . . ခလောက်"

"ခလောက် . . . ခလောက် . . . ခလောက်"

သို့နှယ် ကျွဲတို့၏လည်ပင်းတွင် ဆွဲထားလေသည့် သစ်သား

ကလောက်တို့၏အသံသည်သာ ထိုနေရာတဝိုက်ပျံ့လွင့်လို့နေ၏။

တခါတခါမှသာလျှင် ကျွဲ၏ချိုဖျားကျောကုန်းထက်တွင် နားနေရင်း ပိုးမွှားကောင်လေးများကို ပေါက်ယူစားနေသည့် ငှက်ကောင်၏ အော်သံကိုကြားရ၏။

ကျွဲကျောင်းသားလေး တစ်ယောက်တည်းဘာတွေ ထိုင်ငိုင်တွေးနေလေသည်မသိ။

ကျွဲကောင်တို့သည်လည်း "ဘွီးလ်" "ဘုးအဲ"ရယ်လို့ အော်လိုက် အစာကောက်လိုက်နှင့် တဖြည်းဖြည်း ကွင်းစပ်တောတန်းလေးအနီးသို့ ရောက်သွားကြတော့၏။

"ဟိတ်ကောင် . . . မင်းကျွဲတွေတောထဲဝင်သွားတော့မယ်"

သို့နှယ်အသံကြားလေမှ ကျွဲကျောင်းသားလေးသည် အသိပြန်ဝင်လာတော့၏။

ဟုတ်ပါရဲ့ . . သို့ကြောင့် ကျွဲကျောင်းသားလေးသည် ထိုင်နေရာမှ ကွင်းစပ်သို့ပြေးထွက်သွားလေ၏။

အချိန်မီပင် သူ၏ကျွဲများကို တောစပ်မှ ပြန်လှည့်ခေါ်လာနိုင်သည်ဆိုငြား . . . ချိုပုံကြီးတစ်ကောင်တော့ဖြင့် ပြန်မပါလာပါချေ။

"ဖိုးလူ . . ငါ့ကျွဲတွေ ရှာထဲမောင်းသွားပေးစမ်းကွာ . . ချိုပုံကြီး ကျန်သေးလို့ ပြန်သွားရှာရဦးမယ်"

သူ့ကိုသတိပေးသည့် ဖိုးလူဆိုသည့် သူနှင့်သက်တူရွယ်တူ လောက်ရှိ ကောင်လေးကို သို့ပြောလျက် သူသည် တောစပ်သို့ပြန်ပြေး

သွားတော့၏။

"ဖိုးလူ"သည် ရွာဦးကုန်းတော်ကြီးကျောင်းက ကျောင်းသားလေးဖြစ်သည်။ ညနေစောင်းလျှင်သူသည်လည်း ကျွဲစားကျက်တွင်းသို့ မကြာခဏ ရောက်လာတတ်၏။ ကျွဲကျောင်းသားလေးနှင့် စကားစမြည်ပြောဘတ်၏။

ကျွဲကျောင်းနေစဉ် လောက်လေးဂွကိုယ်စီဖြင့် စားကျက်ကွင်းအတွင်းရှိ ချုံနွယ်သစ်ပင်တို့တွင် ငှက်လိုက်ချောင်းပစ်တတ်ကြ၏။

ယနေ့တွင်မူ 'ဖိုးလူ'သည် ကျွဲကျောင်းသားလေးကို ကူညီကျွဲသိမ်းပေးရန် ရောက်လာခြင်းဖြစ်သည်။

"ဖိုးလူ"သည် ကွင်းစပ်သို့ပြေးသွားသော ကျွဲကျောင်းသားလေးကိုကြည့်ပြီး ကွင်းထဲပြန်ရောက်လာသော ကျွဲများကို ရွာဘက်ဆီသို့ ပြန်မောင်းလာတော့၏။

သို့အချိန်မှာပင် ကျွဲကျောင်းသားလေးသည် တောစပ်တွင် ဗျာယာခတ်စွာ ကျွဲပျောက်ကိုလိုက်ရှာနေလေတော့၏။

တောစပ်တွင်လည်း မတွေ့။

အဲဒါမှဒုက္ခ။

အခါတိုင်းသည်လိုမဟုတ် . . ဒီနေ့မှဘာယ်လိုဖြစ်ရတာပါလိမ့်။

"ချိုပုံကြီး"ကို မဖြစ်မနေပြန်ရှာရပေမည်။

သူ၏ပေါ့လျော့မှုကြောင့်ဖြစ်ချေ၏။

သူဘာကြောင့်များ ငိုင်တွေစဉ်းစားနေမိပါလိမ့်။

ညနေခင်းတသူ ဖိုးလူကိုစောင့်နေမိသေး၏။ ဖိုးလူရောက်လာပါလျှင် သို့အဖြစ်မျိုး ဖြစ်လိမ့်မည်မဟုတ်။

ဖိုးလူလာလျှင် တောစပ်ကွင်းစပ်တွင် သူတို့ငှက်ရှာပစ်ကြ၏။

သူ့ကျွဲများတောစပ်သို့ ခြေဦးလှည့်လာလျှင် တားဆီးပိတ်ပင်ခြောက်လှန့်ထုတ်ကြသဖြင့် ကျွဲတို့သည် စားကျက်တွင်းသို့သာ ပြန်လှည့်သွားတတ်ကြ၏။

ယနေ့ ဘယ်လိုကြောင့် သို့ဖြစ်ရတာပါလိမ့်။

ကျွဲကျောင်းသားလေးသည် တောစပ်မှသည် တောတွင်းသို့တစတစ ရောက်လာတော့၏။

ချိုပဲ့ကြီးလည်းမတွေ့ပါကလား။

ကျွဲကျောင်းသားလေး ပျာယာခပ်နေချေတော့၏။ အမှောင်ထုသည်လည်း လွှမ်းမိုးလာချေပြီဖြစ်သည်။

"ဟင် . ."

သို့ပျာယာခတ်ပြေးလွှားရှာခဲ့ရာမှ ချိုပဲ့ကြီးကို လှမ်းတွေ့လိုက်လေသည်။ ချိုပဲ့ကြီးကိုမြင်လိုက်ရသည်တွင်ဝမ်းသာရမည်ဖြစ်သော်လည်း ကျွဲကျောင်းသားလေးသည် ထိတ်လန့်တုန်လှုပ်သွားရတော့၏။

ချိုပဲ့ကြီးနားတွင် ကျားကြီးတစ်ကောင်ရှိနေချေ၏။

ထိုကျားကောင်သည် သူ၏ချိုပဲ့ကြီးကို မြေပြင်သို့လှဲချ ဝိုက်ဖောက် အူနှုတ်စားနေခြင်းပါကလား သို့ကြောင့် သူသည်နံဘေးတွင်ရှိသည့် ထင်းခြောက်ကိုင်းတစ်ခုကို ရုတ်ခြည်းဆွဲယူလိုက်ကာ ကျားကောင်

ိ ပြေးရိုက်လေတော့၏။

အတော်နုံအ လွန်းပြီး မိုက်လုံးကြီးသည့် ကျွဲကျောင်းသားလေး ခြစ်ချေတော့သည်။

သူ့စိတ်ထဲတွင် . . . ကျားကောင်ကို ခွေးတစ်ကောင်လိုများ င်မှတ်ထားလေသည်လားမသိ။ ဘယ်လိုဖြစ်နိုင်မှာလည်း။

အင်းလေ . . ၁၄-၁၅နှစ်အရွယ်ဆိုတော့ ကလေးအရွယ်ပေပဲ ပါ။ ဘာသိမှာတုန်း . . . ။

"အား"

ကျွဲကျောင်းသားလေးသည် သူ့လက်တွင်းမှ ထင်းခြောက်ကိုင်း ခြင့် ကျားကောင်ကို မရိုက်လိုက်ရချေ။ ကျားကောင်က သူ့အစာကို ာလုသည်ထင်လေသည်ကြောင့်လားမသိ "ဝေါင်း"ရယ်လို့ အော်ဟစ် ိုက်ရင်း တပြိုင်နက်ဆိုသလို ဝပ်တွားနေရာမှ ရုတ်ခြည်းထလိုက်ကာသူ့ ်ပြေးလာသည့် ကျွဲကျောင်းသားလေးကို ခုန်လွှားတိုက်ခိုက်လိုက်လေ တော့သည်။

သည့်နောက်ကျားကောင်သည် "ချုံပုံ"ကျွဲကြီးကိုပင် လှည့် ကြည့်လေတော့ဘဲ သူ့တွက်အစာသစ် လူသားကောင်လေးကို ကိုက်ချီ ၍ ထိုနေရာလေးမှ လှစ်ခနဲပြေးထွက်သွားလေတော့သည်။

တုန်လှုပ်ချောက်ချားဖွယ် မြင်ကွင်းကိုတွေ့လိုက်သူတစ်ဦးသည် ိုနေရာနှင့်အတော်လှမ်းလှမ်း ချုံနွယ်ပင်တို့နောက်ကွယ်တွင်ရှိနေချေ တော့၏။

"တောက်"

ထိုသူ့ထံမှ 'တောက်'ခပ်သံပြင်းပြင်းတစ်ချက် ပေါ်ထွက်လာ၏။

ထိုသူသည် အံကိုတင်းတင်းကြိတ်၍ လက်သီးကို ဆုပ်လိုက်သည်။

"ဖြစ်မှဖြစ်ရလေ ကောင်လေးရယ် . . . ကျားကောင်ကိုများ တုတ်ချောင်းနဲ့သွားရိုက်ရတယ်ရယ်လို့ . . အံ့ပါ့ . . နံ့ပါပေ့ အ,ပါပေ့"

ထိုသူသည်ကားအခြားမဟုတ်။

ရသေ့တစ်ပါးပင် ဖြစ်နေချေတော့သည်။

ရသေ့ကြီးသည် သူ့အမြင်ရှေ့တွင် ရုတ်တရက်ဖြစ်သွားသည့်ကိစ္စနှင့်ပတ်သက်၍အတော်ကလေး စိတ်မချမ်းမြေ့ဖြစ်သွားတော့၏။

ရသေ့ကြီးသည် ထိုနေရာလေးမှ လှည့်လိုက်ကာ ဆင်လမ်းအတိုင်း တောအုပ်လေးအတွင်း ဝင်သွားလေတော့၏။

ထိုလမ်းလေးသည် ကျားကောင်ထွက်ပြေးသွားရာနှင့်ဆန့်ကျင်ဘက်အရပ်သို့ သွားသောဆင်လမ်းလေးဖြစ်တော့သည်။

ရသေ့ကြီးသည် အိန္ဒြေရစွာ လျှောက်လှမ်းသွားရင်း မေတ္တာသုတ်ကို ရွတ်ဖတ်သွားလေတော့၏။ ပြီးလျှင် လက်တွင်းရှိကြေးစည်လေးကို 'နောင်. . ဝေ. . ဝေ'ရယ်လို့ မြည်အောင်ရိုက်ခတ်လိုက်လေတော့သည်။

သည်တော့မှ ရသေ့သည်လည်း စိတ်လက်ပေါ့ပါး လန်းဆန်း

သွားတော့၏။ အနှိပ်ခံရုံမြင်ကွင်းကြောင့် ရသေ့သည် ဒေါသစိတ်ကလေး ဖြစ်သွားမိ၏။ နာကျည်းစိတ်လည်းဖြစ်သွားမိ၏။

ရသေ့သည်လူ့သားထဲက လူတစ်ယောက်ပင်မဟုတ်ပါကလား။

ရသေ့သည် သတိလက်လွတ်ဖြစ်သွားသော တခဏအချိန်လေးအတွက် များစွာစိတ်မကောင်းဖြစ်မိတော့၏။

ဘာကြောင့်လူတွေ တိရစ္ဆာန်တွေအစားလေးတစ်လုပ်အတွက် ရန်စောင်နေကြပါလိမ့်။ သတ်ဖြတ်နေကြပါလိမ့်။ ကြီးနိုင်ငယ်ညှင်းလုပ်နေကြပါလိမ့်။ ဘာလို့ မေတ္တာတွေအပြန်အလှန်မရှိကြပါလိမ့်။

ရသေ့သည် ထပ်ပြန်တလဲဆိုသလို မေတ္တာသုတ်ကို နာနာရွတ်ရင်း ဆင်လမ်းလေးအတိုင်း လျှောက်သွားနေတော့၏။

▲▼▲▼▲▼▲▼

သူသည်အကော်ဝေးဝေးသို့ ငေးကြည့်တွေးတောနေစဉ် . .

"ဝုတ် . . ဝုတ် . . ဝုတ် . ."

"ဝုတ် . . ဝုတ် . ."

"ဝုတ် . ."

တောခွေးတစ်အုပ်၏ ဆူဆူညံအသံကြောင့် ထိုင်ရာမှထလို
ကာ ခွေးဟောင်သံတို့ပေါ်ထွက်လာရာ မြောင်ကြပ်တွင်းသို့ လှမ်းကဲကြ
လိုက်၏။

လွန်စွာမှ ကြီးမားသောဝံနက်ကြီးတစ်ကောင်သည် သူ၏ ဖု

ပေါက်ကိုပိတ်စို့ထားသော တောခွေးတို့အလယ်တွင် ပျာယာခတ်နေလေတော့၏။

"ဂါး . . ဂရူး . . ဂါး"

"ဂရား . . ဂရူး"

သို့နှယ်လည်း အော်ဟစ်နေလေ၏။

တောခွေးတို့သည် ဝံနက်ကောင်ကြီးကို ဝိုင်းရံပတ် ထွက်ပေါက်ကိုပိတ်စို့ထားနိုင်ငြား ဝင်ရောက်တိုက်ခိုက်ခြင်းကိုတော့ဖြင့် မပြုကြသေးချေ။ မပြုဝံ့သောကြောင့်ဖြစ်ချေ၏။

သို့ရှိစဉ်မှာပင် တစ်ကောင်သော တောခွေးသည် အရဲစွန့်ကာ ဝံနက်ကောင်ကြီးကို ဝင်ကိုက်ခဲလေတော့၏။

ဝံနက်ကောင်သည် တောခွေးကောင်ထက် လျင်မြန်ဖျတ်လတ်လေ၏။

ဘယ်လိုလုပ်လိုက်လေသည်မသိ။ တောခွေးကောင်သည် သွေးသံရဲရဲဖြင့် ဝံကောင်ကြီးရှေ့မှာပင် ခွေလဲသွားပြီး "တအီးအီးဖြင့် ညည်းညူ ဆန့်ငင် . . ဆန့်ငင်ဖြစ်သွားတော့၏။

သို့ဖြစ်အင်ကို မြင်လိုက်ရသည်နှင့် ကျန်တောခွေးတို့သည် ခြောက်လှန့် အော်ဟစ်နေရုံမှတစ်ပါး မည်သို့ဆက်လုပ်ကြရမည်မသိဖြစ်နေကြသည်ကိုသိလိုက်ပြီဖြစ်သော ဝံနက်ကောင်ကြီးသည် ပျာယာခတ်ခြင်းမရှိလေတော့ဘဲ တစ်ချက်ငြိမ်သက်စွာနေလိုက်ကာ . . . သွားရေတမြားမြားဖြင့် ရှေ့မှကာဆီးနေသော ခွေးတစ်အုပ်ကို ခေါင်းကိုင်

စောင်းကြည့်လိုက်ပြီး . . .

"ဂါး"ရယ်လို့ အသံကုန်အော်ဟစ်ရင်းတရှိန်ထိုးလေးဘက်တွား ခွေးတစ်အုပ်ကြားသို့ တိုးဝှေ့ဝင်လိုက်လေတော့၏။

သည်တော့လည်း တောခွေးတစ်အုပ်သည် ကစင့်ကလျား လှည့်ပြေးသွားကြတော့၏။

သို့မြင်ကွင်းကို ရပ်ကြည့်နေသော ထိုသူသည်လည်း လျှပ်တစ်ပြက်ဆိုသလိုပင် တောင်ကြောလေးပေါ်မှ ပြေးဆင်းသွားတော့၏။ မြောင်ကြပ်လေးမှ ထွက်ပြေးသွားသော ဝံနက်ကောင်ကြီး ထက်စောလျှင်စွာ သူသည် တောင်ကြောစွယ်လေးထိပ်သို့ ရောက်သွားချေ၏။ ဆည်ဝမှဗျိုင်းကဲ့သို့ သူသည်မြောင်ကြပ်အပေါက်ဝထိပ်မှနေ၍ ဝံနက်ကောင်ကြီးထွက်အလာကို ကြိုစောင့်နေလိုက်တော့၏။

သူ့လက်တွင်း "ဒူးလေး"ကိုလည်း ပစ်ခတ်ရန်အသင့် . . . လေးကြိုး တင်ထားပြီးဖြစ်၏။

မြှားပြေးလမ်းတွင်လည်း မြှားတံကို အရံသင့်တင်ထားပြီးဖြစ်တော့၏။

မြောင်ကြပ်အတွင်းမှ ဝံနက်ကောင်ကြီးပေါ်လာသည်နှင့် ဒူးလေးမောင်းခလုတ်ပေါ်တွင် ဖွဖွလေးတင်ထားလေသည့် သူ့လက်ညှိုးလေးကို ကွေးညွတ်လိုက်ရုံသာရှိတော့၏။

ဝံနက်ကောင်ကြီးပြေးမလွတ်ချေတော့ပြီ။

တောခွေးတစ်အုပ်၏ ဝန်းရံကာစီးထားခြင်းမှ လွတ်မြောက်

သော ဝံနက်ကောင်ကြီးသည် မြောင်ကြပ်အပေါက်ဝရောက်သည် ၌လူသားသတ္တဝါကောင်ကိုတွေ့လိုက်သည်တွင် လေးဘက်တွား ခေါင်း ကိုစိုက်ချပြေးလွှားနေရာမှ အရှိန်အဟုန်သတ်လိုက်ပြီး ပတပ်ရပ် လိုက်ကာ. . .

"ဂါး"ရယ်လို့ အော်ဟစ် ခြေလက်မြောက် ဖြိမ်းခြောက်လိုက် မင့် တောခွေးတွေကဲ့သို့ လူသားသတ္တဝါသည် ကြောက်လန့်တကြား ပြေးလွှားမသွားသည့်ပြင် လူသားထံမှ မြှားတံတစ်စင်းသည် အရှိန် အဟုန်ပြင်းစွာလေထုကို ခွင်း၍ ဝံကောင်၏နှလုံးသားတွင်း စူးနစ်ဝင် သွားလေတော့၏။

"ဂါး . . ဂရား"

မတ်ရပ်အနေအထားမှ လေးဘက်ထောက် ကျသွားတော့၏။ တစ်ပြက်အချိန်ကလေးမှာပင် မြှားတံတစ်ချောင်းသည် ဝံနက် ကောင်၏ ရှေ့လက်ပြင်သို့ ထိုးဖောက်ဝင်လာပြန်၏။

သည်အခါတွင်မတော့ ဝံနက်ကောင်သည် လေးဘက်ထောက် အနေအထားမှ တစောင်းလဲကျသွားရရှာလေတော့၏။

"ဂါး . . ဂရား"

"ဂရှူး"

ရယ်လို့ အော်ဟစ်နေရင်းမှပင် ငြိမ်သက်သွားတော့၏။ သည် တော့မှ သူသည်ဒူးလေးကြီးကို ပုခုံးထက်ထမ်းတင်လိုက်ပြီး ဝံနက်ကြီးထံ ချဉ်းကပ်သွားလိုက်၏။

သူသည် ဝံနက်ကြီးရင်ဝနှင့် လက်ပြင်တွင်စိုက်ဝင်နေသ မြားတံနှစ်ချောင်းကို ပြန်နှုတ်ယူလိုက်ပြီး ခါးချိတ်ဓားဖြင့် ဝံနက်ကော ကြီး၏ ရင်အုံသားအပိုင်းအစတစ်ခုကို လှီးဖြတ်ယူလိုက်တော့၏။

သို့သူလုပ်ဆောင်နေခြင်းကို ခွေးအတစ်အုပ်က ခပ်လှမ်းလှ နေ၍ ငြိမ်သက်စွာကြည့်နေကြတော့၏။

ထိုသည်ကို သူသိလိုက်သည်ကြောင့် တစ်ချက်ပြုံးလိုက်၏၊

သည့်နောက်သူသည် ဝံနက်ကောင်၏ ရင်အုံသားအပိုင်းအ တစ်ခုကိုသာယူ၍ ထိုနေရာလေးမှ ထွက်ခဲ့တော့၏။

သို့သူထွက်ခဲ့သည်နှင့် တောခွေးတစ်အုပ်သည် ဝံနက်ကော ကြီးထံ ပြေးလွှားလာလိုက်ကြပြီး အလုအယက်ကိုက်ခဲဆွဲဖွဲ့ ပွဲတော်တ ကြလေတော့သည်။

အတန်လှမ်းလှမ်းနေရာသို့ရောက်နေလေပြီဖြစ်သော သူသ တောခွေးတစ်အုပ်၏ အငမ်းမရအစာလုပွဲကို သဘောကျစွာ ခေ ရပ်ကြည့်နေလေပြီးနောက် တောင်ကြောလေးပေါ်သို့ တက်ခဲ့ တော့သည်။

တကယ်တော့ တောခွေးတစ်အုပ်နှင့်သူသည် မဟာမိတ် ဖြစ်နေကြပြီကော။

သူသည်သားကောင်ကို ခက်ခက်ခဲခဲလိုက်လံရှာဖွေနေရန်မ ချေ။ တောခွေးတစ်အုပ်၏အသံကြားလျှင် သူ့တွက်သားကောင် ကောင် တွေ့ရမြဲ ပစ်ခတ်ရစမြဲဖြစ်သည်။

သို့ကြောင့်လည်း သူသည် သူတစ်ယောက်စာ အသားအပိုင်း အစလောက်သာ လှီးဖြတ်ယူပြီး တောခွေးတစ်အုပ်အတွက် ထားခဲ့လေခြင်းဖြစ်တော့သည်။

သူသတိပြုလိုက်မိသည်မှာ ထိုတောခွေးတစ်အုပ်တွင် အမွေးဖြူဖြူနှင့် တောခွေးတစ်ကောင်ကို တွေ့ရခြင်းဖြစ်၏။

အုပ်စုခေါင်းဆောင်လေလားတော့မသိ။

ထို အမွေးဖြူဖြူတောခွေးတစ်ကောင်ကိုတွေ့ . . တွေ့နေရခြင်းလေကြောင့် ထိုတောခွေးအုပ်သည် သူနှင့်အမြဲမြင်နေတွေ့နေဆုံနေကျ တောခွေးအုပ်မှန်း သိသာလှချေ၏။

သို့ဆိုပါလျှင် ထိုတောခွေးအုပ်သည် သူ့ကိုလည်းမှတ်မိနေကြပေလိမ့်မည်။

သို့ကြောင့်လည်း သူ့ထံသို့သားကောင်များ ကျုံးသွင်းဖို့လာတတ်ကြခြင်းလေများလားရယ်လို့ တွေးမိလိုက်သည်။

သူသည် တစ်ယောက်တည်းတောတောင်ထဲတွင် ဖြစ်သလိုလှည့်လည်နေထိုင်ခဲ့ရာမှ နှစ်ပေါက်ပေရော့မည်။

သူတောတောင်ထဲရောက်မလာခင်က မြင့်မားသော အုတ်ရိုးဘံတိုင်းကြီးများကာရံထားသည့် အဝန်းအဝိုင်းတွင် လွတ်လပ်မှုကင်းမဲ့စွာနေခဲ့ရ၏။ အချုပ်အနှောင်ခံလူသားတစ်ယောက်အနေဖြင့် နေခဲ့ရ ၏။

ထောင်ကျလူသားတစ်ယောက်ပေါ့။

သူဘာကြောင့် ထောင်ကျခဲ့ရတာလဲ။ သူ့ကိုယ်သူပြန်ဆန်းစစ်

ကြည့်မိ၏။

သူသည် လူလားမြောက်ခဲ့ကတည်းက ဆိုးသွမ်းခဲ့သူဖြစ်၏၊ တစ်ဦးတည်းသော သားတစ်ယောက်ဖြစ်ခဲ့သလို တစ်မိပေါက်တစ်ယောက်ထွန်းဖြစ်ခဲ့၏။ ကောင်းသောဘက် ထွန်းကားခြင်းတော့မဟုတ်။

မိဘနှစ်ပါးသည် သူ့ကြောင့်ပင် စိတ်ဆင်းရဲခဲ့ရ၏။ စီးပွားပျက်ခဲ့ရ၏။ ထစ်ခနဲဆို အလယ်ပိုင်းသားပင်ဖြစ်တော့၏။

သူ့နာမည် 'သားကြီး'ရယ်လို့ မိဘနှစ်ပါးက ခေါ်ခဲ့ကြပေမင့် ဘယ်သူကမှ ထိုနာမည်ကိုမခေါ်ခဲ့ကြ ရွာလယ်ပိုင်းတွင်နေလေခြင်းကြောင့် အလယ်ပိုင်းသားဟုသာ သိကြခေါ်ကြ၏။

မိဘနှစ်ပါးသည် လယ်ပိုင်ရှင်ကြီးများဖြစ်ကြ၏။ သူ့ကြောင့် လယ်ပြုတ်ခဲ့ရ၏။ စိတ်ဆင်းရဲခဲ့ကြရ၏။ သူ့စိတ်နှင့်ပင် လုံးပါးပါးရွှေဆင့်နောက်ဆင့်ဆိုသလို ဆုံးပါးခဲ့ကြရ၏။

သို့တောင်မှ သူနောင်တမရ. . ဆိုးမြဲ . . မိုက်မြဲ ပေတေမြဲ တစ်ရွာလုံးက သူ့ကိုအော်ကျောလန်ကြပေမင့် တစ်ယောက်သောသူက တော့ဖြင့် ဘယ်လိုကြောင့်ရယ်မသိ၊ အတိတ်ရေစက်ကြောင့်ပေလားမသိ သံယောဇဉ်ဖြစ်နေရရှာ၏။

ထိုသူသည်ကား ရွက်ကြမ်းရေကျို မိန်းမပျိုလေးတစ်ယောက်ဖြစ်ပေသည့် 'မရေချမ်း'ဟုခေါ်သည်။

စမ်းရွာသူလေးပင်ဖြစ်သည်။

"ညည်းမို့လို့အေ . . . . . ဒီလိုတေတေပေပေအကောင်ကို

အနေရာတဝင်လုပ်ရတယ်လို့"

သို့နှယ်. . သူမ၏ကြီးတော်က နေ့တစ္ဝ. . မြည်တွန်တောက်တီးတတ်ပေမင့် သူမ မမှုပါချေ။

"ကြီးတော်ကလည်းလေ. . အဲလို တစ်ရွာလုံးကသူ့ကို ဝိုင်းယ်ထားတော့ ပိုလို့ဆိုးလာဖို့ပဲရှိတာပေါ့. . တစ်ရွာလုံးကလည်း အဲလိုသုပ်ဖို့ မကောင်းပါဘူး"

"ဟဲ့. . ညည်းအကောင်က ကျွဲပါးစောင်းတီးပဲအေ. . သူ့မိဘမပါးဆိုလည်း ဘယ်လောက် သနားစရာကောင်းလဲ သူ့အတွက်နဲ့ချည်းငိုဆင်းရဲကြရတယ်. . ငွေကုန်ခဲ့ကြရတယ်. . တစ်ယောက်ဆိုတစ်ယောက်ဒုန်းပေါက်ပါရဲ့အေ. . အဲလိုအကောင်မျိုးကိုများ ညည်းကနားလည်ပေးနိုင်ရတယ်လို့ ငါပြော့. . မပြောချင်ပါဘူးအေ. . "

"တကယ်တော့ အလယ်ပိုင်းသားက အသားလွတ်ကြီးဆိုးတာမဟုတ်ပါဘူး မဟုတ်မခံစိတ်ရှိတာပါ. . ရဲရင့်တယ်၊ ပြတ်သားတယ်. . တရားတာကို သူမကြိုက်ဘူး. . သူ့နည်းသူ့ဟန်နဲ့ ဖြေရှင်းတတ်တာပဲရှိတယ်. . ဒါကို လူတွေက ဆိုးသွမ်းမိုက်မဲတဲ့သူလို့တွက်ကြတယ်. . ဟိုတစ်နေ့က ကင်းမတီးရွာသားတွေနဲ့ ဖြစ်ရတာကလည်း ကင်းမတီးရွာသား လူမိုက်လိုလိုကောင်တွေက စမ်းရွာသား မြင့်မောင်ကို ဖဲဝိုင်းမှာဒုန်းနိုက်ကြတယ်လေ. . ရှုံးမဲ မည်းကြတာပေါ့. . ဒါကို အလယ်ပိုင်းသားသိတော့ အဲဒီ. . ကင်းမတီးရွာသားလူမိုက်တွေကို မခံချင်စိတ်နဲ့ပြန်ခဲ့တာပေါ့"

"အောင်မလေးအေ. . အဲဒီအရိုက်ခံရတဲ့ မြင့်မောင်ကလည်း ကောင်းတဲ့အကောင်မှမဟုတ်တာ. . ဖဲလှည့်ရိုက်နေတဲ့ကောင် ခံရတာ တောင်နည်းသေး"

"ဒါမဆိုင်ဘူးလေ ကြီးတော်ရဲ့. . သူ့ဘာသာဖဲသမားပဲဖြစ်ဖြစ် ကိုယ့်ရွာသားက ကိုယ့်ရွာသားပဲပေါ့. . သူများရွာသားက ကိုယ့်ရွာသား ကို အုပ်စုဖွဲ့ အနိုင်ကျင့်လွှတ်လိုက်တာတော့ ဘယ်ကောင်းပါ့မလဲ ဖဲရိုက်ကြတယ်ဆိုတာ. . စိတ်တူသဘောတူလုပ်ကြတဲ့ကိစ္စပေပဲ. ."

"ကဲ. . တော်ပါပြီအေ. . ညည်းအကောင်အကြောင်း ပြောမ ရင် အဲဒီလိုပဲ ညည်းကဘာမဆိုင် ညာမဆိုင်ကြားက နာရတယ်ရှိသေး"

"အဲလိုလဲ မပြောပါနဲ့ ကြီးတော်ရယ်. . မဟုတ်မခံစိတ်ရှိတယ် ဆိုတဲ့သူတွေက. . လူကောင်းတွေပါ. . စိတ်ရင်းကောင်းရှိတဲ့ သူတွေမ နို့ကြောင့်လည်း တချိမ်းချိမ်းဖြစ်ကြတာပေါ့. . ဒါယောကျ်ားပီသ တာခေါ်တယ်. . တချို့များ ယောကျ်ားဖြစ်ပြီးကြောက်တတ်လိုက်ကြ တာ. . ခေါင်းရှောင်တတ်ကြလိုက်တာ အံ့ပါရဲ့. . မျက်စေ့ရှေ့မှာ ဗုဏ္ ရောက်နေတာကို ကိုယ်နဲ့မဆိုင်သလို နေတတ်ကြတယ်. . ကြီးနိုင်ငယ် ညှင်းလုပ်နေကြတာကို ဝင်မတားဝံ့ကြဘူး မပြောဝံ့ကြဘူး. . ကိုယ်နဲ့ ဆိုင် အနေသာကြီးရယ်လို့ နေတတ်ကြတယ်. . အလယ်ပိုင်းသား အဲလိုလူစားထဲမှာမပါဘူး ယောကျ်ားပီသတယ်. . သူ့ရှေ့မှာ မဟုတ် တာတော့သွားမလုပ်နဲ့ သူနဲ့ဆိုင်သလိုပဲ အဲတစ်ခုပဲရှိတယ်. . သူ့ ဘာသာတစ်ယောက်တည်း နေထိုင်တတ်တဲ့အကျင့်ပဲ. . အဲဒါကို လူရှေ့

အမြင်စောင်းနေကြတာကိုး"

"အောင်မလေးအေ. . . . သူတောင်မှ အဲလိုနေတတ်တာ ေတွကလည်း သူ့ဘယ်သူက ဂရုစိုက်စရာလိုလို့တုန်း တစ်ရွာလုံး က်ကျော လန်ကိုညည်းကသာ ဘာမဆိုင်ညာမဆိုင်ဖြစ်နေတာပဲအေ"

"ဒါ. . သူနေတတ်သလိုနေတာပဲ . . အရေးရယ် အကြောင်း ဆို သူကဝင်ရှင်းပေးတတ်တာပဲ"

"နို့ကြောင့် သူကြီးကလည်း သူ့ကိုအမြင်ကတ်တာပေါ့အေ င်မတော်တဲ့ကိစ္စမျိုး သူကြီးရှင်းပေးမှာပေါ့. . ဘယ့်နှယ်အေ သူက ကြီးကျနေတာပဲ"

"ကြီးတော်ရယ် ပြောရတာလဲ အာပေါက်ပြီ သူကြီးကတရား င် သက်ဆုပ်လက်ကိုင်အာဏာရှိပြီး ဖြစ်လာတဲ့ ပြဿနာတွေကိုဝင်ရှင်း ်လို့လား. . ရွာအရှေ့ပိုင်းက မကုလားမရဲ့ကြက်ပျောက်တာကို းတိုင်တာ ဘာထူးခြားမှုရှိလို့လဲ. . ဘယ်သူခိုးစားသွားမှန်းတောင် ဘူးမဟုတ်လား. . မကုလားမက မုဆိုးမလေ သားထောက်သမီး ည်းရှိတာမဟုတ်ဘူး. . အိမ်တကာလှည့် ကျဘမ်းအလုပ်လေးတွေ ျှောက်လုပ်ပြီး စားဝတ်နေရေးကို ဖြေရှင်းနေရတာလေ. . ရတဲ့ငွေ းနဲ့ ချွေချွေတာတာစားပြီး ကြက်ကလေးသုံးကောင်မွေးထားတာ . . . အဲဒါကိုခိုးစားကြတယ်လို့. . သူကြီးကလည်း ကြက်သူခိုးကို ပေးနိုင်ဘူး . . ဒီလိုနဲ့ မကုလားမရဲ့ကြက်ပျောက်သွားခဲ့ရတယ်. . မင့်. . . . ဘယ်လိုကြောင့်ရယ်မသိဘူး . . သူကြီးတူ ဘခင်က

ဒေါ်ကုလားမရဲ့ကြက် နိုးပြီးသတ်စားမိလို့ဆိုပြီး အစားပြန်လာပေးသွား
တယ်"

"ဟဲ့. . အဲဒါ သူ့အမြင်မှန်ရလို့ လာပေးတာနေမှာပေါ့"

"ဘယ်ဟုတ်ရပါ့မလဲ. . ကြီးတော်ရယ် . . အလယ်ပိုင်းသားက
သူ့နိုးမှန်းသိလို့ ဒေါ်ကုလားမကို ကြက်အလျော်ပြန်ပေးဖို့ အလယ်ပိုင်
သားကပြောလို့ ကြောက်ပြီးလာပေးသွားတာပါ ကြီးတော်ရယ်. . အဲဒါ
ကြည့်လေ. . ဒါကိုအလယ်ပိုင်းသား မှားတယ်ပြောရပါ့မလား"

"အဲဒါကြောင့် သူကြီးက သူ့ကိုမျက်မုန်းကျိုးတာပေါ့အေ. . .
သူကြီးဆိုတာ ရွာရဲ့အကြီးဆုံး အာဏာအရှိဆုံး ပုဂ္ဂိုလ်လေ. . . သူ
အေ. . ဒေါ်ကုလားမနဲ့သူနဲ့ ဘာတော်လို့လဲ. . အနေသာကြီးရယ်.
နေလိုက်ပါကလား. . ခုတော့ သူကြီးကသူ့တူကို အဲလိုလုပ်ရပါ့မလား
ဆိုပြီး ပိုအမြင်ကပ်သွားတော့မပေါ့. . ."

"သူကြီးကလည်း ရွာသူရွာသားတွေကို အုပ်ချုပ်နိုင်ဖို့ မပြော
သူ့တူသားတွေကိုတောင် နိုင်အောင်မထိမ်းနိုင်ပေဘူး"

"ဟဲ့. . ဒါက သူ့သွေးသားတွေပဲအေ. . ဘက်လိုက်မှာပေါ့"

"အဲလိုတော့ ဘယ်ဖြစ်သင့်မလဲ ကြီးတော်ရယ် . . . ခြေ
မကောင်းခြေမ. . . လက်မ,မကောင်းလက်မပေါ့. . . အလယ်ပိုင်
သားကိုတော့ လူဆိုးစာရင်းထည့်ပြီး သူ့တူသားတွေကိုတော့ အရေး
မပြောနဲ့ ဆူပူကြိမ်းမောင်းတာတောင်မလုပ်ဘူး. . မဟုတ်တာလုပ်
ကိုသိလျက် မဟန့်တားဘူး. . ဟိုးတစ်နေ့ကလည်းကြည့် သူကြီးသ

းထော်' ထန်းရည်မူးပြီး ရေကန်မယ် ကျွန်မလက်ကိုလာဆွဲတယ်. . . စ်လို့ပါဟယ် ဘာညာနဲ့ ပြီးတော့အတင်းအဓမ္မလုပ်လာတယ်. . ဒီအချိန်မှာ အလယ်ပိုင်းသားက ရောက်လာပြီး သူကြီးသား 'ဦးထော်' ဆွဲထိုးလိုက်တယ်. . . ဦးထော်လဲ ခွေးပြေးဝက်ပြေး ပြေးတော့ ဘာလဲ. . . သူကအဲလို ကျွန်မကို ကူညီရတယ်ဆိုပြီး အခွင့်အရေးယူဖို့ နေသာသာ. . ကျွန်မကိုဘာစကား မှတောင်မပြောဘဲ သူ့လမ်းသူ က်သွားလေရဲ့"

"အော်. . အဲဒီကိစ္စ ငါခုမှသိရတယ်. . ဘာလို့ငါ့ကိုခုမှပြောရ ဘာလဲ"

"ကြီးတော်ကိုပြန်ပြောလို့ ဘာအကြောင်းထူးမှာလဲ. . ဒီကိစ္စနဲ့ ဘ်သက်လို့ ကြီးတော်ကကော သူကြီးကိုသွားတိုင်ဝံ့လို့လား"

"ဟဲ့. . သူကြီးကို မတိုင်ရဲပေမင့် ညည်းအတွက်တော့ဖြင့် ငါ ဖော်လုပ်ပေးလျှင်ဖြင့် ညည်းကိုနောက်ထပ်သူကြီးသားက လာနှောက် က်ဝံ့မှာတုန်း"

"မလိုပါဘူး ကြီးတော်ရယ်. . အလယ်ပိုင်းသားက သမာ မဘ်ကျကျ ဆုံးဖြတ်လာခဲ့တာကို သူကြီးသား ဦးထော်က မနာခံဘဲ နေဝံ့ပါဘူး ဟင်း. . ဟင်း. . ဟင်း"

သို့ဆိုသလို သူ့ကိုနားလည်သူရှိချေသေးတော့၏။

သို့နှယ်. . သူ၏မဟုတ်မခံစိတ်ကြောင့် လူသတ်မှုတစ်ခုဖြစ်ခဲ့ရ . . ထောင်နှန်းစံခဲ့ရတော့၏။

သာယာဝတီထောင်တွင် (၇)နှစ်တာကြာခဲ့ နေခဲ့ရချေတော့သည်။

(၇)နှစ်တာကာလထိ သာယာဝတီထောင်အတွင်း သူ၏ဘဝကို မြုပ်နှံခဲ့ရပြီးနောက် သူသည်လွတ်လပ်ခွင့်ရလာသည့်အခါ ရွာသို့ပြန်လာခဲ့တော့၏။

စမ်းရွာသည် သူမရှိခင် (၇)နှစ်တာကာလအတွင်း အပြောင်းလဲကြီး ပြောင်းလဲနေပြီကော။

ပို၍စည်ကားလာသည်။ ပို၍လူရှုတ်လာသည်ဟု ပြောရပေမည်။

သို့ပေမင့် . . သူပြန်ရောက်လာသည့်နေ့မှာပင် စမ်းရွာသည် ခြောက်သွေ့သွားပြန်တော့၏။

ကျီးလန့်စာစားဘဝမျိုး ရောက်သွားတော့၏။

ဘယ်လိုကြောင့် သို့ဖြစ်ရတာပါလိမ့်။

"အလယ်ပိုင်းသား ထောင်ကထွက်လာပြီဟေ့" ရယ်လို့ တီးတိုးပြောလိုက်သံတော့ဖြင့်ကြားရ၏။

သူ့ကိုဘာလို့ ကြောက်နေကြတာတုန်း။

သူ့ကိုဘာလို့ မဆက်ဆံချင်ရတာတုန်း။

ဘဝတက္ကသိုလ်ကြီးက သူ့ကိုပြုပြင်ပြောင်းလဲပေးလိုက်တာတွေလည်း သူလက်ခံကျင့်သုံးနေပြီပဲ။

သူပိုင်သိ ပိုလုပ်ဖြစ်သည်က 'သည်းခံခြင်း' တရားပင်ဖြစ်ချေတော့

နဂိုကလည်းသူ့ကို တစ်ရွာလုံးက ခပ်ခွာခွာ။

ထောင်ထွက်ဘဝနဲ့ ပြန်ရောက်လာတော့ ပိုဆိုးလေပြီပေါ့
သတိထားမိသည်မှာ သူနှင့်မျက်နှာချင်းဆိုင်လျှောက်လာသည့် လူ
သက်ကျား . . မိန်းမမဟူ မကြိုရလေခြင်းပင်ဖြစ်တော့၏။

စကားပြောဖို့ . . နှုတ်ဆက်ဖို့ဆိုတာက ဝေလာဝေး။

ရှိစေတော့ . . . ။

သို့ကြောင့် သူသည် ပိုနေမြဲ၊ ကျားနေမြဲ နေလိုက်တော့၏။
န်ကုန်ပြောရလျှင် မရေချမ်းတစ်ယောက်သည်ပင် သူနှင့်မျက်နှာချင်း
ိုင်လာခြင်းမရှိချေ။

သို့နှယ်မရေချမ်းနှင့် မျက်နှာချင်းဆိုင် မဆုံမတွေ့ရပေမင့်
ဝေးမှနေ၍ သူ့ကိုတစေ့တစောင်းကြည့်နေတတ်သော မရေချမ်းကို
ဘော့ဖြင့် သူသတိထားမိ၏။

သူသည် ယခင်ကထက်ပို၍ အထီးကျန်သွားတော့၏။

တစ်နေ့ သူသည် ရွာရှေ့ဖျားရှိ ထန်းရည်တဲတွင် မနက်က
ည်းက ရောက်နှင့်နေ၏။

ကြွက်ကြော်တစ်ကောင် . . ထန်းရည်နှစ်မြူဖြင့် ဇရက်မင်း
ည်းစိမ်ခံစားနေစဉ် . . .

"အလယ်ပိုင်းသားဆိုတာ မင်းလားကွ" ရယ်လို့ သူ့ပခုံးကိုပုတ်
က်ပြောလာသံကြောင့် လှည့်ကြည့်လိုက်၏။

သူ မမြင်ဖူးသော လူထွားကြီးတစ်ယောက်ဖြစ်၏။

မုတ်ဆိတ်ပါးသိုင်းများဖြင့် လူမိုက်ကြီးထင်ရဲ့ . . .။

ထိုမုတ်ဆိတ်သည် သူစားနေသည့် ကြွက်ကြော်ကို ဆွဲယူစားလိုက်ပြီး . . .

"ဖွီးလ်"ရယ်လို့ကပျာကသီထွေးထုတ်လိုက်၏။ ပြီးနောက် လွှင့်ပစ်လိုက်ကာ . . .

"မင်းလို ထောင်ထွက်တစ်ယောက်အတွက် ဒီကြွက်ကြော်က အတော်လေးစားကောင်းနေတယ်ဆိုပေမင့် ငါ့အတွက်တော့ဖြင့် . . . စားမကောင်းဘူးကွ" ရယ်လို့ ပြောလာခြင်းအတွက် မုတ်ဆိတ်သူ့ကို တမင်သက်သက်ရန်လာစသည်ကို သိလိုက်သည်ကြောင့် ထောင်းခနဲ ဒေါသထွက်သွားကာ မုတ်ဆိတ်ကိုထိုးကြိတ်သတ်ပုတ်ရန် စဉ်းစားလိုက်သည်။ သို့ပြား . . . . . . ခပ်လှမ်းလှမ်းရှိ မုတ်ဆိတ်၏ အပေါင်းအပါများကိုကြည့်လိုက်သည်တွင် သူ့ဆုံးဖြတ်ချက်ကို ကပျာကသီပြင်လိုက်ရတော့၏။

ဘယ့်တွက်မူ ထိုလူတစ်စုသည် စမ်းရွှာသားများဖြစ်နေခြင်း သူ့ကိုကြောက်လန့်တကြား ကြည့်နေကြခြင်းကြောင့်ဖြစ်သည်။

နို့မဟုတ်ခဲ့ပါမူ မုတ်ဆိတ်မြေပေါ်တွင် မှောက်နေလောက်ပြီပေါ့ သူရွှာနှင့်ပြဿနာဖြစ်လို့၊ သည်းညည်းခံရပေတော့မည်။ ထိုသည်ကား သူ့စိတ်အတွင်းမနေဖြစ်သည်။

သို့ပေမင့် . . .

"ဟိတ်ကောင်မင်းကို ဟိုဝိုင်းကလူတွေက ငယ်ကြောက်မို့ ငြိမ်နေပေမင့် ငါကတော့ မင်းကိုကောင်းကောင်းဆုံးမသင့်တယ်"

သို့ဆိုလျက် မုတ်ဆိတ်သည် သူ့ကိုလျှပ်တစ်ပြက်ဆိုသလို ထိုးတ်လာတော့၏။

သူ သည်းညည်းခံရပေတော့မည်။

ထစ်ခနဲဆို 'အလယ်ပိုင်းသား'ဆိုသကဲ့သို့ မဖြစ်လိုတော့ပြီ . . စ်ချက်ကလေးမှ လက်တုံ့မပြန်တော့ချေ။ သည်တော့ မြေကြီးပေါ်ဆိုင်ကျသွားရသူမှာ သူဖြစ်ချေတော့၏။

"ဟား . . ဟား . . ဟား . . ဟား . . ဟီး . . ဟီး . . ဟီး း . . ဟား . ."

"ဟား . . ဟား . . ဟား . . ဟား . ."

သို့နှယ်လှောင်ရယ်သံကြီးကိုသာ သူနောက်ဆုံးကြားလိုက်ရတော့၏။

လောကကြီးကို သူ ခဏမေ့လျော့သွားတော့၏။

သူသတိရလာသည်တွင် ထိုးကြိတ်ကန်ကြောက်ခံထားရလေသည်ကြောင့် တစ်ကိုယ်လုံးနာကျင်ကိုက်ခဲလို့နေတော့၏။

"အား . . အား . . ကျွတ် . . ကျွတ် . . ကျွတ်"

သူသည်သတိရလေသည်နှင့် ပတ်ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်၍န်းရည်တဲတွင် သူတစ်ယောက်တည်းရှိနေပါတော့ကလား။ မုတ်ဆိတ်ည်းမရှိတော့ချေ။ စမ်းရွာသားတွေလည်းမရှိတော့ချေ။ သူတို့တင်ပဲ

လားမဟုတ် ထန်းရည်ဆိုင်ပိုင်ရှင် ဦးပြုံးသည်ပင် မရှိတော့ချေ။

မှောင်စလည်းပျိုးနေချေပြီဖြစ်သည်ကြောင့် သူသည် ထန်းရည်တဲလေးမှနေ၍ ဒယီးဒယိုင်ဖြင့် သူတဲရှိရာရွာလယ်ပိုင်းသို့ အားပြုလျှောက် ပြန်ခဲ့လေတော့သည်။

သည်းခံခြင်းတစ်ခု သူအောင်မြင်သွားချေပြီ။

မုတ်ဆိတ်ဘယ်သူလဲ၊ ဘယ်ရွာကလဲဆိုတာ သူမသိလိုပြီ သိစရာလည်းမလိုပေပြီ။

စကားနည်းရန်စဲဆိုသလို ရန်ကိုရန်ခြင်း မတုန့်နှင်းလိုတော့ပြီ သို့ဆိုတော့ ပြီးပြီပေါ့. . .

မုတ်ဆိတ်ကို အများအမြင်အရ သူအရှုံးပေးလိုက်ရသည်ဟု ထင်ရပေမင့် သူ့အနေဖြင့်မူ သူတွက်အောင်ပွဲလေးတစ်ခုဖြစ်တော့၏၊ သူကျင့်ကြံခဲ့သည့် သည်းခံခြင်းတရားလေးက ဒေါသကို သိမ်းနိုင်ခဲ့လေသည်ပဲ။

ဒေါသကို သူနိုင်ခဲ့သည်ပဲ။

သူတဲသို့ပြန်ရောက်သည်တွင် အိပ်ယာထက်လှဲချလိုက်တော့သည်။

သို့ဖြစ်ရပ်ဖြစ်ခဲ့ပြီးနောက် သုံးရက်ခန့်အကြာတွင် အလယ်ပိုင်းသားနှင့် မုတ်ဆိတ်တို့၏ ရန်ပွဲအဆုံးအဖြတ် တိကျသောမှန်ကန်သော အဖြေမှန်ကို စမ်းရွာသားတို့သိသွားကြတော့၏။

"အံ့ပါရဲ့ . . အလယ်ပိုင်းသားကို သူမှီသွားရန်စဝံ့တယ်"

အလယ်ပိုင်းသားက ဘယ်လိုလုပ်လိုက်သည်မသိ. . မုတ်ဆိတ်တစ်ယောက် စမ်းရွာသို့ပင် လာ၍မရသော အခြေအနေသို့ ရောက်သွားရတော့၏။

"အလယ်ပိုင်းသားက ရက်စက်လိုက်တာ"

"မုတ်ဆိတ်တစ်ယောက် မျက်လုံးတစ်ဖက်ပျက်သွားလေရဲ့"

မုတ်ဆိတ်တစ်ယောက် သို့ဖြစ်သွားရခြင်းကို မည်သူမျှမသိလိုက်ကြချေ။ စမ်းရွာဖျားတွင် ဒဏ်ရာဒဏ်ချက်များစွာဖြင့် မျက်လုံးပျက်ကျမေ့နေသည်ကိုသာ သိလိုက်တွေ့လိုက်ကြ၏။ ဘယ်လိုကြောင့် သို့ဖြစ်ခဲ့ရသည်ကို မည်သူမျှမသိကြသလို မည်သူလုပ်လိုက်လေသည်ကို မုတ်ဆိတ်ကိုယ်နှိုက်ကပင် ပြောပြလာခြင်းပင် မရှိပါချေ။

သို့ပေမင့် အလယ်ပိုင်းသားလက်ချက်ပင်ဖြစ်ချိမ့်မည်ဟု. . တစ်ရွာလုံးကသတ်မှတ်လိုက်ကြတော့၏။

ယင်းမုတ်ဆိတ်ကိစ္စနှင့်ပတ်သက်၍ စမ်းရွာသားကာလသားအချို့က အလယ်ပိုင်းသားကို မကျေနပ်ကြချေ။

သူတို့၏ မိတ်ဆွေသူငယ်ချင်းကို သို့လုပ်ရက်လေခြင်းဟု အငြိုးထားလိုက်ကြတော့၏။

သို့ပေမင့်. . ပြောင်ပြောင်တင်းတင်း မဆန့်ကျင်ဝံ့ကြချေ။

ထိုအုပ်စုထဲတွင်သူကြီးသား ဦးထော်က အဆိုးဆုံးဖြစ်ချေတော့၏။ အလယ်ပိုင်းသားကို မည်သို့ဒုက္ခပေးရမည် တုန့်ပြန်ရမည်ကို တွေးနေတတ်သူဖြစ်တော့၏။

သည်သို့ဖြင့် တစ်နေ့ရွာနောက်ပိုင်းမှ ဦးသုတော်၏နိုင်းနွားကြီး တစ်ကောင်ပျောက်ခြင်းမလှ ပျောက်သွားတော့၏။

"ငါကိုရွာမယ် . . . ဒီအဖြစ်မျိုးတခါမှ မဖြစ်ခဲ့ဖူးဘူးကွာ. . ထောင်ထွက်အလယ်ပိုင်းသား ရောက်လာမှဖြစ်ရတယ်လို့"

"အမေ . . ဟိုတလောက . . အလယ်ပိုင်းသားတစ်ယောက် ကျွဲကူးရွာက နွားသူခိုးတွေနဲ့ ထန်းတောမယ်တွေ့မိတယ် အမေ . . မယုံလျှင် ကြည်သိန်းတို့ . . . ခင်ရွှေတို့ကို မေးကြည့်ပါလား"

သို့ဆိုလာတော့ သူကြီးသည် အလယ်ပိုင်းသားကို မသက်ာမှု ဖြင့် ဖမ်းဆီးချုပ်နှောင်ထိပ်တုံးခတ်ထားလေ၏။

"ဟိုတလောက မင်းကျွဲကူးရွာသား နွားသူခိုးတွေနဲ့ တွဲသွား တွဲလာ လုပ်နေတယ်ဆို"

သို့သူကြီးကမေးလေသည်တွင် အလယ်ပိုင်းသားကလည်း "ဟုတ်တယ် . . "ရယ်လို့ ဝန်ခံပြောခဲ့လေ၏။

"ဦးသုတော်နွားကို သူတို့ခိုးတာဖြစ်မယ်"

"အဲဒါတော့ ကျုပ်မသိဘူး"

"မင်းလက်ထောက်ချတာ ဖြစ်မယ်"

"အဲဒါလည်းမဟုတ်ဘူး"

"သူခိုးက ခိုးတယ်လို့ဘယ်ပြောပါ့မလဲ. . "ဆိုကာ အလယ်ပိုင်း သားကို ရဲဌာနပို့မယ်ချည်းလုပ်နေတော့၏။

သို့အလယ်ပိုင်းသားကို ချုပ်နှောင်ဖမ်းဆီးစစ်ဆေးနေစဉ်မှာပင်

းသူတော်၏နွားကို ဖျဉ်းမတောတွင် ပြန်တွေ့ကြတော့၏။

အသေကောင်ကိုတွေ့ခြင်းဖြစ်သည်။

နွားသူခိုးတို့၏လက်ချက်ဖြင့် သေဆုံးနေခြင်းမဟုတ်။

'ကျား'ကောင်ကို ကိုက်သတ်ထားခြင်းဖြစ်တော့၏။

ဝမ်းဗိုက်ဟောင်းလောင်းဖြစ်နေ၏။ အတွင်းကလီစာတို့မရှိကြ တော့ပြီ။ ပေါင်တစ်ချောင်းအသားတို့သည်ပင် မရှိကြချေပြီ။

ရွာခံမုဆိုးကြီးတာပလူး၏ အတွေ့အကြုံပြောပြချက်အရ 'ကျား' ကောင်လက်ချက်ဆိုသည်ကို သိကြလေတော့မှ အလယ်ပိုင်းသား ကို သူကြီးကချွင်းချက်မရှိ ထိပ်တုံးဖြုတ်ပေးလေတော့၏။

"မင်းက နာမည်ပျက်ရှိခဲ့တာကိုးကွ"ဆိုသည့်စကားကိုသာလျှင် သူကြီးက အလယ်ပိုင်းသားကို မျက်နှာလွှဲ၍ လေသံပျော့ပျော့ဖြင့် ပြော လိုက်ချေတော့၏။

"ရပါတယ်သူကြီးရယ်. . ကျုပ်ဝဋ်ကြွေးဆပ်လိုက်ရတယ်လို့ သဘောထားလို့ရပါတယ်. . ကျုပ်ကိုယ်နှိုက်ကလည်း တချိန်က ဆိုးပေခဲ့ တာကိုး. . ထောင်ထွက်ဖြစ်ခဲ့ရတော့လည်း ထစ်ခနဲဆို ကျုပ်လို့ဘွက် လိုက်ကြတာကိုလည်း အပြစ်မယူပါဘူးဗျာ. . "ရယ်လို့ အလယ်ပိုင်းသား ကလည်း ပြုံးပြုံးလေးပြောသွားရှာလေ၏။

သို့ပေမင့် သူကြီးသားဦးထော်တစ်ယောက် နောင်တစ်လကြာ အချိန်တွင် မုတ်ဆိတ်ဖြစ်သည့်နွယ် ဖျဉ်းမတောနားမှာပင် ဒဏ်ရာဒဏ် ချက်မြောက်များစွာဖြင့် မေ့မျောနေသည်ကို တွေ့လိုက်ကြရပြန်တော့၏။

သို့ဆိုတော့ သူကြီးသည် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွားတော့၏။

ဘယ်သူ့လက်ချက်မှန်းလည်းမသိ။

သားတော်မောင် ဦးထော်ကိုလည်း မေးစမ်းလို့မရပါချေ။

"မင်း. . အလယ်ပိုင်းသားကို ကြောက်စရာမလိုဘူး. . သူလုပ်တာလား. . ငါ့ကိုမှန်မှန်ပြော ငါဒီကောင့်ကို တစ်ခါတည်း ရဲလက်အပ်လိုက်တော့မယ်"

သည်သို့ဖြင့်. . ယင်းကိစ္စ. . ပြီးပျောက်သွားရပြန်တော့၏၊ သူကြီးမကျေနပ် နည်းနည်းကလေးမှ မကျေနပ် အလယ်ပိုင်းသားလက်ချက်မှလွဲ၍ မည်သူ့လက်ချက်မျှ မဖြစ်နိုင်ဆိုပေမင့်. . သက်သေရှာမရ၊ ပြမရ ခက်ပြီကော။

နေနှင့်ဦးပေါ့ အလယ်ပိုင်းသားရယ်လို့သာ ကြိတ်၍ကြိမ်းဝါးနေမိတော့၏။

သူကြီးမှအစ တစ်ရွာလုံးကသူ့ကိုမကျေနပ်ကြမှန်း အလယ်ပိုင်းသားကသိပေမင့် ဖြေရှင်းခွင့်မရ ဖြေရှင်းခွင့်လည်းမပေး ဖြေရှင်းလို့လည်း မရ။

သည့်နောက်ပိုင်း ရွာထဲတွင် အရှေ့ပိုင်းပဲဖြစ်ဖြစ်၊ အနောက်ပိုင်းပဲဖြစ်ဖြစ် အလယ်ပိုင်းပဲဖြစ်ဖြစ်. . ကျွဲနွားပျောက်လျှင်ဖြင့်သော်လည်းကောင်း၊ ခိုက်ရန်ဖြစ်ကြပြီဟေ့ဆိုလျှင်လည်းကောင်း သူကြီးသည် အလယ်ပိုင်းသားကို ဦးစွာခေါ်ယူစစ်ဆေးလေတော့၏။

တကယ်တမ်းကျတော့ ပြဿနာအဖြေမှန်ကို ရှာလို့မရ။ ဘရားခံအဖြစ်မှန်ကို ဖော်ထုတ်လို့မရ။

သို့ဖြစ်ရခြင်းသည် အလယ်ပိုင်းသားကိုသာ ရမယ်ရှာစူးစိုက်နေကြခြင်းကြောင့်ဖြစ်တော့၏။

မည်သို့ဖြစ်စေ. . အလယ်ပိုင်းသားရယ်လို့သာ မှတ်ယူထားလိုက်ကြတော့၏။

"အလယ်ပိုင်းသားရယ် နင်ဘာလို့ ငြိမ်ခံနေရတာလဲ. . နင့်ကို စွပ်စွဲနေကြတယ်. . ထစ်ခနဲဆိုနင်ပဲ. . စီကနဲဆိုနင်ပဲ. . နင်ထောင်ကိုအတော်ကလေးကြောက်သွားပြီလား . . အရင်ကဆို အဲလိုမဟုတ် ဘူး. . မဟုတ်မခံစိတ်ရှိတယ်"

မရေချမ်းက သို့နှယ်ပြောလာခြင်းကြောင့် အလယ်ပိုင်းသားသည် သူမကိုပြုံးစစနှင့်ကြည့်လိုက်ကာ . . .

"တစ်ရွာလုံးက ငါ့ကိုလက်မခံကြဘူး. . မယုံကြဘူး. . ဖြစ်ခဲ့သမျှတွေအားလုံး ငါလုပ်တာလို့ချည်း ထင်ကြတယ်. . ညည်းကကော ငါ့ကိုယုံလို့လား. . ဖြစ်ခဲ့သမျှတွေအားလုံး ငါလုပ်တာမဟုတ်ဘူး ဟုတ် တယ် ညည်းဘယ်လိုပြောနိုင်လဲ. . ."

သို့ သူကပြန်မေးလိုက်၏။

သည်တွင် မရေချမ်းသည် ရှည်လျားသောဆံပင်တို့ကို ရမ်းခါသွားအောင် ခေါင်းကိုလှည့်လိုက်ကာ. . .

"ငါကနင့်ကိုနားလည်နေတာကိုး"ရယ်လို့ ပြောပြီးသူ့အပါးမှ

ပြေးထွက်သွားတော့၏။

အလယ်ပိုင်းသားတစ်ယောက် မရေချမ်းကိုဘယ်လိုနားလည် ရမှန်း မသိဖြစ်သွားတော့၏။

သူ့ကိုနားလည်တယ်ဆိုပါကလား။

အလယ်ပိုင်းသားတစ်ယောက် ထောင်မှထွက်ပြီး ရွာသို့ပြန် ရောက်ကတည်းက ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင်ဆုံခြင်း၊စကား ပြောဖြစ်ခြင်းဖြစ်တော့သည်။

သူကော မရေချမ်းအပေါ် နားလည်ခဲ့လေသလားရယ်လို့ ကိုယ့်ကိုကိုယ် ပြန်လည်ဆန်းစစ်မိတော့၏။

တစ်ရွာလုံးက အလယ်ပိုင်းသားအပေါ် အမြင်မကြည်ကြပေ မင့် အလယ်ပိုင်းသားသည် တစ်ရွာလုံးအပေါ် နားလည်မှုပေးခဲ့၏၊ သည်းခံခဲ့၏ ဆိုပေမင့် မရေချမ်းသည် တစ်ရွာလုံးအပေါ် အမြင်ကြည် လင်ပုံမရ။

သူ့ကိုတော့ နားလည်တယ်ဆိုပါကလား။

တစ်နေ့သူသည် စမ်းရွာအထက်တောဘက်သို့ အမဲရှာရန် အလို့ငှာ ဝေလီဝေလင်းအချိန်တွင် ရွာမှထွက်ခဲ့တော့သည်။

ထိုနေ့က သူ 'ဆတ်'တစ်ကောင်ရခဲ့၏။

အတော်ကလေးအကောင်ကြီး၏ ညနေစောင်းလောက်တွင် အထက်တောမှသူပြန်ခဲ့တော့၏။

သူရလာသော ဆတ်ကောင်သေကြီးကို ပခုံးထက်တင်ထမ်း

သာတော့၏။

သူပျော်ရွှင်နေမိ၏။

သူတဲပြန်ရောက်လျှင် အသားဖျက်ရမည်။ အိမ်ပေါက်စေ့ ယိုက်ဝေငှရပေမည်။ သို့ဖြစ်၍ သူသည် တဲပြန်ရောက်သည့်တွင် ဆာ လောင်နေသည်ကိုပင် သတိမရ။ ညစာချက်ပြုတ်ကြခြင်းအမီ ပေးလို သည်ဖြစ်၍ နားပင်မနားလေဘဲ ဆတ်ကောင်ကြီးကို အရေခွာ အသား ချက်နေလေတော့၏။

သို့ရှိစဉ် ရွာလမ်းပေါ်မှ ရေးကြီးသုတ်ပြာ သူ့ထံလာနေသော မရေချမ်းကို လှမ်းမြင်လေသဖြင့် . . .

"ရေးကြီးသုတ်ပြာနဲ့ နင်ဘယ်လိုဖြစ်လာတာတုန်း"

သို့ အလယ်ပိုင်းသားက မေးလိုက်၏။

သူ့အမေးကို မရေချမ်းက မဖြေသေးဘဲ သူ့ကိုအံ့ဩတကြီး ကြည့်နေလေပြီး . . .

"ဟင် . . . နင်ဘာမှမသိဘူးလား . . ရွာမယ်ပြဿနာကြီးဖြစ် နေပြီ" ရယ်လို့ ကတုန်ကယင်ပြောလာတော့၏။

"ဘယ်လိုပြဿနာကြီးဖြစ်ပြန်ပြီလဲ . . ဘာပြဿနာဖြစ် ဖြစ်ပေါ့ဟာ . . ငါနဲ့ဘာဆိုင်တာမှတ်လို့ . . ညည်းနဲ့လည်းမဆိုင်ဘူး ဟုတ်လား . . တဲ့ . . အဲဒါတွေပြောမနေပါနဲ့ ငါလဲမသိချင်ဘူး . . နင်ငါ့ကို ကူညီစမ်းဟာ . . ဆတ်သားတွေကို ဟင်းတစ်ခါချက်စား အသားတွဲတွေ ဝိုင်းကူလုပ်ပေးစမ်းပါမယ် . . ညစာချက်အမီ လိုက်

ဝေချင်လို့ပါ"

သို့ အလယ်ပိုင်းသားကပြောလိုက်သည်တွင် မရေချမ်းသည် အလယ်ပိုင်းသားကို လူထူးလူဆန်းတစ်ယောက်နှယ်ကြည့်လိုက်ပြီး . . .

"အံ့ပါရဲ့ဟယ် . . . နင်ထောင်ထဲမှာ အရိုက်အနှက် အကာ အကျောက်တွေခံခဲ့ရလို့များ ဦးနှောက်ပျက်သွားပြီလား. . . နင့်ကို ကြည့်ရတာ ငါအားမရလိုက်တာဟယ်. . နင့်ကိုတစ်ရွာလုံးက. . . အရေခွံခွာကြတော့မယ်. . . အဲဒါများ နင်ကသူတို့စားဖို့ ဟင်းလျာသွား ပေးချင်သေးတယ်ဟုတ်လား" ရယ်လို့ ဒေါသသံလေးနှင့်ပြောလာတော့ ၏။

"ဟဲ့. . ဘာလို့ငါ့ကို အရေခွံ ခွာချင်ရတာတုန်း"

"သူကြီးကို နင်သတ်တာဆိုပြီး တစ်ရွာလုံးက မကျေမနပ်ဖြစ် နေကြပြီ"

"ဘာ. . ဘယ်လို . . ဘယ်သူကြီးကို ငါကသွားတတ်ရတာ တုန်း"

"ဘယ်သူကြီးရှိရမှာလည်း ငါတို့သူကြီးပေါ့ဟဲ့ . . ဦးထော အဖေ သူကြီး 'စောခွီး'လေ"

"ဘာ. . . ဘယ်လို သူကြီးကိုဘယ်သူက သတ်တာလဲ. . . ဘယ်တုန်းကလည်း ဘယ်လိုဖြစ်ရတာလဲ. . . ငါခုလေးကမှ အထ တောကပြန်လာတာပါဟာ"

"အေး . . အဲဒါကို သူတို့ကမသိဘူး. . သူကြီးကို နင်သတ်

လို့ပဲပြောနေကြတယ်. . ခုလေးတင် ငါ့အဲဒီကလာခဲ့တာ. . ဒီတစ်ခါ
တော့သူတို့ နင့်ကိုအလွတ်ပေးတော့မှာမဟုတ်ဘူး . . နောက်ပြဿနာ
နောက်မှရှင်းမယ်တဲ့ လောလောဆယ်နင့်ကို သူတို့ သတ်ပစ်တော့မယ်တဲ့
နင်ဟာမိန်းမဆွာကောင်တဲ့ ထောင်ထွက်လွတ်လာ. . . ရွာပြန်ရောက်ခဲ့ပြီး
ကတည်းက ရွာမယ်ပြဿနာတစ်ခုပြီးတစ်ခု တက်တော့တာပဲတဲ့. . ခု
သည်းကြည့် ရွာလူကြီးကိုသတ်တဲ့အထိတောင် ဖြစ်လာပြီတဲ့"

"အို. . ငါမှမဟုတ်တာ. . . ငါဒီရွာကနေ ဘယ်မှမသွားနိုင်
ပါဘူး သူတို့ရောက်လာလျှင်အတော်ပဲပေါ့. . သူတို့ညစာအတွက် ဆတ်
သားတွေပေးလိုက်တာပေါ့"

"ဟာ . . ."

မရေချမ်းတစ်ယောက် အတော်ကလေးစိတ်ပျက်သွားတော့၏။

"အလယ်ပိုင်းသားရယ် ငါပြောတာယုံစမ်းပါ . . ငါပြောသလို
လုပ်စမ်းပါ. . နင်ဟာလေ အတော်ထူးဆန်းတဲ့လူပေပဲ. . . ထောင်က
ထွက်လာတာ နင်အရင်က အလယ်ပိုင်းသားမှ ဟုတ်ရဲ့လားဟယ်. . .
ဟာ. . . ဟိုမယ်. . ပြောရင်းဆိုရင်းလာနေကြပြီ"

အလယ်ပိုင်းသားသည် ရွာလမ်းမကြီးသို့ လှမ်းကဲကြည့်လိုက်
၏။

တုတ်. . . ဓား. . . ကိုယ်စီနှင့် လူစုလူဝေးနှင့်ပါကလား ဒေါသ
အမျက်ထွက်နေကြပုံပင်။ မရေချမ်းပြောသလို တကယ်ပဲသူ့ကို သတ်ဖို့
လာနေကြပြီပဲ။ သူ မရေချမ်းကို လှမ်းကြည့်လိုက်၏။

"တဲ . . ငါပြောတာယုံပြီလား . . နင်သွားပါတော့ဟယ် . . ကိုယ်လုပ်လို့ ကိုယ်ခံရတယ်ဆိုလျှင် တန်ပါသေးတယ် . . ကိုယ့်ကြောင့် မဟုတ်ဘဲနဲ့ ကိုယ်အသားလွတ်ခံရတာကြီးမျိုးက မကောင်းပါဘူး"

မရေချမ်းပြောတာလည်း ဟုတ်လို့နေပြန်၏။

သို့ဖြစ်၍ သူသည် သူ၏ဒူးလေးကြီး လှမ်းယူလိုက်ပြီး စမ်းနှ အနောက်တောဘက်ဆီသို့ လျှပ်တစ်ပြက်ပြေးသွားလေတော့၏။

သည်တော့မှ မရေချမ်းသည် သက်ပြင်းချနိုင်တော့၏။

"ဟင်း . . . "

ရယ်လို့သက်ပြင်းချလိုက်ပြီး သူမသည်လည်း ထိုလူစုရောက်လာမီ ထိုနေရာလေးမှ ပြေးထွက်ခဲ့လေတော့သည်။

မရေချမ်းထွက်သွားပြီး မကြာမီထိုနေရာလေးသို့ တုတ်၊ ဓား လက်နက်ကိုင်လူတစုရောက်လာကြတော့၏။

"တောက် . . . ဒီကောင်ပြေးပြီ"

"ဘယ်လိုသတင်းရသွားလဲမသိဘူး"

"ဒီမယ် . . ဆတ်သားတွဲတွေပါကလား . . . အတော်ပဲတို့ေ ယူသွားကြမယ်"

"ဟာ . . မလုပ်နဲ့ မလုပ်နဲ့ . . မယူကြနဲ့ . . ဒီကောင်ကယုံရတ မဟုတ်ဘူး . . . သူ့ကို တို့သတ်မယ်ဆိုတာသိလို့ ဒီဆတ်သားတွေမ အဲဆိပ်ဖြူးချင် ဖြူးထားနိုင်တယ်"

"အေး . . ဟုတ်တယ် အစားလေးတစ်လုပ်နဲ့ အဖြစ်မခံနိ

...ချီး . . . "

သို့ဆိုလျက် ထိုလူတစုသည် အလယ်ပိုင်းသား၏တဲခြံဝန်း ...ဆီသို့က် နှံ့နှံ့စပ်စပ်ကြည့်လိုက်ကြပြီးနောက် သူကြီးအိမ်သို့ပြန်သွားကြ ...တော့၏။

သူတို့ပြန်သွားကြပြီးနောက် အတန်ငယ်အကြာတွင် ရွာခွေး ...င်အုပ်ရောက်လာကြတော့၏။

ကျီးကန်းကောင်တို့ ရောက်လာကြတော့၏။

ပုရွက်ဆိတ်ကြီးငယ်တို့ စီတန်းရောက်လာကြတော့၏။

ယင်မည်းကြီးများ အုံနှင့်ကျင်းနှင့်ရောက်လာကြတော့၏။

ထိုသတ္တဝါတို့အားလုံးသည် ဆတ်သားတို့ကို အနှောက်အယှက် ...င်းစွာ အားပါးတရ တဝစားလိုက်ကြပြီး ထိုနေရာလေးမှ ထွက်သွား ...ကြပြန်တော့၏။

မည်သည့်သတ္တဝါကောင်မျှ သေဆုံးခြင်းမရှိကြပါချေ။

သို့ဆိုပါလျှင် ထိုဆတ်သားတို့တွင် သတ္တဝါကောင်တို့ကို သေ ...နိုင်သော အဆိပ်မပါသည်မှာ သေချာပေပြီဖြစ်တော့သည်။

အော်. . အသိဉာဏ်ရှိပါသည်ဆိုသော လူသားသတ္တဝါတို့ သည် ...သယစိတ်ကြောင့် နစ်နာဆုံးရှုံးကြချေပြီဖြစ်သည်။

သည်သို့ဖြင့် . . . အလယ်ပိုင်းသားသည် စမ်းရွာအနောက် ...ာသို့ ရောက်လာခဲ့ရတော့၏။

စမ်းရွာကို သူသံယောဇဉ်ရှိပါသည်။ သူ၏ဇာတိချက်မြုပ်ရွာ၊

သူ၏မိဘနှစ်ပါး ခေါင်းချသွားသောရွာ။

ဘယ်လိုကြောင့်များ အမှန်တရားကို လက်မခံချင်ကြပါလိမ့်။

မှန်ကန်ခြင်းကြောင့် ရဲရင့်သူကို ဆိုးသွမ်းသူဟု သတ်မှတ်ချင်ကြပါလိမ့်။ ဘယ်သူမှားလို့ ဘယ်သူမှန်ပါလိမ့်မလဲ။

သို့ဆိုတော့ ကံကြမ္မာရယ်လို့သာ အလယ်ပိုင်းသား မှတ်ယူလိုက် လေတော့သည်။

သည်သို့ဖြင့် အနောက်တောတွင် သူအခြေချခဲ့တော့၏။

လွန်စွာမှုကြီးမားကာ ဂွဆုံကောင်းကောင်းရှိပြီး အကိုင်းအခက်ဖျာနေသည့် တညင်းပင်အိုကြီးပေါ်တွင် သူလင့်စင်သဘောထိုးလိုက်၏။ အဆင်းအတက်အလို့ငှာ နွယ်ကြိုးလှေခါးလုပ်လိုက်ရုံဖြင့် သူ့တွက်နားနေ အိပ်စက်စရာအပြင် သူ၏အသက်အန္တရာယ်လုံခြုံးကိုပင် ရလိုက်တော့၏။

တောဆင်ရိုင်းတို့၏ ရန်ကိုလည်း မကြောက်ရပေ။

သားရဲကောင်တို့၏ အန္တရာယ်မှလည်း ကင်းဝေးချေ၏။

ဟန်ကျသေးတော့၏။ သို့ဆိုပေမင့် . . အကိုင်းအခက်တို့ထ
မှ ညအိပ်တန်းဝင် ကျေးငှက်တို့၏ မပြောပလောက်သော ဒုက္ခပေးလ
ခြင်းကြောင့် အနီးတဝိုက်တွင် တောင်ထန်းရွက်တို့ကိုရှာ၍ အပင်ပေါ်
ခက်ခက်ခဲခဲ ထမ်းတင်၍ အမိုးလုပ်လိုက်လေတော့မှ ထိုဒုက္ခကင်းဝေး
ရလေတော့၏။

ငှက်ချေးနံ့ကိုတော့ဖြင့် သူ့ရွှံရှာမိသည်ဆိုပြား သူအရင်ရော

ာာ အိပ်တန်းပြုကြတော့ ကျေးငှက်တို့ကိုမှ သူမတရားမလုပ်လိုချေ။
ိုပေမင့် . . . သူရောက်လေပြီး သုံးလေးရက်အကြာတွင် ကျေးငှက်တို့
ိပ်တန်းပြောင်းသွားကြချေတော့၏။

သည်တွက်တော့ဖြင့် သူစိတ်မကောင်းဖြစ်မိသေးတော့၏။
းရှာသားတွေလိုပါပဲလား။

သူ့ကိုနားမလည်ကြပါကလား . . .။

အနောက်တောတွင် လူသားဆိုလို့ သူတစ်ယောက်တည်း၊ ရံခါ
သလိုတော့ဖြင့် ဖြတ်သွားဖြတ်လာ တောမုဆိုးတို့ကို သူတွေ့ရ၏။

သူတို့ကတော့ သူ့ကိုမြင်ကြလိမ့်မည်မဟုတ်။ မမြင်အောင်
ည်း သူကပုန်းလျှိုးကွယ်လျှိုးနေခဲ့သည်ပဲ။

လူတွေကို အဖော်မပြုလိုတော့ပြီ။

သူ့ဘဝ သူ့သက်တမ်းတလျှောက် စားလိုက်အိပ်လိုက်နှင့်သာ
ချိန်ကို ကုန်လွန်စေတော့မည်ဟု တွက်ထားပြီဖြစ်တော့၏။

သည်တော့သူသည် မနက်ဆိုလျှင် ဒူးလေးကို ပုန်းထက်ထမ်း
အမဲရှာထွက်၏။

သားကောင်ရလျှင် လုံခြုံသော တစ်နေရာတွင် အသားဖျက်
ာင်လေတော့၏။ ကြုံလျှင်ကြုံသလို သစ်သီးသစ်ဥတို့ကိုလည်း ရှာဖွေ
းဆောင်းတတ်၏။

သူ၏လင့်စင်တဲနှင့် အတော်လှမ်းသောနေရာလောက်ဆီမှ
ာက်သုံးရေကို ဝါးဆစ်ဗူးဖြင့် ထည့်ကာခက်ခက်ခဲခဲ လင့်စင်တဲပေါ်

တင်၍ သိုလှောင်ထားတတ်၏။

ရေချိုးခြင်းအမှုကိုမူ အမဲလိုက်သွားရင်း ကြုံရာချောင်းမြောင်း ရေအိုင်တို့တွင်ပြုတတ်၏။

သို့ဆိုတော့ အလယ်ပိုင်းသား၏ဘဝက စိုပြေလို့နေတော့၏၊

ရံခါဆိုသလိုတော့ဖြင့် သူ့ကိုနားလည်သည်ဆိုသော မရေချမ်း ကိုသတိရမိသေးတော့၏။

သို့အနောက်တောအတွင်း အထီးကျန်ဆန်ဆန်နေခဲ့ရာ ရက်ကွာအလို့ငှာ အမဲရှာထွက်လေ့ရှိရာမှ တောခွေးတစ်အုပ်နှင့် ဆုံရခြင်းဖြစ်တော့၏။ ထိုတောခွေးတစ်အုပ်တွင် အမွေးဖြူခွေးတစ်ကောင် အုံ့ဖွယ်တွေ့ရ၏။ မှတ်မှတ်ရရသူသိနေ၏။

တိုက်ဆိုင်လေသည်လားတော့မသိ။

တောခွေးတစ်အုပ် ဆူဆူညံညံအသံကြားလျှင်. . သူ့ရှေ့ သားကောင်တစ်ကောင်ရောက်လာမြဲဖြစ်၏။

သူ့တွက် သားကောင်တို့ကို တောခြောက်ထုတ်ပေးသလို ဖြ တော့၏။

တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ် . . .။

သူသည်လည်း ရရှိသောသားကောင်ကို တစ်ကောင်လုံး ယူ ယူထမရှိ။ လိုအပ်သလောက် အသားဆိုင်တို့ကို လှီးဖြတ်ယူပြီး တော အုပ်အတွက် ပွဲတော်တည်ရန်အလို့ငှာ ထားတတ်၏။

တိရစ္ဆာန်နှင့်လူသားနားလည်မှု ရယူကြခြင်းအစဖြစ်တော့၏

သူသတိထားမိသလောက် အမွှေးဖြူတောခွေးသည် တောခွေးအုပ်၏ ခေါင်းဆောင်ဖြစ်ချိမ့်မည်။

▲▼▲▼▲▼▲▼

စမ်းရွာအနောက်တော၏ ကန့်ကျွန်းချောင်းတွင် စမ်းရွာသား မုဆိုးအောင်စိုးနှင့် ဖိုးထိန်တို့သည် တစ်နေကုန်လှ တောတိုးခဲ့ကြား မည်သည့်သားကောင်မှ မရလေသည်ကြောင့် စိတ်ပျက်စွာဖြင့် ချောင်း နံဘေး ဘင်္ဂပင်ကြီးအခြေတွင် နားနေထိုင်နေကြရင်း ရွာအနောက်ပိုင်း ဒေါ်မျှင်ရောင်းသော ချက်အရက်တစ်လုံးကို သောက်လိုက်ကြတော့၏

"သားကောင်လေးများ ရလေမလားလို့ အကြွေးဝယ်လာ တယ် . . ခုတော့ သူ့ချည်းသက်သက် ရေရောသောက်နေရတာ မနိ ဘူးကွာ"

**သုခုမစာစပေတိုက်**

သို့ဆိုသလို . . . ဖိုးထိန်က ဝါးခွက်တွင်းမှ အရက်ကိုတစ်ငုံစုပ် သောက်လိုက်ရင်းပြောလေ၏။

"အချိန်ရှိပါသေးတယ်ကွာ. . . . နည်းနည်းဆီချပြီးလျှင် သားကောင် ထပ်ရှာကြသေးတာပေါ့"

"ငါတော့ လက်လျှော့လိုက်ချင်ပြီး အောင်စိုးရာ . . ကနေ့ တော့ဖြင့် သောက်ပြီးနားနေတာ အကောင်းဆုံး ဖြစ်လိမ့်မယ်ထင်တယ်"

သို့ပြောလာသည့် ဖိုးထိန်ကို အောင်စိုးက မမှိတ်မသုန်ကြည့် လိုက်ကာ ဝါးခွက်ကို ကောက်ယူမော့လိုက်လေပြီး . . .

"ဟူး . . ဘယ်လိုဖြစ်နိုင်မှာလည်းကွာ. မင်းကတစ်ယောက် ည်းသမား အကြောင်းမဟုတ်ပေမင့် . . ငါ့မိန်းမနဲ့သမီးက ငါပြန် အလာကိုစောင့်နေကြမှာကွ. . ကနေ့မှဖြစ်ရတယ်လို့ကွာ. . ဘာ သား ကောင်မှ မတွေ့ဘူး. . အိမ်မှာလဲ ဆီ၊ ဆန်၊ ဆား၊ ငြုပ် အားလုံးပြတ်နေ ပြီး . . သားကောင်လေးတစ်ကောင်ရလေမှ ဖြစ်မှာပါကွာ"

"နို့ဖြင့်လည်း လာသွားကြမယ်ကွာ"ဆိုလျက် ဖိုးထိန်သည် ထိုင် ရာမှ ထလိုက်လေတော့သည်။

သို့ဖြင့် ဖိုးထိန်နှင့်အောင်စိုးသည် ထိုနေရာလေးမှ ထွက်ခဲ့ကြ ပြန်သည်။

အရက်ကလေးကလည်း သောက်ထားကြသည်ဆိုတော့ အာ ုက်လို့နေ၏။ ခြေသွက်လို့နေ၏။ တက်ကြွလို့နေ၏။

ကန့်ကျုံ့နီချောင်းအတိုင်း စုန်ဆင်းခဲ့ကြရာမှ ဖျဉ်းကတိုးပင်များ

အစုလိုက်ပေါက်နေသည့် မြေပြန့်ချောင်းကမ်းပေါ် တက်လိုက်ကြ၏။

သို့ဖြင့် ပျဉ်းကတိုးတောအတွင်းလှည့်ပတ် လျှောက်လိုက်ကြ ပြန်၏။

"ဖိုးထိန် . . ဟိုမယ် . . ဟိုမယ်"

အောင်စိုးက ရှေ့မှသွားနေသော ဖိုးထိန်ကို လှမ်းအော်ပြေ ရင်း သူ့လက်တွင်းရှိ နှစ်လုံးပြူးသေနတ်ဖြင့် သားကောင်ကို လှ ချိန်လိုက်၏။

သည်တော့မှ ဖိုးထိန်သည် အောင်စိုးပစ်ခတ်ရန် ချိန်ရွယ်ထား သော သားကောင်ကိုမြင်လိုက်တော့၏။

"ဘုရားရေ. . ဆတ်ကောင်ကြီးပါကလား . . ဦးချိုကားကာ ကြီးနှင့် လှသေးပြန်ရဲ့"

"တိုးတိုးပြောစမ်းပါကွာ . . ဟိုမယ်. . ခေါင်းဆတ်နားစွင့် လေရဲ့"

အောင်စိုးသည် သို့နှယ်ပြောလည်းပြော မှဆိုးဒူးထောက်ထ ကာ ပစ်မှတ်ကိုစိတ်တိုင်းကျ ချိန်ရွယ်နေတော့၏။

သေချာလောက်ပြီဆိုသည်နှင့် မောင်းထိန်းခလုတ်ကို ဆွဲညှ လိုက်လေတော့၏။

"ဒိန်း"

"ဟာ"

"ဟင်"

ပစ်မှတ်လွဲချော်သွားလေ၏။ ဆတ်ကောင်ကြီးသည် ယမ်းအား ခေါက်ကွဲသံကြားသည်နှင့် နောက်ဘက်သို့လှည့် တချိုးတည်းပြေးထွက်သွားတော့၏။

"တောက်. . ပစ်ခွင့်ရလျက်နဲ့ လွဲချော်သွားရတယ်လို့ကွာ"

သူ့ကိုယ်သူ မကျေမနပ်ဖြစ်ပြောလျက် ထိုနေရာလေးမှ ထရပ်လိုက်တော့၏။

"ဘယ်တတ်နိုင်မှာလဲကွာ. . တို့ကိုက ကံခေနေတာကလား"

ဖိုးထိန်က သို့နှယ်ပြောပြီး ထိုနေရာလေးမှ ဦးဆောင်ထွက်သွားလေသဖြင့် အောင်စိုးသည်လည်း မကျေမနပ်ဖြစ်လျက် ဖိုးထိန်နောက် နွေးကွေးသော ခြေလှမ်းများဖြင့် လိုက်ပါသွားတော့၏။

"ဝုတ် . . ဝုတ် . . ဝုတ်"

"ဝုတ် . . ဝုတ် . . ဝု ဝူး . . ဝုတ် ဝူး"

သို့လျောက်ခဲ့ရာမှ ခွေးတစ်အုပ်အသံကြောင့် ရှေ့မှသွားနေသော ဖိုးထိန်သည် ခြေလှမ်းတန့်သွားကာ ခွေးသံများပေါ်ထွက်လာရာ တောင်ကြောစွယ်လေးသို့ လှမ်းကဲကြည့်လိုက်ပြီး . . .

"တောခွေးတစ်အုပ်ကွ . . ဆူညံနေတာပဲ. . သားကောင်ရထားလို့နေမယ်" ရယ်လို့ နောက်မှလိုက်လာသော အောင်စိုးကိုလှည့်ပြောလေ၏။

"အေးကွ. . အဲဒီသွားကြမယ်. . သူတို့ရထားတဲ့ အကောင်လတ်လတ်ဆတ်ဆတ်ဆိုလျှင်ဖြင့် ငါတို့အဆင်ပြေလှောက်ပါရဲ့"

သို့ပြောလာသည့် အောင်စိုးကို ဖိုးထိန်က အံ့ဩစွာကြည့်လိုက်မိ၏။

အောင်စိုးတစ်ယောက် အကြံကုန် ဂဠုန်စားချက်လေပြီကိုသိလိုက်လေသည့်ကြောင့် အင်းလေသူ့မယ် သားနဲ့မယားနဲ့ပေကိုးရယ်လို့ တွက်ဖြေသိမ့်လိုက်ပြီး တောခွေးများဆူညံနေသည့် တောင်ကြောစွယ်လေးသို့ ခြေဦးတည့်လိုက်လေတော့၏။

အောင်စိုးသဘောအရ သေနတ်တစ်ချက်ဖေါက်လိုက်ရုံဖြင့် တောခွေးတို့ရရှိထားသော သားကောင်ကို သူတို့လွယ်လွယ်နှင့်ရယူနိုင်ပေသည်။

သို့လုပ်ရပ်သည် မလုပ်ကောင်းသော လုပ်ရပ်ဖြစ်ငြား ကမ္ဘာမီးလောင်သားကောင်ချနင်းရပေတော့မည် မဟုတ်ပါကလား။

အောင်စိုး၏လုပ်ရပ်ကို သူအားမပေးချင်ပေမင့် ဖခင်နှင့်လင်သားပြန်အလာကို မျှော်လင့်တကြီးစောင့်နေကြမည့် အောင်စိုး၏ အရွယ်မရောက်သေးသော သမီးနှင့်မိန်းမမျက်နှာကို တွေးမြင်လိုက် သည့်ကြောင့် မည်သို့မျှ စောဒကမတက်လေတော့ဘဲ သူကပင်ဦးဆောင် လိုက်လေခြင်းဖြစ်တော့၏။

“ဝူ ဝူး . . ဝုတ် . . ဝုတ်”

“ဝူး . . အီး . . အီး . . အီး . . ဝုတ် . . ဝူ ဝူး”

အလိုလေးဗျာ သူတို့ပစ်လိုက်၍ လွဲချော်သွားသော ဆတ်ကြီးပါကလား တောခွေးတစ်အုပ် ဝိုင်းဝန်းကိုက်ခဲနေလေသည့်ကြားမှ

သုံ့ရှားရှန်းကန်လို့ပါကလား . . မသေသေးပါကလား. . ဟန်ကျလိုက်လေခြင်း။

ဖိုးထိန်သည် လက်တွင်းရှိ တူမီးသေနတ်အိုကို ထိုခွေးအုပ်ရှိရာသို့ လှမ်းထိုးချိန်လိုက်ကာ မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်တော့၏။

"ဒိန်း"

ယမ်းအားပေါက်ကွဲသံကြောင့် ခွေးတို့သည်ကြောက်လန့် တကြားပြေးထွက်သွားကြသည်ဆိုပေမင့် ဝေးဝေးလံလံသို့ ပြေးထွက် သွားကြခြင်းမဟုတ်မူဘဲ အတော်လှမ်းလှမ်းနေရာလောက်သို့သာ ပြေးသွားကြခြင်းဖြစ်ပြီးရပ်တန့်လိုက်ကာ ဆတ်ကောင်ရှိရာသို့ ပြန်လှည့် ကြည့်ကြပြန်၏။

ထိုတောခွေးအုပ်စုမှ နှစ်ကောင်မျှသော တောခွေးသည် အရဲစွန့်ကာ ဆတ်ကောင်ရှိရာသို့ လာနေပြန်တော့သဖြင့် အောင်စိုး သည် သူ့လက်တွင်းရှိ နှစ်လုံးပြူးသေနတ်ဖြင့် လှမ်းပစ်လိုက်တော့၏။

"ဒိန်း"

"ကိန်"

အောင်စိုးပစ်လိုက်သော ကိုးလုံးကျည်တောင့်မှ တစ်လုံးသော ခဲသီးသည် နောက်ပြန်လှည့်လာသော တောခွေးနှစ်ကောင်အနက် တစ်ကောင်၏ ခန္ဓာကိုယ်တွင်းဝင်သွားလေသည်ကြောင့် ထိုတောခွေးကောင်သည် ခွေလဲကျသွားတော့၏။ သည်တော့မှ ကျန်တောခွေးတစ်အုပ်သည် ကြောက်လန့်တကြား အဝေးသို့ပြေးသွား ပျောက်ကွယ်သွားကြတော့၏။

"မင်းကွာ. . ခြောက်ပစ် ပစ်လျှင်လည်းရလျက်နဲ့ ဘာလို့တည့်ကြီးပစ်လိုက်ရတာလဲကွာ"

ဖိုးထိန်က သို့နှယ်အောင်စိုးကို ပြောပြီး အသက်ငင်နေသောတောခွေးကောင်နားသွားလိုက်၏။

"သူ့အစာကိုလည်း လုသေးတယ်. . သူ့အသက်ကိုလည်း သတ်သေးတယ်. . မင်းဟာ မုဆိုးစည်းဖောက်လိုက်တာပဲကွာ"

သို့နှယ် တဗျစ်တောက်တောက်ပြောနေပြန်သေးတော့၏။

"ငါလဲ. . သားကောင်ရလို ဆန္ဒဇောကြောင့် လုပ်လိုက်ရတာပါကွာ. . နောက် ငါမလုပ်တော့ပါဘူး. . ဒီတခါတော့ ငါ့ကိုခွင့်လွှတ်လိုက်စမ်းပါ"

အောင်စိုးသည် ဆတ်ကောင်နားသွားရင်း ပြောလိုက်၏။

သည်တော့လဲ ဖိုးထိန်က သူငယ်ချင်းဖြစ်သူ အောင်စိုး၏ အခက်အခဲကို နားလည်ခွင့်လွှတ်လိုက်ရပြန်တော့၏။

"ကဲ. . လာကွာ. . အချိန်ရှိတုန်း . . . ဆတ်ကောင်ကြီးကို ထမ်းပြန်ကြစို့"

သို့ဆိုလျက် ဖိုးထိန်သည် အနားရှိမျှင်ဝါးတစ်လုံးကို ခုတ်လိုက်၏။

သည့်နောက် နွယ်ပင်တို့ကိုလည်း လိုအပ်သလောက် ခုတ်ဖြတ်လိုက်ကာ ဆတ်ကောင်ကို ဝါးလုံးလျှိုတုတ်နှောင်၍ ရှေ့တစ်ယောက်နောက်တစ်ယောက် သက်သောင့်သက်သာ ထမ်းပိုးလာခဲ့ကြတော့၏။

ရှေ့မှနေ၍ ဝါးလုံးကို ထမ်းရင်းရှင်လန်းတက်ကြွနေသည့်

ောင်စိုးကိုကြည့်ပြီး ဖိုးထိန်တစ်ယောက် ကျေနပ်ပီတိဖြစ်မိတော့၏။

အောင်စိုးအိမ်အပြန် မျက်နှာပန်းလှချေပြီပေ့ါ။

သို့လျှောက်ခဲ့ကြရာမှ မိကျောင်းချောင်းမကြီးသို့ ရောက်ရန်

ဘို့လျှောက်လာသော တောင်ကြောလေးမှ မြောင်းအတွင်းဆင်းလိုက်

တော့၏။

သူတို့ရောက်နေသော မြောင်လေးသည် မိကျောင်းချောင်းရေ ကျ

င်တော့၏။

မိကျောင်းချောင်းတွင်းရောက်လျှင် သူတို့သက်သောင့်သက်

ာ ဖြစ်ရန် နားနေလျှောက်၍ရချေပြီ။

သို့ဖြင့် အောင်စိုးနှင့်ဖိုးထိန်သည် ဆတ်ကောင်ကြီးကို ထမ်း၍

မြောင်လေးအတိုင်းလျှောက်ခဲ့ကြရာမှ. . .

"ဝုတ် . . ဝုတ် . . ဝုတ်. . ဝုတ်"

"ဝုတ် . . ဝုတ် . . ဝုတ်"

တောခွေးတို့အသံကြားလေသဖြင့် . . နောက်မှလိုက်လာ သော

းသိန်က လှည့်ကြည့်လိုက်၏။

"ဟင်"

မြောင်ကမ်းတောင်ကြောလေးပေါ်မှ ခွေးတစ်အုပ်သည် သူတို့

ောက်သို့ အပြေးကလေးလိုက်လာနေကြခြင်းပါကလား။

ဘယ်လိုဖြစ်နိုင်မှာတုန်း။

ဟုတ်နိုင်ပါ့လေမလား။

သူတို့ဘာသာ အခြားသားကောင်တစ်ကောင်နောက် လိုက်နေကြခြင်းလေများလား။

သို့လည်းမဖြစ်နိုင်။

ခွေးဟောင်သံချည်းသက်သက်သာ ကြားနေရသည်ကိုး။

"အောင်စိုးရေ တောခွေးတွေ တို့နောက်လိုက်လာနေတာများ လား"

သို့ပြောလိုက်မိသေး၏။

"ဘယ်လိုဖြစ်နိုင်မှာလဲကွာ. . တောခွေးတွေက သေနတ်သံကြားတာနဲ့ ပြေးကြပြီပဲကွာ"

"ငါတော့ အဲလိုမထင်ဘူး တို့နောက်လိုက်လာတာပဲထင် တယ်"

သို့နှယ်ပြောပြီး ဖိုးထိန်သည် ရပ်လိုက်ခြင်းကြောင့် အောင်စိုးသည်လည်း ရှေ့ဆက်သွားလို့မရဖြစ်သွားတော့၏။

"ဝုတ် . . ဝုတ် . . ဝုတ်"

"ဝုတ် . . ဝုတ် . . ဝုတ်"

တောခွေးတစ်အုပ်သည် သူတို့နောက်လာခြင်းဖြစ်သည်ကို နှစ်ယောက်စလုံးလက်ခံလိုက်ကြရတော့၏။

အောင်စိုးသည် သူ့လက်တွင်းရှိ နှစ်လုံးပြူးကို ကဗျာကသီလှမ်းထိုးချိန်ကာ ပစ်လိုက်တော့၏။

"ချောက်"

"ဟင်"

ကျည်မှမရှိတော့လေတာ. . သို့ကြောင့် . . .

"ဖိုးထိန် ပစ်လေကွာ. . ငါ့မယ် ကျည်မရှိတော့ဘူး"

သို့အလောတကြီး သတိပေးလိုက်လေသဖြင့် ဖိုးထိန်သည် ...၏တစ်လုံးထိုးတူမီး သေနတ်ကိုမောင်းထိုးလိုက်ပြီး ကပျာကသီ ...ည်တစ်တောင့်ထည့်ကာ သားရေတမြှားမြှား သွားစွယ်ကြီးများကို ဖြီး၍ ...ါသတကြီးပြေးလိုက်လာသော တောခွေးအုပ်၏ ဦးခေါင်း အထက်သို့ ...း၍ချိန်ပစ်လိုက်လေတော့၏။

"ဒိန်း"

ရှေ့မှဦးဆောင်ပြေးလာသောတောခွေးကောင်သည် ခြေအစုံ ...း၍ရပ်လိုက်ပြီး ကပျာကသီ နောက်လှည့်ပြေးသွားတော့၏။

ကျန်နောက်လိုက်ခွေးတို့သည်လည်း ရပ်တန့်သွားကြတော့၏။

"ဝုတ် . . ဝုတ် . . ဝုတ်"

"ဝုတ် . . ဝုတ် . . ဝုတ်"

နောက်သို့ ပြန်လှည့်ပြေးခြင်းတော့ မပြုကြချေ။ သူတို့နှစ် ...ောက်ကို ကြည့်၍ ဟိန်းဟောင်နေကြတော့၏။

"တစ်ကောင်လောက်ထိအောင်ပစ်ချေကွာ"

ထုံပေပေခွေးတစ်အုပ်ကို ကြည့်မရလေတော့ခြင်းကြောင့် ...အောင်စိုးက သို့နှယ်ပြောလိုက်၏။

"ငါ့မှာလည်း ကျည်မရှိတော့ဘူး"

"ဟေ"

သို့ကြောင့် အောင်စိုးသည် ကျောက်ခဲတစ်လုံးကို ကောက်၍

ထိုခွေးအုပ်ထံသို့ လှမ်းပစ်လိုက်တော့၏။

"ဟာ"

အတော်တတ်သိနားလည်သည့် တောခွေးများပါကလား။

ခဲလုံးလောက်ကို သူတို့ကမမှု၊ မကြောက်ကြပါလေ။

အနေအထားပျက်ရှိသာလျှင် ဖြစ်သွားကြပြီး သူတို့နှစ်ယောက်၏ အလစ်အငိုက်ကို စောင့်နေကြဟန်တူ၏။

ဖိုးထိန်နှင့်အောင်စိုးတို့သည်လည်း ခွေးတစ်အုပ်ကို မည်သို့ခြောက်လှန့်ထုတ်ရမည်ကို စဉ်းစားနေကြဆဲမှာပင် . .

"ဟာ"

"ဟင်"

ထိုခွေးအုပ်၏ နောက်ကွယ်မှ အမွေးဖြူဖြူခွေးတစ်ကောင် သည် သူတို့နှစ်ယောက်ထံ တရှိန်ထိုးပြေးဝင်လာလေတော့၏။

သူ့ချည်းတစ်ကောင်တည်းဆိုလျှင် အကြောင်းမဟုတ်။ ယခုတော့ ထိုအမွေးဖြူဖြူခွေးကောင်က သူတို့ထံ တရှိန်ထိုးပြေးဝင်လာသည်နှင့် ကျန်ခွေးတို့သည်လည်း ပြေးလာကြလေသည်ဖြစ်ခြင်းကြောင့် . . .

"အောင်စိုးရေ . . အချိန်ရတုန်း ပြေးပေတော့ဟေ့"ရယ်လို့ ဖိုးထိန်က အော်လိုက်ကာ ထိုနေရာလေးမှ လှစ်ခနဲ ပြေးထွက်ခဲ့တော့၏။

လူသားနှစ်ယောက် ပြေးထွက်သွားလေသည်ကို သိလိုက်သည်တွင် တောခွေးတစ်အုပ်သည် အသံပြုခြောက်လှန့်လိုက်ပါခဲ့ကြတော့၏။

"ဝုတ် . . ဝုတ် . . ဝုတ်"

"ဝုတ် . . ဝုတ် . . ဝုတ်"

ရှေ့မှ ပြေးနေသောဖိုးထိန်သည် မြောင်ပေါက်ဝသို့ ရောက်သည်နှင့် ချောင်းအတိုင်းဆက်ပြေး၍ မဖြစ်လေပြီကို သတိရလိုက်သည့်အကြောင့် မတ်စောက်စောက် ချောင်းကမ်းနံရံပေါ်သို့ သစ်ပင်နွယ်တို့ကို အားပြု၍ တက်လိုက်လေတော့၏။

ချောင်းကမ်းပါးယံပေါ် ရောက်သည်တွင် နောက်မှပြေးလိုက်လာသည့် အောင်စိုးကို လှမ်းကြည့်လိုက်၏။

"ဟာ"

မြောင်ပေါက်လေးအလွန် ချောင်းထဲတွင် အောင်စိုးတစ်ယောက်နောက်သို့ ထပ်ကြပ်မကွာ ပြေးလိုက်လာနေသော တောခွေးကောင်တို့သည် လိုက်မီသွားတော့၏။

အောင်စိုးသည် ဆက်ပြေး၍လည်း အကြောင်းမထူးတော့ပြီဖြစ်၍ သူ့လက်တွင်းရှိ နှစ်လုံးပြူးသေနတ်ဖြင့် လွဲရမ်းနေလေတော့၏။

သည်တော့ တောခွေးတို့သည် အောင်စိုးကို ဝိုင်းပတ်၍မာန်ဖီဟောင်နေကြရင်း အောင်စိုး၏အလစ်အငိုက်ကို စောင့်နေကြတော့၏။

ဖိုးထိန်သည် အောင်စိုးကိုဝင်ကူရန် ချောင်းကမ်းပေါ်မှ ပြန်ဆင်းသည့်အလုပ်တွင် . . .

"ဟာ"

အမွေးဖြူဖြူ တောခွေးတစ်ကောင်သည် အောင်စိုးထံသို့ ခုန်လွှားဝင်လာသည်ကိုတွေ့လိုက်တော့သဖြင့် ဖိုးထိန်သည် ဘာဆက် လုပ်ရမည်

မသိဝေးကြောင်မင်သက်သွားတော့၏။

အောင်စိုးသည် အမွေးဖြူဖြူခွေကောင်ကြောင့် မြေပေါ်လဲကျ သွားသည်နှင့် တောခွေးတစ်အုပ်သည် အောင်စိုးကို ဝိုင်းဝန်းကိုက်ခဲ ကြတော့၏။

"အား . . ."

"ဝုတ် . . ဝုတ် . . ဝုတ်"

"ဒွီး . . ဒွီး . . ငွီး"

အောင်စိုးတစ်ယောက် ခွေးတစ်အုပ်၏ကြား မြေပြင်တွင်လူး လိမ့်နေတော့၏။ တစ်ကိုယ်လုံးလည်း သွေးချင်းချင်းနီနေချေလေ၏။

ဖိုးထိန်တစ်ယောက် ကြက်သည်းမွေးညှင်းပင်ထမိတော့၏။

လွှန်မင်းစွာလည်း ထိတ်လန့်သွားတော့သည်။

တုန်လှုပ်ချောက်ချားမှင်တက်နေဆဲတွင် ခွေးတစ်အုပ်သည် ဘယ်လိုကြောင့်ရယ်မသိ အောင်စိုးကို ဝိုင်းဝန်းကိုက်ခဲနေသည်မှ ရုတ် ခြည်းဆိုသလို ပြေးထွက်သွားကြတော့၏။

အဝေးသို့ပြေးထွက်သွားခြင်းတော့မဟုတ်။

ခပ်လှမ်းလှမ်းသို့သာ ပြေးထွက်သွားကြပြီး အောင်စိုးရှိရာသို့ ရပ်တန့်စူးစိုက်ကြည့်နေကြပြန်၏။

သို့ကြောင့် ဖိုးထိန်သည်လည်း အောင်စိုးရှိရာသို့ လှမ်းကြည့် လိုက်တော့၏။

"ဟင်"

အောင်စိုးနားတွင် လူတစ်ယောက် ရောက်နေပါကလား။ သူ့လက်တွင်း၌လည်း ဒူးလေးကြီးရှိနေ၏။

ဘယ်သူများပါလိမ့်။

သွေးသံရဲရဲအသားစတို့ ဖွာလံကျဲလျက် ရုပ်ပျက်ဆင်းပျက်ဖြစ်နေရှာသည့် အောင်စိုးကို ထိုသူကအသေအချာငုံ့ကြည့်နေလေခြင်းကြောင့် မျက်နှာကိုမမြင်ရလေခြင်းကြောင့် ဘယ်သူရယ် ဖိုးထိန်မသိဖြစ်ဘော့၏။

မည်သို့ပင်ဖြစ်စေ . . . ထိုသူ့ကိုတော့ဖြင့် တောခွေးအုပ်ကအနှောရယ် ပြုလိုဟန်မြင်ချေ။

သို့ဆိုလျှင် ထိုသူနှင့်တောခွေးတစ်အုပ် မည်သို့ဆက်စပ်နေပါသနည်း။

အံ့ဖွယ်တော့ဖြင့် ကောင်းလေစွ။

ဖိုးထိန်က တောခွေးအုပ်ကို အကဲခတ်ကြည့်လိုက်သည်တွင် ထိုတောခွေးအုပ်သည် ထိုသူ၏သစ္စာခံများရယ်လို့ပင် ထင်လိုက်မိ၏။

တောခွေးတို့သည် သူတို့သခင်၏ အမိန့်ကိုနာခံနေပုံဖြစ်သည်။ ဖိုးထိန်သည် ထိုသူ့ကိုပြန်ကြည့်လိုက်ပြန်၏။

"ဟာ"

ဖိုးထိန်သည် ခဲလုံးကိုနင်းကန်မိသဖြင့် ခဲလုံးသည် ကမ်းပါးစောင်းပေါ်မှ ချောင်းတွင်းသို့ လိမ့်ကျသွားတော့သဖြင့် ထိုလူသည်သူ့ထံသို့ ရုတ်ခြည်းဆိုသလို လှမ်းကြည့်လာတော့၏။

"ဟင်"

ဖိုးထိန်သည် တုန်လှုပ်ချောက်ချားသွားတော့၏။

ထိုသူ၏မျက်နှာကိုမြင်လိုက်သည်နှင့် ဖိုးထိန်သည် တချိုးတည်း လှည့်ပြေးသွားလေတော့၏။

တောခွေးတစ်အုပ်ထက် ကြောက်စရာကောင်းသည့် လူပါ လား။ သူတို့ရွာသား လူသတ်သမား 'အလယ်ပိုင်းသား' ဖြစ်နေပါ ကလား။ သို့ဆိုလျှင် အောင်စိုးကို ကိုက်သတ်ကြသော တောခွေးများကို သူ စေခိုင်းခြင်းဖြစ်နိုင်တော့၏။

သူ့ကိုလည်း အလယ်ပိုင်းသားမြင်သွားချေပြီဖြစ်သည်။

အလွတ်ပေးလိမ့်မည်မဟုတ်။ သို့ကြောင့် ဖိုးထိန်သည် နော သို့ ပင်လှည့်မကြည့်လေတော့ဘဲ တချိုးတည်း ခြေကုန်သုတ်ပြေးသွ လေတော့၏။ သူဦးတည်ပြေးခဲ့သည်မှာ စမ်းရွာဘက်ဆီသို့ဖြစ်သည်။ အသက်လုပြေးခဲ့ရခြင်းကြောင့် စမ်းရွာမရောက်မီလမ်းတွင် အကြိ ပေါင်းမနည်းလဲခဲ့ရ၏။

ဆူးချုံတို့ကို တိုးဝှေ့ဖြတ်သန်းလာခဲ့ရခြင်းကြောင့် တစ်ကို လုံးပွန်းပဲ့ သွေးချင်းချင်းနီရဲလို့နေပြန်၏။

မည်မျှကြာကြာ ခရီးဝေးဝေး၊ မည်မျှကြာကြာ အချိန်ထိ လွှားခဲ့လေသည်မသိချေတော့။

သူတို့ရွာထိပ်(စမ်းရွာ)တောစပ်အလွန် လှည်းလမ်းပေါ် မှောက်လျက်လဲကျသွားလေတော့သည်။

ထိုနေ့ညမှာပင် တောတက်ဝါးခုတ်ပြန်လာသော ဝါးခုတ်သမားသုံးဦးတို့သည် ဝါးဒိုင်သို့ပင် တိုက်ရိုက်မသွားကြလေတော့ဘဲ အနည်းငယ်မျှသော ပွန်းပဲ့ဒဏ်ရာတို့ဖြင့် မေ့မျောနေနေသာ ဖိုးထိန်ကို သူကြီးအိမ်သို့ သယ်လာကြတော့၏။

"ဖိုးထိန် ဘယ်လိုဖြစ်ရတာလဲကွာ"

သို့သူကြီးကမေးသည်ကို "ကျွန်တော်တို့လဲ ဖိုးထိန်ကို ရွာထိပ်အာစပ်မယ် မှောက်ခုန်ကြီးလဲကျမေ့မျောနေတာတွေ့လို့ သူကြီးဆီသယ်လာကြတာ"ရယ်လို့သာပြောနိုင်ကြတော့၏။

သို့ကြောင့် သူကြီးသည် ဖိုးထိန်ကို သတိပြန်လည်အောင်အမျိုးမျိုးနည်းဖြင့် လုပ်ရလေတော့၏။ ဖိုးထိန်သတိရမှသာလျှင် အဖြစ်မှန်သိရပေလိမ့်မည်။

သို့ဖြင့် ညဦးယံတွင် ဖိုးထိန်တစ်ယောက်သတိရလာတော့၏။ သူသတိရလာသည်တွင် သူကြီးသိလိုသည်ကိုပင် မေးချိန်မရလိုက်ချေ။ ဖိုးထိန်ကပင်စ၍ ကြောက်လန့်တကြား ဖြစ်လျက်မှ သူတို့နှစ်ယောက်ကြုံတွေ့ခဲ့ရသည့် တောခွေးတစ်အုပ်နှင့်ပတ်သက်သည်မှ အစပြု၍ တောခွေး တို့ဝိုင်းကိုက်ခဲ့ခြင်းခံရသဖြင့် အောင်စိုးသေကျန်ရစ်ခဲ့ရပုံအပြင် သူတို့ရွာမှ ပျောက်ချင်းမလှပျောက်သွားသော အလယ်ပိုင်းသားကို တွေ့လိုက်ပုံ၊ သူ့ လက်ချက်ကြောင့်ပင်ဖြစ်နိုင်ကြောင်း ပြောလိုက်လေသည်တွင် သူကြီးအိမ် ခြံဝင်းအတွင်းသို့ စပ်စပ်စုစုရောက်လာကြသော လူတစု(ရွာသူရွာသားများ)က ကြောက်လန့်တကြားဖြစ်သွားကြရလေ

တော့သည်။

"ဟုတ်မှလဲလုပ်စမ်းပါ ဖိုးထိန်ရာ. . အလယ်ပိုင်းသားက ရွာက ထွက်သွားတာကြာပြီပဲ. . တစ်နယ်တစ်ကျေးမယ် သေသွားပြီလို့တော့ ငါ သဲ့သဲ့ကြားလိုက်ရသေးတယ်"

"အော်. . သူကြီးရယ် ကျွန်တော်မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာပါ ကျွန်တော်တောင်မှ အပြေးမြန်ပေလို့"

သို့ ဖိုးထိန်က သူကြီးကို အာမခံရဲရဲပြောလိုက်သည်တွင် လူတစုသည် တီးတိုးသဖန်းပိုး ထိုးဖြစ်ကြတော့၏။

"အလယ်ပိုင်းသားဖြစ်နိုင်တာပေါ့"

"ဟိုတလောက တောထဲမယ် သူ့ကိုရိပ်ခနဲ လှမ်းတွေ့လိုက်တယ်လို့ မုဆိုးတာမလာကတောင် ပြောသေးတယ်လေ"

"အလယ်ပိုင်းသားက ထောင်ထွက်လူသတ်သမား သူ ရွာသားတွေကို သတ်နေတာမနည်းတော့ဘူး"

"ဒီပုံဆိုလျှင်ဖြင့် ဘယ်သူမှ တောတက်ရဲကြတော့မှာ မဟုတ်ဘူး"

"အဲဒီအလယ်ပိုင်းသားကိစ္စ ဘယ်လိုလုပ်မလဲသူကြီး"

သို့ဆိုလေကြတော့ သူကြီးခေါင်းခဲရချေပြီဖြစ်သည်။

သူကြီးသည် အတန်ကြာစဉ်းစားလေပြီးနောက် . . .

"ဟုတ်ပြီ . . ငါ. . မီးလောင်ကုန်းရွာသူကြီး ဦးဇာမဏိကို အကူအညီသွားတောင်းချေဦးမယ်"ရယ်လို့ ဝမ်းသာအားရပြောလိုက်တော့သည်။

"အရင်သူကြီး စောခွီးလို ဖြစ်နေဦးမယ်နော်"

သို့ ပြောလာသံကြောင့် သူကြီးသည် လူအုပ်ကြားသို့ လှမ်းကြည့်လိုက်၏။

မရေချမ်းပါကလား။

"သတိပေးတာလား. . ခြိမ်းခြောက်တာလား"

သို့ သူကြီးက မရေချမ်းကို ကြည့်၍ပြောလိုက်၏။

"သတိပေးတာပါ"

သို့ဆိုတော့ သူကြီးသည် မဲ့ပြုံးလေးပြုံးလိုက်လေပြီး . . .

"အေး. . ကျေးဇူးတင်တယ်. . ငါကလည်း ညည်းကိုသတိပေးရာရှိတယ်"ရယ်လို့ပြောလိုက်သည်တွင် မရေချမ်းသည် ပြုံးစစမျက်နှာဖြင့် လူအုပ်ကြားမှ ရှေ့သို့ထွက်လာလျက် . . .

"သတိပေးတယ်ပဲပြောပြော. . ဆုံးမတယ်ပဲဆိုဆို . . သူကြီး က ပြောမယ်ဆိုတော့လဲ နာခံရတာပေါ့"ရယ်လို့ ပြောလာသဖြင့် သူကြီး သည် မျက်နှာတစ်ချက်ကလေးမျှ ပျက်သွားခြင်းမရှိလေဘဲ. . .

"မိန်းကလေးတန်မဲ့ တောထဲသွားနေတာ အန္တရာယ်များတယ်နော်. . ခုပဲကြည့် ဖုံးထိန်တို့ အလယ်ပိုင်းသားနဲ့တွေ့ခဲ့ပြီ. . အောင်စိုးသကျွန်ရစ်ခဲ့တယ် အဲဒီကောင်က ထောင်ထွက် လူသတ်သမားမိန်းကလေး ကောဘာကော နားလည်မယ့်ကောင်မဟုတ်ဘူး"

"ကျွန်မကလည်း သူကြီးကိုကျေးဇူးတင်ပါတယ်. . နို့ပေမင့် သူကြီးစကား နားမထောင်တာတော့မဟုတ်ပါဘူး. . တောတောင်ထဲ

မသွားလို့မဖြစ်ဘူးလေ. . ဒီရွာသူရွာသားအားလုံးက တောတောင် ကိုမှီပြီး အသက်မွေးဝမ်းကြောင်းပြုနေကြရတာမဟုတ်လား . . . ကျွန်မက တစ်ကိုယ်ရေ တစ်ကာယသမားလေ. . ကျွန်မကို ဘယ်သူကရှာကျွေး မှာမို့လို့လည်း. . ကျွန်မလို အာကြမ်းလျှာကြမ်း ရုပ်ကလည်းဆိုးသေး ဆိုတော့ . . ."

"နို့ကြောင့်ပြောတာပေါ့. . ညည်းငါ့တူကို ယူလိုက်ပါလား ဟ ငါ့တူကလူချော. . မြို့မယ်ကျောင်းတက်ဖူးတယ် အလယ်တန်းအဆင့် နေခဲ့ဖူးတာဟ"

သို့ သူကြီးစကားကြောင့် လူတစ်စုသည် မရေချမ်းကိုကြည့်၍ ပြုံးစိစိဖြစ်သွားကြတော့၏။.

မရေချမ်းကတော့ ရွှက်ကြမ်းရေကျို မျက်နှာကို အကျည်းတန် အောင်ရှုံ့တွလိုက်ပြီး . . .

"ကန်တော့ဆွမ်းပဲသူကြီးရယ်. . မရေချမ်းက ရုပ်မလှပေမင့် စိတ်လှတဲ့သူကိုမှ အိမ်ထောင်ဘက်ပြုချင်တာ. . သူကြီးတူက ရုပ်ကလေး ကတော့ သန့်သန့်ရယ်. . နို့ပေမင့် စိတ်ပုပ်တယ်. . ဟင်း . . ဟင်း "

သို့ မရေချမ်းကပြောလိုက်သည်တွင် ကျန်လူတစ်စုသည် မျက်နှာ ပျက်သွားကြတော့၏။ မရေချမ်းကိုလည်း သနားစရာသတ္တဝါကောင် ငယ်လေးလို ကြည့်လိုက်ကြတော့၏။

ဘယ့်တွက်မူ မရေချမ်း၏စကားဆုံးသည်နှင့် သူကြီး၏နောက် ကွယ် မှောင်ရိပ်အတွင်းမှ 'ဗညား'ထွက်လာသောကြောင့်ဖြစ်ပေသည်၊

ညာဆိုသူသည် မရေချမ်းပြောသော သူကြီး၏စိတ်ပုပ်စပ်သည့် တူတော်
ောင်ဖြစ်ချေ၏။

လူတစုတွက်လိုက်သလိုပင် ပြဿနာဖြစ်လာချေတော့၏။

"အောင်မယ်. . အကျည်းတန်မက. . ရာရာစစ နင်ကငါ့ကို
တ်ပုပ်စပ်တယ်လို့ ပြောရသေး. . ငါကလည်းနင့်ကိုစိတ်ကူးထဲတောင်
သည့်ပါဘူး ထွီ . . ."

ဗညားသည်သို့နှယ်ပြောပြီးသည်နှင့် မရေချမ်းကို တံတွေးဖြင့်
ွမ်းထွေးလိုက်သဖြင့် လူတစုထံမှ ထိတ်လန့်ကြောက်ရွံ့သံများနှင့်အတူ
ဘ' 'ဟင်' 'အဲတော့' 'အလိုလေးဗျာ' ဆိုသည့် အသံများထွက်လာချေ
ာ့၏။

"အင့် . . အင့်. . ဟီး. . အီး. . အဟင့်. . ဟင့်အင့်"

မရေချမ်းတစ်ယောက် မျက်နှာကိုလက်ဝါးအစုံဖြင့် အုပ်ကာထို
နေရာလေးမှ ပြေးထွက်သွားလေတော့၏။

သူကြီးခြံပေါက်ဝ အမှောင်ရိပ်တွင်း ပြေးဝင်ပျောက်သွားတော့
၏။ သည့်နောက် စပ်စပ်စုစုလူတစုသည်လည်း တစ်ယောက်စ နှစ်ယောက်
ဆိုသလို သူကြီးအိမ်ခြံပြင်သို့ ပြန်လှည့်ထွက်ခွာသွားကြလေတော့သည်။

နောက်ဆုံး. . ဖိုးထိန်သာလျှင် ကျန်ရစ်ခဲ့တော့၏။

"ဖိုးထိန် နက်ဖြန်ခါ ငါမီးလောင်ကုန်းသွားမယ်. . မင်းလိုက်ခဲ့
ချ"

သည့်နောက် သုံးလေးရက်အကြာတွင် ဗညားတစ်ယောက်

ရွာခံမုဆိုးတာတီးနှင့် အနောက်တောသို့ အမဲလည်သွားကြသည်တွင် မုဆိုးတာတီးသာလျှင် ရွာပြန်ရောက်ခဲ့တော့၏။

ဗညားကောရယ်လို့ မေးကြသည်တွင် . .

"ဗညားကို တောခွေးတွေဝိုင်းကိုက်လို့သေပြီ"ရယ်လို့သာ တာတီး မျက်နှာငယ်လေးဖြင့် ပြောနိုင်ပေတော့၏။

"အလယ်ပိုင်းသား လက်ချက်ပေပဲဖြစ်လိမ့်မယ်"

သို့ပြောဆိုလာကြပြန်တော့သည်။

သို့ဖြစ်ခဲ့ပြီးလေသည်နောက်တစ်ရက်တွင် မရေချမ်းတစ်ယောက် ဒဏ်ရာဗရပွဖြင့် ရွာသို့ပြန်ရောက်လာပြန်၏။

"ဟင် . . ညည်း . . ညည်း . . အလယ်ပိုင်းသားနဲ့ တွေ့ခဲ့ပြန်ပြီလား"ရယ်လို့ အထိတ်တလန့်မေးလာကြပြန်တော့၏။

သူမခေါင်းကိုသာ တွင်တွင်ခါယမ်းပြလေတော့၏။

"ဗညားတော့ တောခွေးတွေဝိုင်းကိုက်လို့သေသွားရှာပြီ"

"အလယ်ပိုင်းသား လက်ချက်ဖြစ်မှာပါအေ"

သို့ဆိုလာကြပြန်တော့ မရေချမ်းသည် မျက်စိမျက်နှာပျက်ဖွာဖြင့် "မဖြစ်နိုင်ပါဘူး"ရယ်လို့ မပွင့်တပွင့်ပြောလာလေခြင်းကြောင့် မရေချမ်းကို နားမလည်နိုင်အောင်ဖြစ်ကြရတော့၏။

"ကဲ . . ကဲ . . ရွာသားတွေအားလုံး ဒီကနေ့ကစလို့ ဘယ်သူမှ အနောက်တောဘက်မသွားကြနဲ့တော့ . . နက်ဖြန်လောက်ဆို သူကြီးလဲ မီးလောင်ကုန်းက ပြန်လာတော့မယ် . . သူကြီးပြန်ရောက်မှပဲ . .

"လုပ်သင့်တယ် ဝိုင်းစဉ်းစားကြတာပေါ့"

သို့ဆိုသလို သူကြီးကတော်က ပြောလိုက်လေတော့သည်။

▲▼▲▼▲▼▲▼

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဥက္ကံကြီးဝိုင်းအတွင်း အမဲပစ်ရန်လာခဲ့ကြသည်မှ မီးလောင်ကုန်းရွာသူကြီး ဦးဇာမဏီ၏ မေတ္တာရပ်ခံချက်အရ စမ်းရွာသူကြီးနှင့်အတူ 'စမ်းရွာ'သို့ ရောက်ခဲ့ကြပြန်တော့သည်။

စမ်းရွာသို့ ရောက်မစိုက်ပင် ရွာသူရွာသားတို့ပြောကြသည့် ဗညားနှင့်မရေချမ်းတို့၏အကြောင်းစုံသိလိုက်ရသည့်ပြင် အလယ်ပိုင်းသား နှင့်ပတ်သက်သည့် အထက်ပါအကြောင်းအချင်းအရာကို ဂယနဇာ စမ်းရွာသူကြီးက ပြောလာသဖြင့် သိလိုက်ရလေသည်ကြောင့် ...

·

**သူစုမစာပေတိုက်**

ဘစ်ယောက် မျက်နှာတစ်ယောက် ကြည့်ကာပြုံးလိုက်မိကြပြီး . .

"ကဲ. . သူကြီးရေ. . ဒီညကို ကျွန်တော်တို့နဲ့ မရေချမ်းဆိုတဲ့ အမျိုးသမီးကို ဆုံပေးစေချင်တယ်"ရယ်လို့ လင်းမြင့်လှိုင်က ပြောလိုက်ဘာ ထုံးစံအတိုင်း ကျွန်တော့်ကို ဝီစကီပုလင်းပြားလေး ကမ်းပေးလာဘော့၏။

သည်တွင် သူကြီးသည် ကျွန်တော်တို့နှစ်ယောက်ကို အားတုံ့အားနာဟန်ဖြင့်ကြည့်ကာ. .

"ဇာမဏီကတော့ မှာလိုက်သားကွ. . ငါမေ့နေလို့ . . . . ဆရာလေးတို့ရောက်ရောက်ခြင်း. . ရေမိုးချိုး. . နားဦးမယ်ထင်လို့ဘာ မှ မစီစဉ်ပေးတာ" ဟုပြောလေ၏။

"နေဝင်ရုံရှိသေး စမ်းရွာကအေးလာတာကိုး. . ရေမချိုးဝံ့ ဘူးဗျ ခြေလက်ဆေးပြီး ဝိုင်းလိုက်တော့မယ်. . စားသောက်ပြီးည လောက်မှ မရေချမ်းနဲ့တွေ့ကြတာပေါ့. . သူ့ကိုမေးစမ်းချင်စရာလေးရှိ လို့ပါ"

"အေး. . အေး. . ခုပဲ. . မရေချမ်းကိုညကျလာခဲ့ဖို့ သွား ပြောခိုင်းလိုက်ပါ့မယ်. . ဆရာလေးတို့အတွက်. . တောနွားနှပ်ချက်ရှိ ဘယ်. . မျောက်ချေးခါးရှိတယ်"

"ဘယ်လိုဗျ. . 'တောနွား' ဟုတ်လား"

သို့ လင်းမြင့်လှိုင်က မေးလိုက်သည်ကြောင့် ကျွန်တော်က-

"တော်နွားဆိုတာ 'စိုင်'ကောင်ကိုပြောကြတာ ကိုလင်းရဲ့. . 'ပြောင်'ကိုကျတော့ တောကျွဲတဲ့လေ"

သည်တော့မှ လင်းမြင့်လှိုင် သဘောပေါက်သွားလေသည်။ ကြောင့် သွားတက်လေးပေါ် ရှုပြုံးလိုက်ပြီး . . .

"ကျွန်တော်က နွားသားမစားဘူးဗျ . . 'စိုင်' ဆိုတော့လဲ စား တာပေါ့ဗျာ . . ဟဲ . . ဟဲ . . ဟဲ"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် သူကြီးပေးလာသော စိုင်သား နှပ်တစ်တုံးကို ဗိုက်မသောက်မီ နှိုက်ယူမြုံ့ဝါးစားလေတော့၏။

အတန်ကြာတွင် . . .

"အင်း . . ဟင်းချက်မဆိုးဘူးဗျ . . သူကြီး ဒါ ဘယ်သူချ တာတုန်း"

အစားကောင်းစားတတ်သော လင်းမြင့်လှိုင်က . . သူ့ထုံး အတိုင်း ဟင်းချက်ကောင်းလျှင် သို့ဆိုသလို ဘယ်သူဘယ်ဝါချက်သည် သိချင် တတ်ပေ၏။

"ငါ့ မိန်းမချက်တာပေါ့ကွ" ဆိုလျက် သူကြီးသည် အခန်း ပေါက်ဝတွင်ရှိုးရှိုးလေးထိုင်နေသည့် ပိန်ရှည်ရှည် အမေအိုကို လှမ်း ပြောလေ၏။

သူကြီးကတော်ဖြစ်ဟန် ရှိုးသားလှပေ၏။

မည်သည့်စကားမျှမဆို ပြုံး၍ပြလာ၏။

"အမေ ဟင်းချက်ကောင်းသားပဲ . . ဘယ်လိုချက်ထားတာ အချိုလေးလေးပင်ပင်ရှိပါ့ဗျာ . . တကယ်ဆို 'စိုင်' သားက ကောင်း ချည်ရဲ့မဟုတ်ဘူး . . အမေ့က အချက်ကောင်းတော့ လျှာလည်သွားတ

-ဘူ"

သို့ လင်းမြင့်လှိုင်က လှိုက်လှိုက်လှဲလှဲ တရင်းတနှီးပြောလိုက်လေတော့မှ . . .

"မျောက်ချေးခါး ထည့်ချက်ထားတာ"ရယ်လို့သာ တစ်ခွန်းထဲကောက်ကိုသာဆိုလေတော့၏။

သို့ဆိုလေတော့ လင်းမြင့်လှိုင်သည်လည်း ရိုးသားသော အမေ၏ကို စိတ်အနှောက်အယှက်မပြုလိုတော့ပြီဖြစ်၍ ဝီစကီတစ်ငုံကိုကောက်ယူမော့လိုက်တော့၏။

ကျွန်တော်သည် သွားနာနေသည်ဖြစ်၍ 'စိုင်'သားကို တို့၍ပင်မြည်းကြည့်လေတော့ဘဲ. . မျောက်ချေးခါးကိုသာ တစ်တို့တို့ယူမြုံ့ဝါးနေလိုက်တော့၏။

"မျောက်မြီးရှည် ချေးခါးလား"

သို့ သူကြီးကိုကြည့်၍ မေးလိုက်သည်။

"ဟုတ်ဘူးကွ. . မျောက်လေပွေ. . ချေးခါး"

"ဟင်"

ကျွန်တော်ကော လင်းမြင့်လှိုင်ပါ အံ့ဩမိကြတော့၏။

ကျွန်တော်တို့သိသည်မှာ မျောက်ချေးခါးတွင် မျောက်မြီးရှည်ကောင်၏ ချေးခါးသာလျှင် အကောင်းဆုံးဟုထင်ခဲ့၏။

သူကြီးက မျောက်လေပွေရယ်လို့ ပြောလာတော့ အံ့ဩမိတော့သည်။ အမှန်ကို ဝန်ခံရလျှင် မျောက်လေပွေချေးခါးကို ကျွန်တော်

နှင့် လင်းမြင့်လှိုင် မစားဖူးပါချေ။ ခုမှစားဖူးခြင်းဖြစ်၏။

သူကြီးကပြောလာခြင်းကြောင့် မျောက်လေပွေချေးခါးရယ်လို့ သိရခြင်းဖြစ်၏။ အစစ်အမှန်လည်းဟုတ်မဟုတ် ဆိုသည်ကိုတော့ဖြ သူကြီးသာအသိဆုံးဖြစ်ချိမ့်မည်။

မည်သို့ပင်ဖြစ်စေ အင်မတန်စားကောင်းသည်တော့ အမှန်ဖြ ၏။ သို့ကြောင့်လည်း မျောက်ချေးခါးတစ်ပုလင်း (ဟောလစ်ပုလင်း) သည် အရက်တစ်ပြားပင်မကုန်သေး ထက်ဝက်မက ကျိုးကျသွားချေ တော့၏။

"ကဲ. . သူကြီးရေ. . ဒါပြန်သိမ်းထားချေဦး . . အသားဟင်း ဘာညာချက်လျှင် မရှိတော့ဖြစ်ပေရော့မယ်"

သို့ပြောလျက် ကျွန်တော်သည် မျောက်ချေးခါးပုလင်းကို သူကြီး ရှေ့တိုးပေးလိုက်သည်တွင် . . .

"ကြိုက်တတ်လို့ကတော့ ကုန်အောင်စားလိုက်စမ်းပါ. . ဆရာ လေးရယ်. . မြို့ကြီးသားတွေ ခုလိုမျောက်ချေးခါးကို နှစ်နှစ်မြိုက်မြိုက် တရှိုက်မက်မက် စားတာတွေ့ရတာ အံ့လည်းအံ့ဩတယ်. . ဝမ်းလည်း သာပါတယ်ကွယ်. . . ကျုပ်တို့က ဧည့်သည်ကို ဖွယ်ဖွယ်ရာရာ လုပ် ကျွေးနိုင်ဘူးလေ. . ကြိုက်မှကြိုက်ပါ့မလားလို့ အိမ်ကလူကြီးကို မေး ထားရသေးတယ်. . "ရယ်လို့ သူကြီးကတော်က ပြောလာတော့၏။

"ဘယ့်နှယ်ပြောပါလိမ့်အမေရယ်. . ကျွန်တော်တို့နှစ်ယောက် က မြို့ကြီးသားဆိုပေမင့် ဝဋ်ကြွေးကြောင့်လားမသိဘူး. . တောတောင် ထဲမှာပဲ ပျော်နေကြရတာ. . အနေများရတာ"

သို့ ကျွန်တော်ကပြောလိုက်သည်တွင် သူကြီးကတော်သည် သူမ၏ဝါကျင်ကျင်သွားအစုံပေါ်သည့်တိုင် သွားကိုစေ့၍ ရယ်နေလေတော့၏။

သည့်နောက် ကျွန်တော်တို့စားသောက်ဝိုင်းလေး သိမ်းလုတွင် သူကြီးအိမ်သို့ ခပ်ရွယ်ရွယ်လူငယ်တစ်ယောက် ရောက်လာ၏။

"ဘယ်လိုလဲ မရေချမ်းကို ပြောပြီးပြီလား . . ."

ထိုလူရွယ် ရောက်မဆိုက်ဆိုသလို သူကြီးက လှမ်းမေးလိုက်သည်ကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည်လည်း ထိုလူငယ်ကို အကဲခတ်ကြည့်ရင်း . . . သူပြောလမည့်စကားကို နားစွင့်နေလိုက်ကြတော့သည်။

"မရေချမ်းအိမ်မှာမရှိဘူး"

"ဟေ"

"ညနေလေးကပဲ အနောက်တောဘက် ထွက်သွားလေတယ် လို့ သူ့အိမ်နီးဘေးက ဝါးခုတ်သမား ဖိုးကျွဲကပြောတယ်"

"ဟင်"

"ဟာ"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အံ့သြနေမိကြတော့၏။

မိန်းကလေးတစ်ယောက်က အချိန်အခါမရှိ တောတက်သွားတယ်ဆိုပါကလား။ ဘယ်လိုမိန်းမစားမျိုးပါလိမ့်။

'ကျားနီမ'လို လူစားမျိုးများလေလား။

(ကျွန်တော်နှင့်လင်းမြင့်လှိုင်တို့ဖြင့် ရင်းနှီးခင်မင်သံယောဇဉ် ဖြစ်ခဲ့ရသော ကျားနီမကို ဆိုလိုခြင်းဖြစ်၏။ ကျားနီမအကြောင်းကို ကျွန်တော်သည် ဝတ္ထုတိုများအဖြစ် မဂ္ဂဇင်းများတွင် ရေးပြီးဖြစ်သည့် အပြင် နှစ်မွှာဝိညာဉ်အမည်ဖြင့် ကျားနီမတို့သားအမိအကြောင်းကို လုံးချင်းဝတ္ထု ရေးပြီးဖြစ်သည်။)

"ဒီကလေးမတော့ ခက်ပဲခက်ရချည်ရဲ့ကွယ်"

သို့နှယ် သူကြီးကတော်က ဂရုဏာဒေါသသံဖြင့် ညည်းတော ၏။

"ကဲ. . ဆရာလေးတို့အကြားပဲ. . ဘယ်လိုလုပ်မလဲ"

အားတွံ့အားနာဟန်ဖြင့် သူကြီးကပြောလာတော့သဖြင့် . . .

"ကိစ္စမရှိပါဘူး သူကြီး. . နက်ဖြန်စောစော. . ကျွန်တော်တို့ အဲဒီအနောက်ဘက်တောဘက်ကိုသွားချင်တယ်"ရယ်လို့ လင်းမြင့်လှိုင်က ပြောလိုက်သည်။

"အနောက်တောကို နှံ့စပ်တဲ့ ရွာခံမုဆိုးဖြစ်ဖြစ် သစ်ခုတ်ဝါး ခုတ်သမားဖြစ်ဖြစ် တစ်ယောက်လောက် ရှာပေးနိုင်မလား"

သို့ ကျွန်တော်ကပြောလိုက်သည်တွင် သူကြီးက အမေ့အို ဘက် လှည့်ကြည့်လေပြီး . . .

"သံချောင်းဆို အဆင်ပြေမလား"ရယ်လို့ မေးလိုက်၏။

"မနက်ကတောင် သံချောင်းလာသွားသေးတယ်. . နေဦး. .

ချုပ်သွားခေါ်လိုက်မယ်"

သို့ဆိုလျက် သူကြီးကတော်သည် အိမ်ပေါ်မှ သွက်လက်စွာ ဆင်းသွားလေတော့သည်။

"ဆရာလေးတို့ သံချောင်းနဲ့ဆို ပိုအဆင်ပြေလိမ့်မယ်. . . ဒီကောင်က အနောက်တောဘက် နှံ့နှံ့စပ်စပ် ရောက်ဖူးတယ်"

သို့ သူကြီးကပြောလာသဖြင့် . . "မုဆိုးလား"ရယ်လို့ လင်းမြင့်လှိုင်က မေးလိုက်လေသည်။

"ဟုတ်ဘူး. . သစ်ခုတ်သမားသံချောင်း. . သူက အနောက်တောမယ် သစ်တောအဖွဲ့နဲ့ ကျွန်းသင်းသတ်လဲလိုက်ဖူးတယ်. . သစ်မာပင်ထောင်လည်း လိုက်ဖူးတယ်. . သစ်စာရင်းကောက်လည်း လိုက်ဖူးတယ်. . တခါတလေကျေးသည် မုဆိုးတွေရောက်လာလျှင် သူ့ကိုလမ်းပြအဖြစ် ထည့်ပေးရတယ်"

"အဲဒါပိုကောင်းတာပေါ့. . သူကြီးရယ်"

သို့ဆိုသလို လင်းမြင့်လှိုင် သဘောကျသွားချေတော့၏။

သို့ဖြင့် နောက်တစ်နေ့နံနက်စောစောတွင် သံချောင်းဦးဆောင်မှုဖြင့် စမ်းရွာအနောက်တောသို့ ထွက်ခဲ့ကြတော့သည်။

သူကြီးပြောသလိုပင် သံချောင်းသည် စမ်းရွာအနောက်တောတခွင် ကျွမ်းကျင်သွားလာတတ်သူဖြစ်တော့၏။

ကျွန်တော်တို့သည် နေမွန်းတည့်လောက်တွင် အောက်ပေါင်းရှုတ်သော တောင်ကြောခပ်မြင့်မြင့်အတိုင်း အေးအေးလူလူတက်ခဲ့ရာမှ

ရှေ့မှလမ်းထွင်တောတိုးသွားနေသော သံချောင်းက တောင်ကြော ဘယ်ဘက်အခြမ်းသို့ လက်ညွှန်ပြပြီး . .

"အောက်ဘက်က ချောင်းလေ"ဟုပြောလေသဖြင့် ကျွန်တော် သည် တောင်ကြောအစပ်သို့ တိုးဝှေ့ကဲကြည့်လိုက်ကာ. . .

"ဘာချောင်းတုန်း"ဟုမေးလိုက်သည်။

"မိကျောင်းချောင်း"

"ဟော"

"နို့ဖြင့် . . အောင်စိုးကို တောခွေးတွေ ကိုက်သတ်တာ ဘယ် နားတုန်း မင်းသိလား"

သို့ လင်းမြင့်လှိုင်ကမေးလိုက်၏။

"ရှေ့နားကျ ချောင်းအဆင်းလမ်းလေးရှိတယ်. . ချောင်းထဲ ဆင်းကြမယ်. . ချောင်းထဲရောက်လျှင် နည်းနည်းဆန်တက်လိုက်တာ မြောင် ပေါက်တစ်ခုကိုတွေ့မယ်. . အဲဒီနားလေးမှာပဲပေါ့"

သည်သို့ဖြင့်. . . ကျွန်တော်တို့သည် သံချောင်းပြောလေသည့် အတိုင်း တောင်ကြောလေးအတိုင်း တောတိုးလျှောက်ခဲ့ကြပြီးနောက် ကျွန်း ခြောက်ပင်ကြီးအခြေမှ ကပ်ဆင်းသွားသော ဆင်လမ်းလေးအတိုင်း ချောင်း ထဲသို့ဆင်းလိုက်ကြ၏။

"မိကျောင်းချောင်းကလည်း အတော်ကျယ်ပါကလား"

ရေခမ်းခြောက်လုနည်းနည်းဖြစ်သည်၊ ချောင်းအနေအထား ကို ကြည့်၍ ကျွန်တော်ကပြောလိုက်သည်။

"ဒါတောင်အထက်ပိုင်းကျသေးတယ် . . . . သည့်အောက် ...မယ် အတော်ကလေးကျယ်တယ်. . ဥက္ကံချောင်းမကြီးထဲ ရေကျလေ ...ချောင်းနီးနီးကျယ်တယ်ဗျ. . ကဲ ကျွန်တော်တို့ရှေ့ဆက် လျှောက်ကြ ...ဆိုလျှင်ဖြင့် အောင်စိုးသေတဲ့နားရောက်ပြီ . . အဲဒီရှေ့လှမ်းလှမ်းလေး ...လဲ မြောင်ပေါက်တစ်ခုတွေ့လိမ့်မယ်"

"အေး . . အဲဒီသွားကြတာပေါ့ကွာ. . မဝေးတော့ဘူးဟုတ် ...း"

"ဘာဝေးတော့မှာလည်း . . . "

သို့ပြောလျက် သံချောင်းသည် ခပ်သွက်သွက်ရှေ့မှ လျှောက် ...းလေတော့သဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည်လည်း သူ့နောက် ...က်သွားကြတော့၏။

ကျွန်တော့်စိတ်ထင် ငါးမိနစ်ခရီးလောက် လျှောက်လိုက်ရုံဖြင့် ...ာက်သွားတော့၏။

"အောင်စိုးအလောင်းတွေ့တာ ဒီနေရာလေးမှာပေါ့"

သံချောင်းက သို့နှယ်ပြောပြီး ထိုနေရာလေး၏ တဖက်ချောင်း ...မ်းနံဘေး အမှိုက်ရနေရာကောင်းကောင်းလေးတွင် နားနေထိုင်ချလိုက် ...ဘာ့သည်။ ကျွန်တော်သည်လည်း တမနက်လုံး မနားတမ်းလျှောက်ခဲ့ရ ...သည်ကြောင့် နားနေလိုသည်ဖြစ်၍ သံချောင်းနံဘေးတွင် သွားထိုင် ...်က်၏။

လင်းမြင့်လှိုင်သည် ချောင်းမြေသားကို အသေအချာ စူးစိုက်

ကြည့်နေလေ၏။ အတန်ငယ်မြင့်သော ချောင်းနံရံတဖက်တချက်တို့ကို လည်း တိုးကပ်စူးစိုက်ကြည့်လေ၏။

သည့်နောက် ရှေ့ခပ်လှမ်းလှမ်းရှိ မြောင်ပေါက်ဝသို့သွားလေပြန်၏။ မြောင်တွင်းကိုတော့ဖြင့်မဝင် အပြင်မှပင် ကဲကြည့်လေပြီး. . . ထို မြောင်ပေါက်တဝိုက် စူးစမ်းကြည့်နေပြန်လေပြီး . . ကျွန်တော်တို့ထံ ပြန်လာထိုင်လိုက်တော့၏။

"တောခွေးအုပ်က ဒီနားတဝိုက်ကျက်စားနေကြပုံပဲဗျ. . ပြောရ လျှင်ဖြင့် ရှေ့ကမြောင်ထဲကနေ အဝင်အထွက်လုပ်ကြတာဖြစ်မယ်. . . သံချောင်း မင်းအဲဒီမြောင်ထဲ ဝင်ဖူးလား. . မြောင်ရှည်လား မြောင်ပြတ် လား . . . ."

"ဟင့်အင်း . . မဝင်ဖူးဘူး"

"ဟုတ်ပြီ. . ငါတို့ ခဏနားနေပြီး အဲဒီမြောင်ထဲဝင်ကြမယ်"

သို့ပြောလေပြီးနောက် လင်းမြင့်လှိုင်သည် ချောင်းကမ်းနံရံကို ကျောမှီလိုက်ပြီး ကျွန်တော့်ထံသို့ ဝီစကီပြားလေးကို ကမ်းပေးလာ တော့၏။

သံချောင်းသည် သူ၏လွယ်ပုလိုင်းတွင်းမှ ဖက်ထုပ်လေးတစ်ခု ကို နှိုက်ယူပြလိုက်၏။

ဘာသားရယ်မသိ အသားပြုတ်ကြော်တုံးများဖြစ်၏။

"မြောင်သားပြုတ်ကြော် ဆာလျှင်စားဖို့ ထုပ်ယူလာတာ" ဆို လျက် ကျွန်တော်တို့နှစ်ယောက်ကို စားစေလို၍ ကမ်းပေးလာတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အမြည်းအလို့ငှာ တစ်တုံးဆီ ကောက်ယူထားလိုက်ကြသည်။

"မင်းသောက်တတ်လျှင် လုပ်လေကွာ"

သို့ပြောပြီး ကျွန်တော်က ပုလင်းပြားလေးကို လှမ်းပေးလိုက် ၏၊

သံချောင်းသည် ခေါင်းခါ၏။

"ကျွန်တော်မသောက်တတ်ဘူး"ဆိုကာ ပြောင်သားတုံးကိုသာ ချင် ပလုတ်ပလောင်း စားနေရင်း ပုလိုင်းအတွင်းမှ တစုံတရာကို ကောက်ထုတ်လိုက်ပြန်၏။

ရေသန့်ဗူးခွံဖြင့် ထည့်ထားသော ရေနွေးကြမ်းများဖြစ်သည်။ ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သူ့ကိုကြည့်၍ ပြုံးလိုက်ကြတော့သည်။ သူ့တွက်ရိက္ခာအပြည့်အစုံယူလာပါကလား။

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် နားနားနေနေ စား သောက်လိုက်ကြပြီးနောက် ထိုနေရာလေးမှ ထွက်ခဲ့ကြပြန်တော့၏။

မြောင်ပေါက်ဝတွင် ချုံနွယ်ပင်အနည်းငယ်မျှသာရှိချေပြီ. . . မြောင်တွင်းမတော့ ပွင့်လင်းလို့နေချေ၏။

မြောင်တွင်းရေခမ်းခြောက်နေပြီဖြစ်ပြား ရေအစိုဓာတ်တော့ ဖြင့် ရှိနေသေး၏။

မြောင်၏တဘက်တချက်နံရံတို့တွင် ဆေးမြင်းခွာအုံပင်များ ပေါက်လျက်ရှိနေသေး၏။

မြောင်တွင်းသို့ လင်းမြင့်လှိုင်က ဦးဆောင်ဝင်သွားခြင်းဖြစ်၏။ သူ့နောက်မှ ကျွန်တော် . . . သံချောင်းသည် နောက်ဆုံးမှဖြစ်၏။

လင်းမြင့်လှိုင်သည် မြောင်၏အောက်ခြေနှင့် တဖက်တချက် နံရံတို့ကို လေ့လာအကဲခတ် စေ့စပ်စွာကြည့်ရင်း သွားနေရာမှ . . .

"ဟာ. . ဒီမယ်. . ခွေးခြေရာတွေဗျ. . ဒီမြောင်က ရှည်မယ့်ပုံဗျ အလို . . ဒီမလဲ လူခြေရာဗျ"

သို့နှယ်ပြောလျက် လင်းမြင့်လှိုင်သည် မြေသားစိုစိုတွင် ထင်ကျန်ရစ်နေသည့် လူခြေရာကို အသေအချာငုံ့ကြည့်လေပြီး . . .

"ခြေရာကတော့ လွန်ခဲ့တဲ့ တစ်ပတ်လောက်က ခြေရာဗျ. . ခွေးခြေရာတွေကတော့ လတ်လတ်ကြီးတွေရယ်. . . မနက်က. . နို့မဟုတ် . . . မနေ့ညက သွားလာခဲ့ကြတာဖြစ်မယ်"ဟုပြောပြီး ရှေ့ဆက်သွားလေတော့၏။

ခပ်လှမ်းလှမ်းသို့အရောက်တွင် မြောင်တွင်းမှနေ၍ တောင်ကြောပေါ် အတက်လမ်းသွယ်လေး တွေ့လိုက်ကြ၏။

"တိရစ္ဆာန်ကောင်တွေရဲ့ သွားလာလမ်းဗျ"

သို့နှယ်ပြောရင်း . . လင်းမြင့်လှိုင်သည် ထိုလမ်းမြောင်လေး အတိုင်း တက်သွားလေတော့သည်။

"ဟာ"

"ဟင်"

လမ်းမြောင်လေးအတိုင်း တက်လိုက်ရာမှ မြောင်ကမ်းပေါ်

ောက်သည်တွင် အုံ့ဖွယ်မြင်ကွင်းကို တွေ့လိုက်ကြတော့၏။

ကျွန်တော်တို့ထင်ထားသည်မှာ ချုံထူထူ တောင်ကြောဖြစ်ချိမ့်
ည့်ပေ၏။ လုံးဝမဟုတ်ပါချေ။ အောက်ခြေချုံနွယ်ပိတ်ပေါင်းရှင်းသော
ွန်းတောမြေပြန့်ကျယ်ကြီးဖြစ်နေချေတော့၏။

ဟုတ်မှဟုတ်ပါလေစဟူ၍ပင် ထင်မိသည်ကြောင့် လင်းမြင့်လှိုင်
ကြည့်လိုက်၏။

"အင်မတန် ထူးဆန်းတဲ့တောအနေအထားပေပဲဗျ"

လင်းမြင့်လှိုင်က သို့ပြောလာ၏။

"မင်း. . ဒီကျွန်းတောဘက် ရောက်ဖူးလား"

သံချောင်းကို ကြည့်၍လင်းမြင့်လှိုင်က မေးလိုက်ပြန်၏။

"ကျွန်တော်သစ်တောအဖွဲ့နဲ့ နှစ်တိုင်းပဲ ကျွန်းသင်းသတ်လိုက်
ာယ်. . ဒီကျွန်းတောလေးဘက်ကို မရောက်ဖူးဘူး"

သို့နှယ် သံချောင်းကပြောပြီး ကျွန်းပင်ကြီးတစ်ပင်အနားသို့
ွားလိုက်ပြီး ထိုသစ်ပင်ကို လှည့်ပတ်ကြည့်လိုက် နံဘေးကျွန်းပင်တို့ကို
 မ်းကဲကြည့်လိုက်လုပ်လေပြီး . . .

"ဒီကောင်တွေ လုံးပတ် ၇' × ၆' အထက်လောက်မှာ ရှိမယ်
. . သတ်ပင်မီတဲ့အပင်တွေချည်းပဲ. . ဘာလို့များ. . သင်းမသတ်ကြ
ာပါလိမ့်. . မနှစ်က ဒီဘက်တကြော သင်းသတ်အဖွဲ့ဝင်သေးတာပဲ"

သို့ သံချောင်းကပြောလေသဖြင့် ကျွန်တော်သည်ပြုံးလိုက်ကာ

"သင်းသတ်အဖွဲ့တွေ ဒီနေရာကို ရောက်မလာဖြစ်ကြလို့ပေါ့

ကွ" ဟုပြောလိုက်သည်တွင် သံချောင်းက ကျွန်တော့်ကို မျက်မှောက်ကုတ်ကြည့်လာပြီး . . .

"မိကျောင်းချောင်းကို အသေအချာကွန်တိုရစ်ခဲ့ကြတာပဲ ဘာလို့ ဒီနေရာကျန်ခဲ့စရာအကြောင်းရှိမှာတုန်း"

"ဟကောင်ရ . . ငါ သစ်တောဌာနမှာလုပ်ခဲ့ဖူးတယ်ကွ. . ကွန်တိုရစ်တဲ့သူတွေက တောင်ကြောစွယ်ကို အဆုံးအထိ မလိုက်တတ်တဲ့ လူပျင်းတွေရှိတယ်. . တောတိုးရမှာ ကြောက်တဲ့သူတွေရှိတယ်ကွ. . . ကြောစွယ်က ပြေပြေလေးဆို ဆင်းကြတက်ကြပေမင့် တောင်ကြောစွယ်က မတ်စောက်ပြီဆိုလျှင် တောင်ကြောမပေါ်ကနေပဲ လှမ်းကြည့်ပြီး တောင်ကြောစွယ်အတိုလေးပါဆိုပြီး မဆင်းကြတော့ဘူးကွ. . တချို့နေရာတွေမယ် ကော့ညွှတ်ဆိုတာ ခံနေလျှင်ဖြင့် အဲဒီအဖွဲ့က အလုပ်မှာကွဲပြီသာမှတ်"

သို့ ကျွန်တော်ကပြောပြီး ကျွန်းတောပြေပြေလေးအတွင်း ဝင်သွားလိုက်၏။

ကျွန်တော့်နောက်မှ လင်းမြင့်လှိုင်နှင့် သံချောင်းလိုက်ခဲ့ကြတော့၏။ ကျွန်တော်သည် ကျွန်းတောလေးအတွင်းလျှောက်ရင်း တစ်စုံတရာကို ရှာနေမိ၏။ ဟော. . တွေ့ချေပြီ။

ကျွန်တော်ရှာနေသည်မှာ တိရစ္ဆာန်ကောင်ငယ်တို့ သွားလာလမ်းဖြစ်ချေ၏။

ထိုလမ်းလေးကို တွေ့သည်နှင့် လင်းမြင့်လှိုင်နှင့် သံချောင်းကို

ည့်ကြည့်ပြုံးပြလိုက်ပြီး ယင်းလမ်းလေးအတိုင်း လျှောက်ခဲ့တော့၏။

ကျွန်တော်ထင်ထားသည့်အတိုင်း ရေစီးမြောင်းလေးကိုတွေ့

သဖြင့် အားရဝမ်းသာ ထိုမြောင်းလေးကို ကြည့်လိုက်၏။

ကျွန်တော်လွန်မင်းစွာ ဝမ်းသာသွားတော့၏။ ထိုမြောင်းလေး

တဖက်တွင်မတော့ ခပ်မတ်မတ်တောင်ကြောလေးရှိချေ၏။

"ကိုလင်း. . ဒါ ကော့ညွှတ်ပေပဲဗျ"

ထိုမြောင်းလေးကို ဖြတ်၍ဝွက်လမ်းလေးရှိနေချေ၏။

ထိုဝွက်လမ်းလေးတွင် တိရစ္ဆာန်ကောင်တို့၏ ခြေရာများကို

တွေ့ရ၏။ ထိုဝွက်လမ်းလေး၏တဖက်တချက် မြောင်းလေးကို ကြည့်လိုက်

သည့်တွင် မြောင်းလေးတွင် စီးဆင်းနေသောရေသည် တဖက်တည်းဖြတ်

ဆင်းနေလေခြင်းမဟုတ် တဖက်တချက်ဆီ စီးဆင်းနေကြခြင်းဖြစ်၏။

လိုသည်မှာ တဖက်တည်းရေကျမဟုတ် နှစ်ဖက်ရေကျဖြစ်နေတော့ ၏။

ဆိုလျှင်ဖြင့် ကော့ညွှတ်ပေပဲပေါ့။

"ကဲ. . လာဗျာ. . ရှေ့ တောင်ကြောပေါ် တက်ကြမယ်"

သို့ဆိုလျက် ကျွန်တော်သည် မြောင်းလေးကို ဖြတ်၍တောင်

ကြောမတ်မတ်လေးအပေါ် တိုးတက်လိုက်တော့၏။

ကျွန်တော်တွက်ထားလေသည့်အတိုင်း တောင်ကြောမကြီး ပေါ်

တက်လာတော့၏။

တောင်ကြောမကြီး၏ ကမ်းနဖူး ကျွန်းပင်ခြောက်ကြီးတစ်ပင်

းသို့သွားလိုက်၏။

သင်းသတ်ထားသော ကျွန်းပင်ဖြစ်နေ၏။

မနှစ်ကတည်းက သတ်ထားသော ကျွန်းပင်ကြီးဖြစ်ကြောင်း သစ်ပင်ကြီးတွင် တင်ကျန်ရစ်လေသည့် အမှတ်တံဆိပ်ကို တွေ့လိုက်၏၊ သတ်ပင်အမှတ် ၀၀၂၅ ဆိုပါကလား။

ကျွန်တော်မှတ်သားထားလိုက်၏။ ပြီးနောက်. . ကျွန်တော်တို့ တက်လာသည့် ကြောစွယ်လေး၏ ဆန့်ကျင်ဘက်တဖက်နောက်ကျောသို့ သွားလိုက်ပြန်၏။ အတန်လှမ်းလှမ်းတွင် သင်းသတ်ထားသော ကျွန်းပင် ကြီးကို တွေ့ရပြန်လေသည်ကြောင့် နောက်တံဆိပ်သမား၏ နံပါတ်ရိုက် ချက်ကို ကြည့်လိုက်ပြန်၏။ ၀၀၂၄ ဆိုပါကလား။

ကျွန်တော်ပြုံးလိုက်တော့သည်။

ကျွန်တော့်နောက်တွင်ကပ်ပါလာသည့် သံချောင်းကို စေ့စေ့ ကြည့်လိုက်ကာ . . .

“ကဲ. . တွေ့ပြီလား. . သင်းသတ်အဖွဲ့ရှေ့ပြေးတွေက ငါတို့ တက်လာတဲ့ တောင်ကြောစွယ်လေးကို မတ်စောက်လို့ဆိုပြီး မဆင်းပဲ အပေါ်ကနေ လှမ်းကြည့်ရုံကြည့်ပြီး ကြောဆုံးပြီဆိုပြီး ကျော်သွားကြတာ လေမဟုတ်လား အောက်ခြေမယ် ကော့ညွှတ်ခံနေတာ သူတို့မသိကြဘူး ဒီတော့ ငါတို့တွေ့ခဲ့တဲ့ ကျွန်းတောလေးကို သူတို့မရောက်ကြလေတော့ သတ်ပင်တွေ ကျန်ရစ်ခဲ့တော့တာပေါ့”

“အေးဗျာ. . ဟုတ်ပါရဲ့ . . ကျွန်တော်မှတ်မိပြီ. . ဒီအကွက် က တောအုပ် ဦးအောင်လှုံသိမ်း အကွက်ပဲ”

"ကဲ. . လာကွာ. . ဒါငါတို့အလုပ်မဟုတ်ဘူး"

သို့ဆိုလျှင် ကျွန်တော်သည် တောင်ကြောမကြီးအတိုင်း သတ်ပင်အမှတ်ကိန်းဂဏန်းများရာဘက် လျှောက်ခဲ့လေခြင်းဖြစ်တော့၏။ သို့မှသာလျှင် ကျွန်တော်တို့ မိကျောင်းချောင်းတွင်း ပြန်မရောက်ကြမည်မဟုတ်ပါကလား။ ကျွန်တော်တို့ဦးတည်ခရီးသည် ရှေ့သို့သာဖြစ်သည်ကိုး။

သို့ ကျွန်တော်တို့လျှောက်ခဲ့ကြရာမှ ပင်မတောင်ကြောမကြီးပေါ် ရောက်လာ၏။ နယ်နိမိတ်ခွဲ သစ်တောဘုတ်တိုင် တွေ့လိုက်ခြင်းကြောင့် တောင်ကြောတဘက်သည် သာယာဝတီနယ်ဖြစ်မှန်းသိလိုက်ကြ၏။

"ကိုလင်း. . ကျွန်တော်တို့ ဘယ်လိုဆက်လုက်ကြမလဲ"

သို့ ကျွန်တော်ကပြောလိုက်သည်တွင် လင်းမြင့်လှိုင်က တောင်ကြောမကြီး၏ ဥက္ကံဘက်အခြမ်း တောင်ကြောကမ်းမှနေ၍ လှမ်းကဲစီးမိုး ကြည့်လိုက်ပြီး . . .

"ကျွန်တော်တို့မယ် အချိန်ရှိသေးတယ်. . ဟိုရှေ့ကမြင်ရတဲ့ စိမ်းစိမ်းစိုစို တောင်ကြောကို သွားကြမယ်"ဟုပြောလေတော့၏။

သို့ဖြင့် ကျွန်တော်တို့သည် လင်းမြင့်လှိုင်ပြောသော စိမ်းစိမ်းစိုစို တောင်ကြောရှိရာသို့ သွားလိုက်ကြတော့၏။

အမြင်နီးပေမင့် အတော်ကလေး အချိန်ပေးတောတိုးသွားလေမှ ညနေစောင်းလုတွင် ထိုကြောလေးသို့ ရောက်သွားကြတော့၏။

ထိုတောင်ကြောလေးသို့ ရောက်သည်တွင် ချောင်းကိုရှာလို
ကြ၏။ ထိုတောင်ကြောစွယ်သည် ချောင်းတွင်းသို့ တိုက်ရိုက် ဦးစိုက်
မြင်းဖြစ်သည်ကြောင့် အတိုင်းထက်အလွန် ဖြစ်ကြရတော့၏။

"ဒါ. . ဘာချောင်းတုန်း မင်းသိလား"

သံချောင်းကိုမေးလိုက်၏။

သံချောင်းသည် ချောင်း၏အထက်အောက်သို့ လှူးလာခေ
မြန် ကြည့်လိုက်လေပြီး . . .

"ဒါ. . မိကျောင်းချောင်းရေကျ . . ကျောက်ချောင်းဖြစ်မယ်"

သို့ပြောလာသည့် . . သံချောင်း၏ပုခုံးကိုပုတ်လိုက်ပြီး . . .

"အေး. . မင်းပြောတာဟုတ်တယ်. . ဒီနေရာတွေက
အမြဲရောက်တတ်တဲ့ နေရာတွေပဲကွ. . ကဲ. . . လာ. . တို့တွေ ဟို
နားမယ် စခန်းချဖို့ နေရာရှာကြတာပေါ့"

သည်သို့ဖြင့် ကျွန်တော်တို့သည် ကျောက်ချောင်းတွင်း မြေ
ကမ်းနဖူးတစ်ခုတွင် စခန်းချလိုက်ကြတော့၏။

အနီးအနားတွင် ဝါးပင်များရှိသည်ဖြစ်၍ သုံးယောက်အိပ်
တဲထိုးလိုက်ကြတော့သည်။

တဲထိုးပြီးသည်နှင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကျော
ချောင်းအတွင်းရေချိုးဆင်းခဲ့ကြသည်တွင် သံချောင်းသည် ညစာ
အသင်းနှင့် သားရဲကောင်တို့အန္တရာယ်ကာကွယ်ရန်အလို့ငှာ စခန်း
ဝန်းကျင်တစ်ဝိုက်တွင် ထင်းခြောက်တုံးများကို လိုက်လံရှာဖွေစုဆော

ရန် ကျန်ရစ်ခဲ့လေသည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကျောက်ချောင်းအတွင်း ရေချိုးလောက်ရန် ရေများများမရှိသည်ကြောင့် ချောင်းအတိုင်း စုန်ဆင်းခဲ့ကြရာမှ စခန်းနှင့်အတော်ဝေးဝေးရောက်ခဲ့လေမှ မြောင်ပေါက်တစ်ခုအဝတွင် ခါးလည်ရေအနက်ရှိသည့် ရေအိုင်တွေ့လေတော့မှ နှစ်ယောက်သား ရေဆင်းစိမ်လိုက်ကြတော့၏။

သို့ ရေစိမ်နေကြစဉ် ၄င်းမြောင်ကမ်းလေးပေါ်မှ တရှပ်ရှပ်ဖြင့် တောတိုးနေသံကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ငြိမ်သက်စွာနေလိုက်ကြပြီး ထိုအသံကို စူးစိုက်နားစွင့်လိုက်ကြ၏။

ထိုတောတိုးသံသည် မြောင်ပေါက်ရှိရာသို့ ဆင်းလာဟန်ဖြစ်သည်ကြောင့် ကျွန်တော်သည် ရေအိုင်၏ကမ်းပါးစောင်းတွင် ပေါက်နေသည့် မျောက်ငိုပင်အခြေတွင် မှီထောင်ထားလေသည့် သေနတ်ကို ဘိုးတိတ်ညင်သာစွာ သွားယူလိုက်ပြီး ခြေသံရှင်ဆင်းအလာကို စောင့်နေလိုက်သည်။ လင်းမြင့်လှိုင်သည် ရေအိုင်တွင်းမှပင် ငြိမ်သက်စွာရပ်လျက် ကျွန်တော်နှင့် ခြေသံရှင်အခြေအနေကို စောင့်ကြည့်နေလေတော့၏။

"ဟာ"

"ဟင်"

ကျွန်တော်တို့ထင်ထားသည်မှာ 'သားကောင်'တစ်ကောင်ဖြစ်ခဲ့မည် သို့ပေမင့် မျက်ဝါးထင်ထင်မြင်လိုက်မိသည်က လူသားတစ်ယောက်ဖြစ်နေချေတော့၏။

ပုံပန်းသဏ္ဌာန်အမြင်အရပြောရလျှင် တောမုဆိုးတစ်ယော...
ဖြစ်နိုင်၏။ သန်မာသော ယောက်ျားပီသသူတစ်ယောက်ဖြစ်၏၊ ...
လက်တွင်းမတော့ ဒူးလေးရှိနေ၏။

ကျွန်တော်တို့ကို တွေ့သည်နှင့် အံ့အားသင့်ငေးငိုင်သွားေ...
၏။

"ကံကောင်းပေလို့ပေါ့ဗျာ. . ကျွန်တော်တို့က သားေ...
တစ်ကောင် ဆင်းလာတယ်လို့ ထင်လိုက်တာ"

သို့ ကျွန်တော်ကပြောလိုက်လေမှ . . ထိုသူသည် ကျွန်ေ...
လက်တွင်းမှ သေနတ်ကို သတိထားမိဟန်ဖြစ်ချေ၏။

"ကျုပ်ကလည်း ရေအိုင်ထဲ မျောက်တံငါကောင် ငါး ဆင်း...
နေတယ်ထင်ပြီး ဆင်းလာတာ"ဟုပြောလာတော့၏။

သည့်နောက်သူသည် ဘာမှဆက်မပြောလေတော့ဘဲ နေ...
ပြန်လှည့် တောတိုးသွားလေတော့၏။

လှုပ်ရှားမှု မြန်လိုက်လေခြင်း။

အမဲလိုက်မုဆိုးတစ်ယောက်ရယ်လို့ ကျွန်တော်နှင့်လင်းမြ...
က မှတ်လိုက်လေပြီး ရေဆက်ချိုးလိုက်ကြတော့၏။

အားပါးတရ ရေချိုးဝသည်တွင် စခန်းသို့ပြန်ခဲ့ကြသည်...
မီးတောက်လောင်နေသော ထင်းမီးပုံကြီးတွေ့လိုက်ရသော်...
သံချောင်းကို မတွေ့လေသည့်ကြောင့် ကျွန်တော်တို့သည် အဝတ်အ...
လဲလိုက်ကြပြီး တဲပေါ်တွင် နားနေထိုင်လိုက်ကြပြီး . . . သံချောင်း...

အလာကို မျှော်နေလိုက်ကြတော့၏။

သံချောင်း ဘယ်သွားနေတာပါလိမ့်။

မှောင်စပင်ပျိုးလာချေပြီဖြစ်၏။

"ကဲ. . ကိုပိုက်ရေ. . အမြည်းတော့မရှိပေဘူး . . အချမ်းပြေ ဘစ်ငုံမော့လိုက်ပြီး အိပ်တန်းဝင် ကြက်ကလေး ငှက်ကလေးရလိုရငြား ဒီနားတဝိုက် သွားလေဦးမှ"

သို့နှယ်လင်းမြင့်လှိုင်ကပြောပြီး ဝီစကီပုလင်းကိုထုတ်၍ တစ်ငုံ မော့လိုက်လေပြီးနောက် သေနတ်ကိုယူ၍ တဲပေါ်မှ ဆင်းသွားလေတော့၏။

"ကျွန်တော်လိုက်စရာလိုသေးလား"

သို့ ကျွန်တော်ကမေးလိုက်သေး၏။

"ရတယ်. . ဒီနားတဝိုက်တင်ရယ်ပါ . . သံချောင်းပြန်အလာ ကိုသာ စောင့်နေလိုက်ပါ"

လင်းမြင့်လှိုင်သည် စခန်းတဲနောက်ဘက် တောင်ကြောပြန့် လေးဘက် ခြေဦးလှည့်လိုက်ရုံရှိသေး . . .

"ဝုတ် . . ဝုတ် . . ဝုတ် . ."

"ဝုတ် . . ဝုတ် . . ဝုတ် . ."

"ဝုတ် . . ဝုတ် . ."

လင်းမြင့်လှိုင် မျက်နှာမူလိုက်သည့် တောင်ကြောပြန့်လေး ခပ် လှမ်းလှမ်းမှ တောခွေးတို့၏ ဆူဆူညံညံအသံကြောင့် . . .

"တောခွေးတွေ ဘာကောင်တွေ့လို့ ဝိုင်းတွယ်နေလဲမသိ ဘူးဗျ" သို့ လင်းမြင့်လှိုင်ကို လှမ်းမေးလိုက်ရုံရှိသေး . . .

"ဟာ"

"ဒိန်း"

လင်းမြင့်လှိုင်သည် ကျွန်တော့်အမေးကို မဖြေ. . သူ့လက်တွင်း ရှိသေနတ်ဖြင့် ရှေ့ခပ်လှမ်းလှမ်းသို့ ထိုးချိန်ပစ်လိုက်လေသည်ကြောင့် ကျွန်တော်သည် ကျည်ထွက်သွားရာသို့ လှမ်းကဲကြည့်လိုက်၏။

"ဟင်"

သံချောင်းပါကလား . . . . သူ့လက်တွင်းမှ သားကောင်တစ်ကောင် ပါလာပုံရ၏။ သည့်ပြင် သူ့နောက်သို့တောခွေးတစ်အုပ်က. . သံချောင်းကို အလွတ်မပေးပြေးလိုက်လာပုံဖြစ်ချိမ့်မည်။

လင်းမြင့်လှိုင်၏ ခြောက်လှန့်ပစ်လိုက်ခြင်းကြောင့် ကပျာကသီ တောခွေးများ နောက်လှည့်ပြေးသွားကြတော့၏။

သံချောင်းသည် စခန်းရှိရာဘက်သို့ ပြေးလာခဲ့ရာမှ လင်းမြင့်လှိုင် ရှေ့အတော်လှမ်းလှမ်းတွင် မှောက်လျက်လဲသွားလေတော့၏။

သို့ကြောင့်ကျွန်တော်သည် တဲပေါ်မှကပျာကသီဆင်းကာ . . သံချောင်းရှိရာသို့ ပြေးသွားလိုက်တော့၏။

လင်းမြင့်လှိုင်သည် ကျွန်တော့်အရင် သံချောင်းနားရောက်နေချေပြီဖြစ်တော့၏။

သံချောင်းသည် အားသွန်ပြေးလာရခြင်းကြောင့် အရှိန်လွန်

မောဟိုက်လဲကျသွားခြင်းသာဖြစ်၍ တော်သေးတော့၏။

"ဘယ်လိုဖြစ်ရတာလဲကွာ"

သို့ ကျွန်တော်ကမေးလိုက်ရင်း သူ့ကိုဆွဲထူလိုက်သည်။

သံချောင်းသည် သူ့လက်တွင်းမှ သားကောင်ငယ်တစ်ကောင်၏ ခြေထောက်တစ်ဖက်ကို မြှောက်ပြလေပြီး . . .

"တောခွေးတွေရဲ့အစာ ဒရယ်ကောင်လေးရဲ့ခြေတစ်ချောင်း ဝင်ဆွဲလာတာကို ဒီကောင်တွေက ကျွန်တော့်ကိုအလွတ်မပေးချင်ကြ ဘူးလေ" ရယ်လို့ပြောလာ၏။

"ဘာလို့များ မင်း. . သူများအစာလုလာရတာလဲကွာ"

"အော်. . ညစာအတွက် လိုအပ်လို့ လုပ်ရတာပေါ့ဗျာ"

သို့နှယ်ပြောလျက် သံချောင်းသည် ကျွန်တော်တို့ကို ပြုံးပြလေပြီး . . တောခွေးတို့ထံမှ ဝင်လုလာသည့် ဒရယ်ပေါင်ကို အရေခွာလိုက်ကာ တံစို့ထိုး မီးကင်လိုက်တော့၏။

"တောခွေးတွေက သားကောင်ကို ခက်ခက်ခဲခဲရှာထားရတာကို မင်းကလုသားတစ်ယောက်ဖြစ်ပြီး အချောင်ဝင်နှိုက်ခဲ့တာကိုးကွ"

လင်းမြင့်လှိုင်က သို့ပြောလိုက်သည်တွင် . . .

"ဒီခွေးတွေ. . ဒီ ဒရယ်ကောင်လေးကို ခက်ခက်ခဲခဲ ဖမ်းကြတာ မဟုတ်ပါဘူးဗျာ. . ဒရယ်ကောင်လေးက နဂိုကတည်းက သေနေတာပါ ကျွန်တော့်စိတ်ထင် မုဆိုးတစ်ယောက်က ပစ်သတ်သွားပြီး. . ပေါင်တစ်ချောင်းပဲ ဖြတ်ယူသွားပုံရတယ်ဗျာ. . ဒရယ်ကောင်လေးကို

ကျွန်တော်စတွေ့တော့. . ပေါင်တစ်ဖက်မရှိတော့ဘူး. . ဒါနဲ့ကျွန်တော် ကလည်း ဟန်ကျပြီဆိုပြီး . . ဒရယ်ကောင်သေလေးကို သွားယူမယ်လုပ် နေတုန်းမှာ တောခွေးတစ်အုပ်ရောက်လာတာနဲ့ ကျွန်တော်တောခွေး တွေကို ခြောက်လှန့်ထုတ်ပြီး ဒရယ်ကောင်လေးရဲ့ ကျန်ပေါင်တစ်ဘက် ကို လှီးဖြတ်နေတုန်း ကျွန်တော်ခြောက်ထုတ်လိုက်တဲ့ တောခွေးတွေပြန် ရောက်လာတော့တာပဲ"

"ကျွန်တော်က ပြန်ခြောက်ထုတ်ပါသေးတယ်. . နို့ပေမင့်. . ဒီတစ်ခါတော့ ခွေးတွေက ကြောက်လို့ထွက်မပြေးရုံတင်မဟုတ်. . . . ကျွန်တော့်ကို ရန်ပြုဖို့ကြိုးစားလာကြတော့ ကျွန်တော်လည်း ဒရယ်ပေါင် ကို ယူပြီးပြေးလာတော့တာပဲပေါ့"

"ဟာ. . . . ပထမတစ်ခေါက် မင်းခြောက်လှန့်ထုတ်တော့ ပြေး သွားကြတယ်ဆိုပြီး မင်းလဲဒရယ်ပေါင်ဖြတ်ယူလိုက်တဲ့အခါကျမှတော့ ခွေးတွေက မင်းကိုအလွတ်မပေး လိုက်ဆွဲကြတယ်ဆိုတော့တယ်သိတတ် တဲ့ခွေးတွေပါကလားကွ. . ဟုတ်ပ့ါမလား"

"အဲဒါပေါ့ဗျာ. . ကျွန်တော်လည်း အံ့ဩမိတယ် ပထမတစ်ခေါ် ခြောက်ထုတ်တုန်းက ထွက်ပြေးကြပြီး . . . နောက်တစ်ခါကျတော့ ကျွန်တော့်ကိုတောင် ရန်ပြုလာကြတယ်. . ဘာကြောင့်များပါလိမ့်ပေါ့ မစဉ်းစားတတ်အောင်ပဲ. . အဲ. . နို့ပေမင့်လို့ ကျွန်တော်သတိထားမိ တာတစ်ခုတော့ရှိတယ်. . ပထမခေါက် ခြောက်လှန့်ထုတ်လိုက်တုန်းက ခွေးတွေပဲဆိုတာ ကောင်းကောင်းမမှတ်မိပေမင့် တကြော့ပြန်လာကြတဲ့

ဒါ အဲဒီတောခွေးအုပ်ထဲမယ် ခွေးဖြူတစ်ကောင်ပါလာတာ သတိ
ထားမိတယ်ဗျာ. . ."

သို့ သံချောင်းကပြောလေသဖြင့် ကျွန်တော်သည် ဖိုးထိန်ကြုံခဲ့
သည့် ခွေးတစ်အုပ်ကို သတိရလိုက်မိတော့၏။ ခွေးဖြူဦးဆောင်သော
ခွေးတစ်အုပ်က အောင်စိုးကို ကိုက်သတ်လိုက်ကြသည်ဆိုပဲ. . . သို့သတိ
ရလိုက်ပြန်တော့. . ဖိုးထိန်ပြောသည့် ထောင်ထွက်လူသတ်သမား'အလယ်
ပိုင်းသား'ဆိုသူကို မြင်လိုက်ပြန်သေးတော့သည်။

ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်ကာခေါင်းဆတ်ပြလိုက်
သည်။

ကျွန်တော်ဘာဆိုလိုချင်သည်ကို သိလိုက်သောလင်းမြင့်လှိုင်က
သံချောင်းဘက်လှည့်လိုက်ပြီး . . .

"မင်း. . အလယ်ပိုင်းသားကို သိလား"ဟုမေးလေ၏။

"တစ်ရွာတည်းသားပေပဲ မသိဘဲနေပါ့မလားဗျ"

"ကောင်းပြီ သူ့ပုံပန်းသဏ္ဍာန် ငါ့ကိုပြောစမ်းကွာ"

သို့လင်းမြင့်လှိုင်က မေးလိုက်သည်တွင် သံချောင်းသည်. . .
ကျွန်တော်နှင့်လင်းမြင့်လှိုင်ကို အံ့ဩစွာကြည့်လေပြီးမှ . .

"အသားညိုညို. . မျက်လုံးပြူးပြူး. . မေးရိုးကားကား . .
အရပ်မြင့်မြင့်"ရယ်လို့ မပွင့်တပွင့်ပြောလာတော့၏။

ကျွန်တော်တို့ရေချိုးသွားကြသည့် နေရာတွင် တွေ့လိုက်သည့်
လူးလေးကိုင်မှဆိုး၏ ပုံပန်းသဏ္ဍာန်ပင်ဖြစ်ချေတော့၏။

သို့ဆိုလျှင်ဖြင့် . . ကျွန်တော်တို့လူသတ်သမားထောင်ထွက်နှင့် နဖူးတွေ့ ဒူးတွေ့ . . . တွေ့ခဲ့ကြသည်ပဲ. . . . ။

သို့ကြောင့်လည်း ထိုမုဆိုးသည် ကျွန်တော်တို့ကိုတွေ့သည်နှင့် ကပျာကသီပြန်လှည့်သွားခြင်းဖြစ်ပေသည်။

"ကိုလင်းရေ. . . ကျွန်တော်တို့ အလယ်ပိုင်းသားကို ခက်ခက်ခဲခဲလိုက်ရှာစရာမလိုတော့ဘူးဗျ. . ဒီနားတဝိုက်တွင်ရှိနိုင်တယ်. . ခွေးရူး တစ်ကောင်ပါတဲ့ တောခွေးတစ်အုပ်ကို ခြေရာခံမိလျှင် အလယ်ပိုင်းသား ကို တွေ့နိုင်တယ်ဗျ"

သည့်နောက် ကျွန်တော်တို့သည် ဒယ်သားမီးကင်နှင့်ဝီစကီ သောက်လိုက်ကြပြီးနောက် ခပ်စောစောပင် အိပ်ယာဝင်ခဲ့ကြတော့ သည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အိပ်ယာထက်လဲလျောင်း လိုက်ကြပြီးဖြစ်သော်လည်း သံချောင်းသည် ထင်းမီးများထပ်ထိုးထည့်နေ လေခြင်းကြောင့် ကျွန်တော်တို့ အိပ်ပျော်လုခင်မှ တဲပေါ်တက်လှဲလာ တော့၏။

သို့ကြောင့် တဲဝါးကြမ်းခင်း လှုပ်ခါသွားခြင်းကြောင့် မျက်လုံး ပြန်ကျယ်လာရတော့၏။

လင်းမြင့်လှိုင်သည် ဟောက်လို့ပင်နေချေသေးတော့၏။

သံချောင်းသည်လည်း မကြာမီအချိန်ကလေးတွင် အိပ်ပျော် သွားပုံရချေ၏။ တိတ်ဆိတ်ငြိမ်သက်သွားသည်။

ကျွန်တော်သည်သာ အိပ်၍မပျော်ဖြစ်နေသေးတော့၏။

ဘာင်တောင်အီအီ စဉ်းစားနေဆဲမှာပင်. . .

"ဝုတ် . . ဝုတ် . . ဝု. . အု. . အူး"

"အု. . အူး. . ဝု. . ဝုတ်"

ရယ်လို့ ချောင်းဘက်မှ ခွေးတို့အသံကြားလေသည်ကြောင့်

းလဲထလိုက်ကာ. . လှမ်းကြည့်လိုက်၏။

ချောင်းဘက်နေရာတွင် မဲမှောင်လို့နေ၏။

ဘာဆိုဘာမျှ မမြင်ရ။

သို့ဆိုပေမင့်. . ထင်းမီးပုံအလင်းရောင်ကြောင့် လှုပ်ရှားနေ

သော အရိပ်ပုံသဏ္ဌာန်ကိုတော့ဖြင့် မြင်မိလိုက်၏။

ကျောက်ချောင်းအထက်သို့ ဆန်၍ခွေးတစ်အုပ် ဖြတ်သွားပုံ

ဖြစ်မည်။

"ဟာ"

ထူးခြားသော အရိပ်သဏ္ဌာန်တစ်ခုကြောင့် အံ့ညြခြင်းနှင့် အတူ

ပေါ်မှဆင်း၍ ချောင်းဘက်သွားလိုက်၏။

ခွေးအုပ်ကြားမှ လူတစ်ယောက်၏အရိပ်သဏ္ဌာန်ဆိုပေမင့်

ကျွန်တော်သည်ပင် အမြင်မှားလေခြင်းရယ်လားမသိ။

မြင်လိုက်ရသော လူအရိပ်သဏ္ဌာန်သည် မိန်းမတစ်ယောက်၏

သဏ္ဌာန်ဖြစ်နေတော့၏

ဟုတ်မှဟုတ်ပါလေစ။

မဖြစ်နိုင်တာ . . . ကျွန်တော်သည်ပင်တောခြောက်ခံနေရ

လေသည်များလား. . .။

ကျွန်တော်ကျောက်ချောင်းတွင်းရောက်သည်တွင် . . ချောင်းအထက်ဘက်သို့ ကပျာကသီလှမ်းမျှော်ကြည့်လိုက်သည်။

လရောင်ကြောင့် ချောင်းမကြီးအတွင်း ရှင်းလို့နေခြင်းကို မြင်ရ၏။ ခွေးတစ်အုပ်နှင့် မိန်းမတစ်ယောက် ဘယ်ရောက်သွားပါလိမ့်။

"ဟင်"

ကျွန်တော်သက်ပြင်းတစ်ချက်ချလိုက်ကာ တဲသို့ပြန်ခဲ့တော့၏။

"ကိုပိုက်. . . ဘာကိုမှ ဘယ်တွေ့ပါတော့မလဲဗျာ. . ကျောက်ချောင်းအထက်ခပ်လှမ်းလှမ်းမယ် မြောင်ကျယ်ကြီးတစ်ခုရှိတယ်လေ. . ခွေးကောလူပါ အဲဒီမြောင်ကျယ်ကြီးထဲဝင်သွားကြလို့ပဲ ဖြစ်မှာပေါ့ဗျာ"

ကျွန်တော် ဝါးကြမ်းခင်းပေါ်လှဲချလိုက်သည်နှင့် လင်းမြင့်လှိုင်ကပြောလာခြင်းဖြစ်တော့သည်။

လင်းမြင့်လှိုင် တရေးနိုးလာချေပြီပဲ. . ကျွန်တော်မြင်သလိုသူလည်း မြင်သိလိုက်လေခြင်းကြောင့် သို့နှယ်ပြောလာခြင်းဖြစ်ပေမည်။

"ကိုလင်းလဲမြင်လိုက်တယ်ဆိုတော့ မိန်းမတစ်ယောက်ဆိုတာ သေချာလောက်ပါတယ်နော်"

သို့ ကျွန်တော်ကပြောလိုက်၏။

"ကျွန်တော်တော့ တဲကြမ်းခင်းသိမ့်ခနဲ ဖြစ်သွားတာနဲ့ . . . အိပ်ယာကနိုးလာရင်း . . မျက်လုံးဖွင့်လိုက်တဲ့အခါမယ် ကိုပိုက် ချောင်းနားရောက်လုပြီလေ. . ခွေးတစ်အုပ်အရိပ်ကိုတော့ ဖျတ်ခနဲတွေ့လိုက်ပါ

. . ကိုပိုက်ပြောသလို လူတစ်ယောက် မိန်းမပျိုတစ်ယောက်ပါလျှင်ဖြင့် ကျွန်တော်လည်း ကပျာကသီ ကိုပိုက်နောက်ထလိုက်ခဲ့မှာပေါ့ဗျာ"

လင်းမြင့်လှိုင်ပြောသည်မှာ ရှင်းနေပြီပဲ။

"ဟင်း"

ကျွန်တော်သည် သက်ပြင်းတစ်ချက်ချလိုက်ကာ နဖူးပေါ် လက်တင်လိုက်တော့၏။

မကြာမီနှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားတော့၏။

နောက်တစ်နေ့တွင် ကျွန်တော်တို့သည် စောစောစီးစီးပင် စခန်းမှ ထွက်ခဲ့ကြတော့သည်။

လင်းမြင့်လှိုင်ပြောသလိုပင် စခန်းရှေ့ကျောက်ချောင်းအထက် ဘက်လှမ်းလှမ်းတွင် မြောင်ကျယ်ကြီးတစ်ခုတွေ့သည်ကြောင့် ထိုမြောင် ဝါက်ဝတွင် စေ့စေ့စပ်စပ် ရှာလိုက်ကြသည်တွင် တောခွေးခြေရာများ ကို တွေ့လိုက်သည်။

တောခွေးများသည်ညက ထိုမြောင်တွင်းဝင်သွားကြလေသည် ကြောင့် ကျွန်တော်အရိပ်အရောင်ပင် မမြင်လိုက်ရခြင်းဖြစ်သည်။

"ကဲ. . ကိုပိုက်. . ကျွန်တော်တို့ ဒီမြောင်ထဲဝင်လိုက်ကြတာ ပေါ့"

သို့ဆိုလျက် လင်းမြင့်လှိုင်သည် ရှေ့မှဦးဆောင်၍ မြောင် အတွင်းဝင်သွားလိုက်သည်တွင် . . .

"နေဦး. . ကိုလင်းရဲ့. . မြောင်ကမ်းတောင်ကြောက ပြေပြေ

လေးရယ် တောင်ကြောပေါ်ကနေ သွားကြလျှင်ဖြင့် မကောင်းပေဘူး လား"

သို့ ကျွန်တော်ကအကြံပြုလေသည့်အတိုင်း ထိုမြောင်ကမ်း တောင်ကြောပြေပြေလေးပေါ် သို့ တက်ခဲ့ကြတော့၏။

ထိုတောင်ကြောပြေပြေလေးပေါ် တွင် လျှော်ပင်များနှင့် ဝါးဖြူ ဝါးတို့သာပေါက်လျက်ရှိချေ၏။

မြေသားသည် ဂဝံသက်နုမြေသားဖြစ်သည်။ ဒူးခေါင်းအထက် သာသာအမြင့်ရှိ ဆေးခါးကြီးပင်တို့သည်သာ မြေကပ်ပေါက်နေလေခြင်း ကြောင့် အောက်ပေါင်းရှင်းသည်ဟု ပြောရချိမ့်မည်။

ထိုတောင်ကြောပြေလေးအတိုင်း သက်သောင့်သက်သာတက် ခဲ့ကြရာမှ သံချောင်းသည် တောင်လိပ်ကြီးတစ်ကောင်ကို တွေ့ရှိဖမ်းလာ ခဲ့တော့သည်။

"မနက်စာအတွက်တော့ သေချာပြီပေါ့"

သို့နှယ်လည်း တောင်လိပ်ကြီးကို ဆဆကိုင်ရင်း ပြုံးရွှင်စွာပြော နေလေတော့၏။

သို့လျှောက်ခဲ့ကြရာမှ ကျွန်တော်တို့သည် တောင်ကြောမကြီး ပေါ် ရောက်ခဲ့ကြသည်။

တောင်ကြောမကြီးပေါ် တွင်မတော့ ချုံနွယ်ပင်နှင့် မြက်နိုင်းပင် တို့ပေါက်လျက်ရှိချေ၏။

သစ်ပင်ကြီးဆို၍ ကျွန်းပင်တိုခပ်ကျဲကျဲသာ ပေါက်လျက်ရှိချေ

ဘ်။

ဤနေရာတဝိုက် ဤတောင်ကြောမကြီးသည် အမြင့်ဆုံးဖြစ်နိုင်၏။ တဖက်တချက်တို့တွင် တောင်တန်းနိမ့်နိမ့်များကို မြင်ရလေခြင်းကြောင့်ဖြစ်ပေသည်။

သို့ လျှောက်ခဲ့ကြရာမှ တောဝက်သေတစ်ကောင်ကို တွေ့ရှိက်ကြသည်။

"ညက တောခွေးတွေ ကိုက်သတ်စားသွားတာဖြစ်မယ်"

တောဝက်သေကောင်သည် သွေးသံရဲရဲရှိနေသေးခြင်း . . . ကျန်အသားအရေ အစိတ်အပိုင်းသည် အပုပ်နံ့ထွက်မနေခြင်းကြောင့် သို့ လင်းမြင့်လှိုင်က မှတ်ချက်ချလေခြင်းဖြစ်သည်။

တောခွေးတို့သည် တောဝက်သေကောင်၏ တစ်ကိုယ်လုံးအနှံ့ အသားစိုင်တို့ကို ကိုက်ဆွဲစားသွားကြသော်လည်း ဦးခေါင်းပိုင်းကိုတော့ ဖြင့် ကိုက်ဖဲ့စားဟန်မတူ. . တဖက်သောနားရွက် အဖျားပိုင်းလေးသာ သျှင် ပြတ်လျက်ရှိချေ၏။

ကျွန်တော်သည် လက်တစ်မိုက်နီးနီးခန့် လေးမြှောင့်ကျကျ ဝက်အသေအချာအစွယ်ဖွေးဖွေးကြီးကို ချွတ်ယူလိုက်တော့၏။

ကျွန်တော်က်ကောင်းသည်ဟု ပြောရပေမည်။ ဘယ်ဖက်တွက်မူ သိုဝက်စွယ်သည် 'ကင်းပိတ်'ဖြစ်နေသောကြောင့်ပင်။ ပြီးတော့ ထိုဝက်စွယ်တွင် သွေးခြည်မျှင်တန်းနေသေးတော့၏။

ဝက်စွယ်ကင်းပိတ်. . သွေးခြည်မျှင်တန်းနေလျှင် မီးမကူးဟု

ပြောကြသည်။ ဟုတ်မဟုတ်တော့ဖြင့် အသေအချာမသိပါချေ။ တတ်သိနားလည်သူကို ပြရပေမည်။

ဝက်စွယ်နှစ်ချောင်းကို ကျွန်တော်ကသဘောကျစွာ အသေအချာကြည့်ပြီး ဘောင်းဘီအိတ်တွင်းထည့်လိုက်သည်ကို 'လင်းမြင့်လှိုင်' ကကြည့်၍ ပြုံးလိုက်ပြီး ဟက်ခနဲတစ်ချက်အသံထွက်ရယ်လိုက်ကာ. .

"သည်ဝက်ကောင် စွမ်းမစွမ်းတော့မသိဘူး. . အပုပ်အစပ်အစားကျန်တွေကိုလိုက်စားပြီး အသက်ရှင်နေကြရတဲ့ တောခွေးတွေဝိုင်းကိုက်လို့ သေပွဲဝင်ရတယ်ဆိုကတည်းက ကိုပိုက်သဘောပေါက်ဖို့ကောင်းပြီဗျ" ရယ်လို့ ပြောလာသည်ကြောင့် ကျွန်တော်သည် ရှက်ပြုံးလေးပြုံးလိုက်လျက်. .

"ဟုတ်တာမဟုတ်တာထက် . . လှလို့သိမ်းထားတဲ့ သဘောပါဗျာ" ရယ်လို့ပြောပြီး ထိုနေရာလေးမှ သွက်လက်သော ခြေလှမ်းတို့ဖြင့် ရှေ့မှ ဦးဆောင်ထွက်ခဲ့လေတော့၏။

ကျွန်တော်တို့သည် ထိုတောင်ကြောမကြီးအတိုင်းလျှောက်ခဲ့ကြရာမှ လမ်းသာသော တောင်ကြောစွယ်တစ်ခုအတွင်း ဆင်းလိုက်ကြတော့၏။ ကျွန်တော်တို့ဆင်းခဲ့မိသော တောင်ကြောစွယ်သည် ကြောရှည်ကြီး ဖြစ်လိုနေတော့၏။

သွားလာလမ်းကတော့ဖြင့် သာချေ၏။

သို့လျှောက်ခဲ့ကြရာမှ . . .

"ဟိုမယ်. . သားကောင်တွေ့ပြီဗျ"

သို့ဆိုလျက်. . . ကျွန်တော်သည် နောက်မှလိုက်လာသော
်င်းမြင့်လှိုင်နှင့် သံချောင်းကို လက်ကာပြတားလိုက်ပြီး ရှေ့ခပ်လှမ်း
မ်းရှိ ချုံနွယ်ရှေ့တွင် မားမားမတ်ရပ်နေသည့် ဆတ်ကောင်ကြီးရှိရာသို့
က်တွင်းရှိ သေနတ်ဖြင့် ထိုးချိန်လိုက်သည်။

"ဘွဲလ်"

"ဘူးအွဲလ်"

"ဘွဲလ်"

ဆတ်ကောင်ကြီးသည် ကျွန်တော်တို့ကိုမမြင် လည်တိုင်ကိုမော့
အော်နေလေတော့၏။

"ဝုတ် . . ဝုတ် . . ဝုတ် . ."

"ဝုတ် . . ဝုတ် . ."

"ဝုတ် . . ဝုတ် . ."

ကျွန်တော်သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်တော့
ည်ဟု စဉ်းစားလိုက်မိချိန်မှာပင် တောခွေးတစ်အုပ်၏အသံကြောင့်. .
နှ်တော်၏ပစ်မှတ်သားကောင်သည် ရုတ်ခြည်းဆိုသလို ထိုနေရာလေး
ာဆုန်ပေါက်ပြေးသွားလေတော့၏။

"တောက်"

ကျွန်တော်တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်ကာ. .
တ်ကောင်ကြီးနောက်ပြေးလိုက်သွားသော တောခွေးတစ်အုပ်ကို
ှမနပ်ကြည့်လိုက်မိတော့သည်။

မဲညစ်ညစ် ညိုတိုတို ခွေးတစ်အုပ်ကြားမှ အမွေးဖြူခွေးတ ကောင်သည် ထင်ပေါ်နေတော့၏။

“အဲဒီခွေးတစ်အုပ်နောက်လိုက်လျှင်ဖြင့် ဆတ်သားစားရချေ ဗျ”

သံချောင်းက သို့ပြောလေသဖြင့် . . .

“ဘယ်လိုဖြစ်နိုင်မှာလဲကွာ. . ဆတ်ကောင်ကို သူတို့လိုက်မ နိုင်ပါဘူး”ရယ်လို့ ကျွန်တော်ကပြောလိုက်သည်တွင် . . .

“ကျွန်တော်တော့ ခွေးအုပ်နောက်လိုက်သွားလျှင်ဖြင့် အကျိုး တစ်ခုတော့ ရနိုင်လိမ့်မယ်ထင်တယ်”ရယ်လို့ လင်းမြင့်လှိုင်ပြောလာသည် ကို မကန့်ကွက်လိုတော့ပေ။

သို့ဖြင့် ကျွန်တော်တို့သည် ခွေးအုပ်ပြေးလွှားသွားရာဘက် သွက်သွက်လျှောက်သွားလိုက်တော့၏။

တောခွေးတစ်အုပ်၏ ဆူဆူညံအသံကိုတော့ဖြင့် ကြား ရခြင်းကြောင့် ခြေရာခံလိုက်မမှားခဲ့ကြချေ။

အတန်ကြာ ခွေးအုပ်သံနားစိုက်၍ တစိုက်မတ်မတ်လိုက်ခဲ့ကြ ရာမှ. . . အင်းပျက်ဟုထင်ရသော မြေပြန့်လေးတစ်ခုအရောက်တွင် ခွေးတစ်အုပ်ကို လှမ်းတွေ့လိုက်တော့သည်။

တောခွေးတစ်အုပ်သည် သားကောင်ကို ဝိုင်းဝန်းကိုက်ဆွဲ ကြပုံဖြစ်၏။

တောခွေးတို့ ယောက်ယက်ခတ်၍နေကြ၏။

"မင်းပြောသလို ဆတ်ကောင်ကြီးကို သူတို့လိုက်မီကြပြီထင်
ဘ်"

လင်းမြင့်လှိုင်က သို့ပြောလျက် တောခွေးအုပ်ရှိရာသို့ သူ့လက်
းရှိသေနတ်ဖြင့် လှမ်းပစ်လိုက်တော့၏။

"ဒိန်း"

ခြောက်လုံးပစ်လိုက်ခြင်းသာဖြစ်၏။

ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် တောခွေးအုပ်
သည် ဆတ်ကောင်သေကို ဝိုင်းဝန်းကိုက်ဖဲ့ဆွဲနေသည်မှ ရုတ်ခြည်းဆို
ဒ် ပြေးလွှားထွက်သွားကြတော့၏။

"ဟင်"

တစ်ကောင်တည်းသော အမွေးဖြူတောခွေးကောင်သည်
ပြေးခြင်းအလျဉ်းမရှိချေ။

ကျွန်တော်တို့ကိုပင် သွားဖြဲမာန်ဖီ၍ ကြည့်နေလေတော့၏။

"ဒီကောင် အတော်ခေါင်းမာတဲ့ကောင်ပဲ"

သို့ဆိုလျက် ကျွန်တော်သည် လက်တွင်းရှိသေနတ်ဖြင့် ထိုတော
ချကို အသေပစ်သတ်ရန် လှမ်းချိန်လိုက်တော့၏။

"အသေတော့မလုပ်ပါနဲ့ ကိုပိုက်ရယ်"

လင်းမြင့်လှိုင်က သို့ပြောလာသည်ကြောင့် ကျွန်တော်သည်

. . . မှတ်လောက်သားလောက်အောင်တော့ လုပ်လိုက်မယ်ဗျာ"
က် သေနတ်မောင်းထိန်းခလုတ်ကို ဆွဲညှစ်လိုက်တော့သည်။

"ဒိန်း"

သည်တော့လည်း ခွေးဖြူကောင်သည် ဒယီးဒယိုင်ဖြင့် ဆတ်ကောင်သေအနားမှ ပြေးထွက်သွားတော့၏။

ခွေးတစ်ကောင်တစ်မြီးမျှ မမြင်ရလေတော့ချေ။

ကျွန်တော်တို့သည် ဆတ်သေကောင်ကြီးရှိရာသို့ သွားလိုက်ကြသည်။

"ဟာ"

"ဟင်"

ဆတ်သေကောင်ကို ခွေးတစ်အုပ် ဝိုင်းဝန်းကိုက်ခဲသတ်လိုက်ခြင်းမဟုတ်ပါကလား။

ဒူးလေးမြှားတံတစ်ချောင်းကသာလျှင် ဆတ်ကောင်ကြီး၏အသက်ကို ခြွေယူလိုက်ခြင်းပါကလား။ သို့ဆိုလျှင်ဖြင့် . .

ဆတ်ကောင်သေကြီးကိုမြင်လိုက်သည်နှင့် ကျွန်တော်နှင့် ဆ...မြင့်လှိုင်သဘောပေါက်သွားကြတော့၏။

ဆတ်ကောင်ကြီးကို မြှားတံရှင်မုဆိုးက ပစ်ခတ်သွားခြင်းဖြစ်သည်။

ပေါင်တစ်ချောင်း (ခြေတစ်ဖက်) ကိုတိတိရိရိ ဖြတ်ယူသွားသော မုဆိုးသည် ဘယ်သူများပါလိမ့်။

ကျွန်တော်တို့တွေ့လိုက်ဖူးသော ဒူးလေးကိုင်မုဆိုး (အသ...ပိုင်းသားဖြစ်နိုင်၏) များလား။

"ကဲ. . . ကိုပိုက်ရေ. . ဒီဆတ်ကောင်သေရဲ့ အသားအစိတ်ပိုင်းအချို့ကို ကျွန်တော်တို့ယူသွားလျှင်ဖြင့် တရားနည်းလမ်းကျလာက်ပါရဲ့ဗျာ. . ဘာလို့လဲဆိုတော့ ဒီဆတ်ကောင်ကြီးကို ကျွန်တော်ခဲ့တွေ့တာ ကိုပိုက်ကပစ်ခတ် ဖမ်းဆီးမယ်အလုပ်မှာ တောခွေးတစ်ပ် ဝင်နှောက်ယှက်လို့ လက်လွှတ်ဆုံးရှုံးလိုက်ရတယ်လေ. . အဲ တောခွေးတွေလက်ထဲကနေ မြားတံရှင်မုဆိုးက ရယူလိုက်ရလို့ထင်ပါရဲ့. . သူ့က်ပေါင်တစ်ချောင်းပဲ ဖြတ်ယူသွားတာလေ"

သို့ လင်းမြင့်လှိုင်ကပြောလာသဖြင့် . . .

"ဆတ်တစ်ကောင်ကို တောမုဆိုးသုံးယောက်က ပိုင်ဆိုင်ရက်တဲ့ သဘောပေါ့ဗျာ" ရယ်လို့ ပြုံး၍ပြောလိုက်တော့သည်။

ကျွန်တော်တို့သည် ဆတ်ကောင်ကြီး၏ ရင်အုံသားအနည်းငယ်ကို လှီးဖြတ်ယူလိုက်ကာ ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

ကျွန်တော်တို့ ထွက်လာသည်နှင့် အမွေးဖြူကောင်ဦးဆောင်သည့် တောခွေးတစ်အုပ်သည် ဆတ်ကောင်သေကြီးထံသို့ ပြန်ရောက်ခဲ့ကြတော့သည်။ လူသားနှစ်ဦးထားခဲ့သည့် သူတို့အစာကို အလုယက်ပွဲတော်တည်လိုက်ကြတော့သည်။

ကျွန်တော်တို့သည်လည်း အရိပ်ကောင်းကောင်းသစ်တစ်ပင်အောက်တွင် နားနေလိုက်ကြရင်း ဆတ်ကောင်ရင်အုံသားကို တံစို့ထိုးမီးကင်လိုက်တော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သစ်ပင်ကိုကျောမှီ နားနေစဉ်

သံချောင်းသည် သောက်ရေရှာထွက်သွားလေတော့၏။

အတော်ဝေးဝေးတွင် ဆတ်ကောင်သေကို ပွဲတော်တည်ကျန်ရစ်ခဲ့လေသည့် တောခွေးတစ်အုပ်အသံကို ခပ်လှမ်းလှမ်းနေရာလောက်ဆီမှ ကြားရလေသည်ကြောင့် သူတို့ပွဲတော်တည်ပြီးကြ၍ ထွက်သွားကြလေပြီဟု တွက်လိုက်သည်။

"ဒီကောင်တွေ ဟိုးရှေ့ကျွန်းတောဘက် ထွက်သွားကြတာဗျ ကျွန်တော်တို့နားနေ စားသောက်ပြီးလျှင်ဖြင့် အဲဒီကျွန်းတောဘက်လိုက်သွားကြတာပေါ့"

သို့ လင်းမြင့်လှိုင်ကပြောလေ၏။

ကျွန်တော်သည် မည်သို့မျှခွန်းတုံ့ပြန် မပြောခြင်းရှိပေမင့် 'ဆတ်ရင်အုံသား'မီးကင်ကို တစ်ဖက်တစ်ချက်လှန်ပေးလိုက်တော့၏။

အတန်ကြာတွင် မီးကင်နံ့သင်းပျံ့ပျံ့လေး ထွက်လာချေတော့၏။

"စားလို့ရပြီကိုလင်း"

ကျွန်တော်သည် ဆတ်အုံသားကင်တစ်စို့ထိုး တစ်ချောင်းကိုယူလိုက်ကာ. . လင်းမြင့်လှိုင်နားပြန်ထိုင်လိုက်ကာ သို့ပြောလိုက်သည်။

ကျွန်တော်သူ့အနား ရောက်သွားသည်နှင့် ဝီစကီပုလင်းပြားလေးကို လှမ်းပေးလာသည်။

ကျွန်တော်သည် ဆတ်ကောင်သားမီးကင်ကို သိတ်မဖြုတ်လေဘဲ မြေတွင်ထိုးစိုက်ထားလိုက်ပြီး ဝီစကီပုလင်းပြားအဖုံးဖွင့်၍ တင့်မော့

သာက်လိုက်တော့သည်။

"ဝူး"

လည်ချောင်းတွင် ပူခနဲဆင်းသွားတော့၏။ ရင်တွင်းထိ ပူခနဲ က်ဖြစ်တော့သည်ကြောင့် ဆတ်သားကင်ကို တစ်ကိုက်ဖဲ့ဝါးလိုက်တော့ ၏။

ရင်အုံသားဖြစ်ခြင်းကြောင့် နူးညံ့လွန်းလှ၏။

"ကောင်းတယ်ဗျ"

"ကောင်းမှာပေါ့. . . ခွေးအစာကို လူစားကြတာကိုး . . း. . ဟား. . ဟား"

သို့နှယ်လင်းမြင့်လှိုင်ကပြောပြီး သွားတက်လေးပေါ်အောင် ယ်နေလေတော့၏။

သည်သို့ဖြင့် ကျွန်တော်တို့နှစ်ယောက် စားလိုက်သောက်လိုက် ရှိရာမှ ဝါးဆစ်ဗူးတစ်တောင်ခန့်ဖြင့် ရေခပ်လာသော သံချောင်းကို လေမှ သံချောင်းကို သတိရလိုက်ကြတော့၏။

"ဟိုး ရှေ့နှစ်ကွေ့လောက်မယ် လတ်လတ်ဆတ်ဆတ် လူခြေ တွေ့တယ်"

သို့ သံချောင်းကပြောလာသဖြင့် လင်းမြင့်လှိုင်က . .

"ဒူးလေးကိုင် မုဆိုးဖြစ်မပေါ့ကွာ"ရယ်လို့ ပြောလိုက်၏။

"လုံးဝမဖြစ်နိုင်ဘူး"

သို့ သံချောင်းက ပြောလာသည်တွင် . . .

"မင်းကဘာယ်လိုပြောနိုင်လဲ"ရယ်လို့ ကျွန်တော်က သံချောင်းကို ဘုကြည့်ကြည့်ကာ ခပ်ဆတ်ဆတ်လေး မေးလိုက်သည်။

"ခြေရာက မိန်းမတစ်ယောက်ခြေရာလား . . . ကလေးတစ်ယောက်ခြေရာလားမသိ ခပ်သေးသေးရယ်"

သည်တွင် ကျွန်တော်သည် ခေါင်းမတ်လိုက်ကာ. . .

"ဟေ. . ငါညက မိန်းမတစ်ယောက်တွေ့လိုက်တာကြောင့် ဒီတောမယ်တကယ်ပဲ မိန်းမတစ်ယောက်ရှိနေပြီလားမှ မသိတာ. . . လာကွာ အဲဒီခြေရာသွားကြည့်ကြမယ်"

သို့ပြောလျက် ကျွန်တော်သည် ကပျာကသီ ထလိုက်သည်။

"ဖြည်းဖြည်းပေါ့ ကိုပိုက်ရယ်. . ဒါလေးလက်စဖြတ်ပြီးလျှင် သွားကြတာပေါ့"

လင်းမြင့်လှိုင်က သို့ပြောလာခြင်းကြောင့် ကျွန်တော်သည် နေရာမှာပင်ပြန်ထိုင်လိုက်ကာ လင်းမြင့်လှိုင်ထံမှ ဝီစကီပုလင်းပြားလေးကို ဆွဲယူလိုက်တော့သည်။

သံချောင်းသည် မီးပုံနားတွင်ထိုင်လိုက်ကာ ဆတ်ရင်ဖုံသားမီးကင်ကို အားပါးတရစားနေလေတော့၏။

ဝီစကီတစ်ပြားလည်းကုန် ဆတ်သားမီးကင်တို့သည်လည်း မှိုတော့ပြီဖြစ်သည်တွင် သံချောင်းသည်လည်း လုံလောက်စွာ နားနေပြီဖြစ်သည်ကြောင့် ထိုနေရာလေးမှ ထွက်ခဲ့ကြတော့၏။

"မင်းတွေ့ခဲ့တယ်ဆိုတဲ့ ခြေရာလေးနားသွားကြမယ်"ဆိုသည်

ကျွန်တော့်စကားကြောင့် သံချောင်းသည် လမ်းပြဦးဆောင်သူဖြစ်သွားလေတော့၏။

သံချောင်းပြောသလိုပင် ချောင်းအတိုင်း ဆန်တက်ခဲ့ကြရာမှ ကွေ့လေးနှစ်ကွေ့အရောက်တွင် သူပြောသည့်လူခြေရာကို တွေ့လိုက်ရတော့၏။

"ကလေးတစ်ယောက်လည်းဖြစ်နိုင်တယ်"

သို့ လင်းမြင့်လှိုင်ကပြောပေမင့် . . "မိန်းမတစ်ယောက် ခြေရာဖြစ်မယ်"ဟု ကျွန်တော်ကရဲရဲပြောလိုက်တော့၏။

ဘယ့်တွက်မူ ညကကျွန်တော်တောခွေးများနှင့်အတူ မိန်းမတစ်ယောက်၏သဏ္ဍာန်အရိပ်မှုန်ဝါးဝါးကို မြင်လိုက်မိခြင်းကြောင့်ဖြစ်သည်။

"ဒီလမ်းသွယ်လေးအတိုင်း သွားတာဖြစ်မယ်"

သို့ဖြင့် ကျွန်တော်တို့သည် ချောင်းကမ်းပါးယံမှ ခွဲထွက်သွားသော လမ်းသွယ် (တိရစ္ဆာန်တို့၏သွားလာလမ်း)အတိုင်း နင်းလျှောက်သွားလိုက်ကြတော့သည်။

ထိုလမ်းသွယ်လေးသည် ချုံပုတ်နွယ်ပင်တို့ကြား ဖြတ်သွားခဲ့ရာမှ ဝါးသုန်းတောအတွင်း ဖြတ်သွားပြန်သည်ဖြစ်၍ ကျွန်တော်တို့သည်လည်း ဝါးသုန်းတောကို တိုးခဲ့ကြရပြန်တော့၏။

ဝါးသုန်းတောအတွင်း လျှောက်နေစဉ် ဝါးသုန်းတောအလွန်တောတန်းလေးအတွင်းမှ ဆူညံသော တောခွေးတို့၏အသံကို ကြား

လိုက်ကြသည်ကြောင့် . . .

"ကျွန်တော်တို့ အဲဒီတောခွေးတွေဆီ သွားကြမယ်ဗျာ"ရယ် လို့ လင်းမြင့်လှိုင်ကပြောကာ ရှေ့မှခပ်သွက်သွက် လျှောက်သွားလေတော့သည်။

ဝါးသုန်းတောလွန်၍ တောတန်းလေးအတွင်းရှိ ချုံနွယ်ပင်တို့ကို ကွေ့ကာပတ်ကာ တိုးဝှေ့ကာ သွားနေကြရာမှ . . .

"တောခွေးတွေတစ်နေရာထဲမယ် ရှိနေကြတာဗျ. . သွားလာရင်း ဆုညံအော်ဟစ်နေတဲ့ပုံ မဟုတ်ဘူး"

လင်းမြင့်လှိုင်သည် မုဆိုးကောင်းပီသပေ၏။ သားကောင်တို့၏အသံကို အမြန်နားစွင့် တွက်ချက်နေခြင်းပါတလား။

လင်းမြင့်လှိုင်ပြောသလိုပင် ဆူညံသောတောခွေးသံတို့သည် တဖြည်းဖြည်းကျယ်လောင်လာ၏။

တစ်နေရာတည်းတွင် ရှိနေကြခြင်းပင်။

အလိုလေးဗျာ. .

လွန်စွာမျှကြီးမားသော တညင်းပင်ကြီးအောက်ခြေတွင် တောခွေးတစ်အုပ်ရှိနေချေ၏။

တညင်းပင်အောက်ခြေတွင် ယောက်ယက်ခတ်ရှိနေကြ၏။

အပင်ပေါ်သို့ မော်ကြည့်ဟောင်နေကြ၏။

အူနေကြ၏။

သို့ရှိနေကြရာ ကျွန်တော်တို့ ခြေသံကြားသည်တွင် လှည့်ကြည့်

လာကြပြီး တချိုးတည်းထွက်ပြေးသွားကြတော့သည်။

ခွေးတစ်အုပ် မော်ကြည့်ဟောင်နေသော တညင်းပင်ကြီးပေါ် လှမ်းကြည့်လိုက်သည်။

အကိုင်းအခက်အရွက်တို့ အုံ့အုံ့စိုင်းစိုင်းရှိနေခြင်းကြောင့် အသေအချာ အနားကပ်အကဲခတ်ကြည့်လိုက်၏။

ထူးခြားမှုဘာမျှမရှိချေ။ သို့ဆိုလျှင်ဖြင့် ဘယ်တွက် တောခွေး တစ်အုပ်က မော်ကြည့်ဟောင်နေ အူနေကြပါသနည်း။

ဝံကောင်တက်သွားလျှင်လည်း အကောင်ကြီးကြီးမို့ မမြင်တွေ့စရာအကြောင်းမရှိ။

ဖွတ်ကောင်များလေလား၊ သင်းခွေကျပ်ကောင်များလေလား။ အပင်ပေါ်တွင်မည်သည့် အကောင်မျှရှိပုံမပေါ်။ သို့ဖြစ်၍ ကျွန်တော်တို့သည် အရိပ်ကောင်းသော တညင်းပင်ကြီးအောက်တွင် နားနေထိုင်လိုက်ကြတော့၏။

"ဟင်"

အပင်ခြေရင်းတွင် ဖင်ချထိုင်ရုံရှိသေး လင်းမြင့်လှိုင်သည်. . ဘမန်းကတန်းပြ[illegible]ကာ ရှေ့မြေပြောင်ပြောင် အခြေကိုစူးစူးစိုက်စိုက် င့်ကြည့်နေလေတော့၏။

"ဒီမယ်. . လူခြေရာတွေဗျ"

သို့နှယ် ကျွန်တော့်ကိုကြည့် လှမ်းပြောလေသည်ကြောင့် . . .

"ဒီအပင်ကြီးက အရိပ်ကောင်းတော့ ကျွန်တော်တို့လို မုဆိုး

တွေနားနေတာဖြစ်မပေါ့"ရယ်လို့ ကျွန်တော်ကပြောလိုက်သည်။

သို့ ကျွန်တော်ကပေါ့ပေါ့တန်တန် သဘောထားပြောလိုက်သော်ငြားလည်း မင့် လင်းမြင့်လှိုင်သည် နက်နက်နဲနဲတွေးတောနေဟန်တူ၏။

မြေပြင်မှခြေရာတို့ကို ကြည့်လိုက် တညင်းပင်ကြီးကိုကြည့်လိုက်လုပ်နေပြီး ဘာစိတ်ကူးပေါက်သွားလေသည်မသိ အပင်ခြေသို့ပြန်လာကာ. . . တညင်းပင်ကြီးကို ရစ်ပတ်တွယ်တက်နေသော နွယ်ပင်ကို အသေအချာကိုင်တွယ်ကြည့်နေရင်းမှ ထိုနွယ်ကို ဆွဲကိုင်တွယ်တက်သွားတော့၏။

"ဟာ. . ကိုလင်း . . တာဇံလုပ်ဦးမလို့လား"

သို့နှယ် ကျွန်တော်ကပြောလိုက်ကာ နွယ်ပင်ကိုဆွဲဆုပ်ကိုင်တက်သွားသော လင်းမြင့်လှိုင်ကို မော့ကြည့်နေလိုက်တော့၏။

သို့ဖြင့် လင်းမြင့်လှိုင်သည် တညင်းပင်ကြီး၏ဝေဝေဖြာ အကိုင်းအခက်အရွက်တို့ကြား ပျောက်ကွယ်သွားတော့၏။

"ကိုပိုက်ရေ. . အပေါ်တက်ခဲ့စမ်းပါဗျာ"

အတန်ကြာလေမှ သို့အသံကြားလေသဖြင့် ကျွန်တော်သည် လင်းမြင့်လှိုင်နည်းတူ နွယ်ပင်ကိုဆုပ်ကိုင်တွယ်တက်လိုက်ရင်း . . .

"သံချောင်း. . မင်းဒီအောက်မှာပဲ စောင့်နေခဲ့. . ငါ့သေနတ်လည်းထားခဲ့မယ်. . ဟိုတောခွေးကောင်တွေ လာလျှင်ဖြင့် ငါ့သေနတ်နဲ့ခြောက်ပစ်. . ပစ်ချေကွာ. . ငါမောင်းတင်ထားခဲ့တယ်. . . မင်းသေနတ်ကော ပစ်တတ်တယ်မဟုတ်လား" ဟု သံချောင်းကို လှမ်း

ဘ်ပြောခဲ့တော့သည်။

သို့ဖြင့် ကျွန်တော်သည် အပင်ထိပ်သို့ရောက်သည်တွင် အံ့ဩ
ာ်မြင်ကွင်းကိုတွေ့လိုက်ရတော့၏။

လူတစ်ယောက် လုံလောက်စွာ သက်သောင့်သက်သာ . . .
ျလျောင်းအိပ်စက်နိုင်သည့် လင့်စင်တစ်ခုပေါ်တွင် လင်းမြင့်လှိုင်သည်
ျလျောင်းလျက် ကျွန်တော့်ကို ပြုံး၍ကြည့်နေလေတော့၏။

လင့်စင်ချည်းသက်သက်မဟုတ် တညင်းရွက်၊ အခက်အလက်
ဖြင့် အမိုးအကာလည်း လုပ်ထားခြင်းအားဖြင့် လူတစ်ယောက်နေထိုင်
သာနေရာဖြစ်ချိမ့်မည်ကို သိလိုက်၏။

"တောခွေးတွေမော်ကြည့်ဟောင်နေတာ သဘောပေါက်ပြီ
ား"

လင်းမြင့်လှိုင်က မေးလာ၏။

"အင်း. . နို့ကြောင့်ကိုးဗျ. . ဒီအပင်ပေါ်မယ် လင့်ရှိနေတယ်
ဆိုတာ ကိုလင်းသိလို့ တက်လာတာလား"

ကျွန်တော်သည်လင်းမြင့်လှိုင်နံဘေးတွင် ဝင်ထိုင်ရင်းမေးလိုက်
၏။

"တပ်အပ်သိနေတာတော့ မဟုတ်ဘူးပေါ့ဗျာ. . ဒီနွယ်ပင်ကို
ကြည့်ရတာ ကျွန်တော့်အတွက်မသက်သာစရာဖြစ်နေလို့ တက်ခဲ့တာပဲဗျ
ကျွန်တော်ထင်ထားသလို ဖြစ်နေတာကိုး"

"ရှင်းအောင်ပြောဗျာ"

သို့ ကျွန်တော်က ပြောလိုက်၏။

"နွယ်ပင်က ချောမွေ့နေတော့ကာ ဒီနွယ်ပင်ကို ပယ်မိုးသ
ယောက် သို့မဟုတ် သတ္တဝါကောင်ဆိုပါစို့ ဝံကောင်ဖြစ်ချင်ဖြစ်မယ်
မျောက်ကောင်ဖြစ်ချင်ဖြစ်မယ်. . အမြဲတမ်း တွယ်တက်တွယ်ဆင်း
လိမ့်မယ်. . နို့ကြောင့် နွယ်ကသဘာဝအတိုင်းမဟုတ်ဘဲချောမွေ့
တာကိုး. . နို့ကြောင့် ကျွန်တော်ကတွက်ကြည့်လိုက်တယ်. . အပင်အ
မှာလည်း လူခြေရာတွေ့တယ်ဆိုတော့ ဒီအပင်ပေါ်မယ် ထူးခြားမှုတ
ရှိနိုင်တယ်ဆိုပြီး တက်ကြည့်တာပဲဗျ"

"နို့ဖြင့် ခုလိုဆိုတော့ ဘယ်လိုထင်တုန်း"

"တောခွေးတွေက ဒီလူနဲ့ရင်းနှီးနေပါလိမ့်မယ်. . နို့ကြော
လည်း တောခွေးတွေက အပင်အောက်ကနေ အဲဒီလူကို လာလာအ
ပြုပေးနေကြတာဖြစ်မယ်. . ခုတော့ ဒီလူတစ်နေရာကို သွားနေပါလိ
မယ်. . အိပ်ချိန်ကျမှ ပြန်ပြန်လာတာဖြစ်မယ်"

"ဘယ်လိုလူဖြစ်နိုင်မလဲ"

သို့မေးလိုက်ပြန်၏။

"ကျွန်တော်တို့ စောင့်နေလျှင်ဖြင့် သိရမှာပေါ့"

"ဟင်. . နို့ဖြင့်. . ကျွန်တော်တို့ ဒီကနေထိုင်စောင့်နေမှာ
ဟုတ်လား"

"အဲလိုတော့ ဘယ်ဟုတ်ပါ့မလဲဗျာ. . အောက်ပြန်ဆင်း
တစ်နေရာကနေ ပုန်းကွယ်ပြီးတော့ ဒီလူပြန်အလာကို စောင့်ရမှာ

သို့ဖြင့် ကျွန်တော်တို့သည် အောက်သို့ပြန်ဆင်းခဲ့ကြပြီး ထို
တည်းပင်ကြီးနှင့် ခပ်လှမ်းလှမ်းရှိသစ်တစ်ပင်အခြေတွင် ပေါက်နေ
သည့် ယမထာကြိမ်အုံနွယ်ပင်နောက်ကွယ်တွင် သွားနေလိုက်ကြတော့
၏။

တောတောင်ထူထူထပ်ထပ်တွင်း ဘယ်သူများလင့်စင်ထိုးနေ
ခဲ့ပါလိမ့် သိချင်နေမိတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ကိုယ့်အတွေးနှင့်ကိုယ်ရှိနေ
ကြပေမင့် သံချောင်းသည် လူငယ်ပီပီပျင်းရိလာသည်ဖြစ်ခြင်းကြောင့်
လားမသိ မြေပေါ်တွင် ခွေခေါက်လှဲအိပ်နေလေတော့၏။

သို့ဆိုသလို သံချောင်းတစ်ယောက် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်
နေလေသည်တွင် "ဟောက်"သံပင် ထွက်လာသည်ကြောင့် ပုတ်နှိုး
လိုက်ရပြန်၏။

သူ၏ဟောက်သံကြောင့် ကျွန်တော်တို့ဒုက္ခခံစောင့်နေရကျိုး
နပ်ဖြစ်မည်စိုး၍ပင်။

အတန်ကြာတွင် တည်းပင်အောက်ခြေသို့ လူတစ်ယောက်
ရောက်လာချေတော့၏။

"ဟာ"

"ဟင်"

ကျွန်တော်တို့နှင့် ဆုံဖူးသော ဒူးလေးကိုင်လူဖြစ်နေတော့၏။

သံချောင်းတစ်ယောက်ကတော့ဖြင့် ဒူးထောင်ခေါင်းငိုက်

မျက်လုံးအစုံမှိတ်ပြန်အိပ်နေလေခြင်းကြောင့် ပုတ်နှိုးလိုက်ရပြန်ပြီး . . .

"မင်း . . ဟိုလူကိုသိလား"မေးလိုက်သည်တွင် သံချောင်းသည် တညင်းပင်ကြီးအောက်ခြေသို့ လှမ်းကဲကြည့်ပြီး ထိတ်လန့်တုန်လှုပ် ချောက်ချားသံဖြင့် . . .

"အဲဒါ . . အဲဒါ . . ထောင်ထွက် လူသတ်သမား အလယ်ပိုင်း သားလေ"ဟု ပြောလာတော့၏။

သို့ကြောင့် ကျွန်တော်သည် လင်းမြင့်လှိုင်ကို အဓိပ္ပါယ်ပါ ကြည့်လိုက်၏။

"ဘယ်လိုလုပ်ကြမလဲ"ဆိုသည့်သဘောဖြစ်၏။

လင်းမြင့်လှိုင်က ကပျာကသီနေရာမှထလိုက်ကာ လက်မှ မှသေနတ်ဖြင့် "အလယ်ပိုင်းသား"ဆိုသူထံသို့ လှမ်းပစ်လိုက်ရင်း ထိုသူ နားသို့ သွားလိုက်လေ၏။

"ဒိန်း"

ခြောက်လုံးပစ်လိုက်ခြင်းသာဖြစ်၏။

အလယ်ပိုင်းသားသည် နွယ်ပင်ကိုဆွဲကိုင်ဖက်တွယ်တက် အလုပ်တွင် ပြင်းထန်သော ယမ်းအားပေါက်ကွဲသံကြောင့် ထိတ် သွားခြင်းအလျဉ်းမရှိသော်လည်း သူ့ထံ သေနတ်ဖြင့်ထိုးချိန် လှမ်းလာနေသော လင်းမြင့်လှိုင်နှင့် ကျွန်တော်တို့ကို အံ့ဩတကြီး နေလေရာမှ . . .

"ဟင် . . သံချောင်း မင်းဒါဘာလုပ်တာလဲ"ရယ်လို့ သံချောင်း

ိမ်းစိမ်းဝါးဝါးကြည့်ကာ ပြောလေတော့၏။

"ထွက်ပြေးမယ် မစဉ်းစားပါနဲ့ . . . . အေးအေးဆေးဆေး
ပမ်းခံပါ"

သို့ပြောလိုက်သည့် လင်းမြင့်လှိုင်ကို စူးစိုက်ကြည့်လာပြီး . . .

"ခင်ဗျားတို့က ဘယ်သူတွေလဲ. . ဘာလို့ကျုပ်ကို အဖမ်းခံခိုင်း
သဲ. . ကျုပ်က ဘာလုပ်ခဲ့မိလို့လဲ"

သို့နှယ်ကြောက်ရွံ့တုန်လှုပ်ခြင်း ကင်းမဲ့ကာတည်ငြိမ်စွာဖြင့်
ာတော့၏။

"ခင်ဗျားက. . စမ်းရွာသား 'အလယ်ပိုင်းသား'မဟုတ်လား"

ကျွန်တော်ကမေးလိုက်၏။

"ဟုတ်တယ်. ."

ကျွန်တော့်ကိုစွေကြည့်ပြော၏။

"ခင်ဗျားက လူသတ်သမားပဲ. . လူသတ်ပြီး ရှောင်ပြေး ဒီမယ်
နေတာဆိုတော့ 'ဝရမ်းပြေး'လို့ ပြောရမှာပေါ့"

သို့ လင်းမြင့်လှိုင်ကပြောလိုက်သည်တွင် အလယ်ပိုင်းသား
ဟက်ဟက်ပက်ပက် ရယ်မောလေပြီး . . .

"ဟား. . ဟား. . ဟား. . ဟား. . ကျုပ် လူသတ်သမားဆို တာ
ါတယ်. . အဲဒီအတွက်လည်း ထိုက်သင့်တဲ့အပြစ်ဒဏ်ခံခဲ့ပြီး
. . . နို့ကြောင့် ဘာလို့ ဝရမ်းပြေးဖြစ်ရမှာလဲ"

အလယ်ပိုင်းသား၏ သို့စကားကြောင့် ကျွန်တော်မဲ့ပြုံးလေးပြုံး

လိုက်ပြီး . . .

"သည့်နောက်ပိုင်း ထောင်ကထွက်လာပြီးလေမှ . . . . . မင်း . . ရာဇဝတ်ပြစ်မှုတွေ အမျိုးမျိုးလုပ်ခဲ့တာတွေကော. . ဘယ်လို ပြောမလဲ သည့်ထက်ဆိုးတာက မင်း. . စမ်းရွာသူကြီးကို ရက်ရက် စက်စက် သတ်လိုက်တာပဲ. . "ရယ်လို့ ပြောလိုက်သည်တွင် အလယ်ပိုင်း သားသည် မထေမဲ့မြင် ရယ်မောလိုက်ပြီး . . .

"ဟား. . ဟား. . ဟား. . ဟား. . တယ်လဲ ရီ(ရယ်)ရတာပဲ ဗျ. . အဲဒီကိစ္စအားလုံး ကျုပ်နဲ့လုံးဝမပတ်သက်ဘူးဗျ. . ဘယ့်နှယ်ဗျာ စမ်းရွာမယ်. . မကောင်းတဲ့ကိစ္စ ဘာဖြစ်ဖြစ်. . ထောင်ထွက်လူသတ် သမားကျုပ်ကိုပဲ ထင်ကြတယ်. . အပြစ်ပုံချကြတယ်. . ဒီပြစ်မှုတွေ အားလုံးကျုပ်လုပ်တာပါလို့ ပြောလာတဲ့သူတွေက ဘာအထောက် အထားရှိလို့ ပြောကြတာလဲ. . ဘာသက်သေပြနိုင်ကြလို့လဲ. . ကဲ. . ပြောစမ်း. . ခင်ဗျားတို့ကတော့ သူစိမ်းတွေမို့လို့ မပြောချင်ဘူး. . ဟိုက် ကောင်. . သံချောင်း မင်းက စမ်းရွာသားပေပဲ. . ငါမေးတာပြောလေ ကွာ"

သို့နှယ် ကျွန်တော်တို့ကို ပြောနေရင်းမှ စမ်းရွာသားသံချောင်း ကိုလှည့်ကြည့်၍ ဟိန်းဟောက်မေးလေသည်ကြောင့် သံချောင်းတစ် ယောက်တုန်လှုပ်သွားတော့၏။

သံချောင်းသည် အလယ်ပိုင်းသားကို စေ့စေ့ပင်မကြည့်ရဲဘေ ဘဲ ခေါင်းငုံ့နေလေတော့၏။

အလယ်ပိုင်းသား၏ သူ့အပေါ် အကြည့်သည်လည်း စူးရဲလှ

သည်ကိုး။ သတ်တော့ဖြတ်တော့မည့်ပုံ၊ စားတော့ဝါးတော့မည့်ပုံ ဘာ၏။

"နို့ဖြင့်လည်း မင်းဘာလို့ စမ်းရွာကထွက်ပြီး ဒီတောတောင် ဝရမ်းပြေးလို လာနေရတာတုန်း"

သို့နှယ် လင်းမြင့်လှိုင်က မေးလိုက်၏။

သည်တွင် အလယ်ပိုင်းသားသည် မည်သို့မျှမပြောလာလေဘဲ သော မျက်နှာထားဖြင့် အဝေးသို့လှမ်းကြည့်နေလေတော့၏။

သူဘာယ်လိုဖြစ်သွားတာပါလိမ့်။

ကျွန်တော်သည် လင်းမြင့်လှိုင်ကို ကြည့်လိုက်၏။

လင်းမြင့်လှိုင်နှင့် မျက်နှာချင်းဆုံလေသည်တွင် လင်းမြင့်လှိုင် င်းခါရမ်းပြလေတော့၏။

"ကျုပ်ရဲ့ ဇာတိချက်မြုပ် စမ်းရွာမှာပဲ နေလိုချင်တာပေါ့ဗျာ စမ်းရွာက ကျုပ်ကိုအမြင်မှမကြည်ကြလေတာဆိုတော့ ကျုပ် ကြာလျှင်သူတို့ပြောတဲ့အတိုင်း လူဆိုးလူမိုက်ပြန်ဖြစ်ပြီး လူသတ် သို့ ကျောခိုင်းထွက်လာတာပေါ့. . နို့တောင်မှ ကျုပ်ကို အလွတ် ပါကလား. . . ဒီအထိလိုက်ပြီး ဒုက္ခပေးချင်ကြတာကိုး"

သို့ဆိုလျက် အလယ်ပိုင်းသားသည် သံချောင်းကို စူးစူးရဲရဲ လိုက်တော့၏။

မကျေမနပ်ဖြစ်နေသည့်ပုံ။

"ဝုတ်. . ဝုတ်. . ဝုတ်. ."

"ဝုတ်. . ဝုတ်. . ဝုတ်"

"ဝုတ်. . ဝုတ်"

သို့ရှိစဉ် ကျွန်တော်တို့ နောက်ဘက်မှတောခွေးတစ်အုပ် အသံကြားလိုက်လေသည်ကြောင့် ကမန်းကတန်းလှည့်ကြည့်မိတော့၏။

"ဟာ"

ကျွန်တော်တို့ကို ဒုက္ခပေးရန် ပြေးလာကြခြင်းဖြစ်တော့၏။ သို့ကြောင့် ကျွန်တော်သည် ကပျာကသီပင် လက်တွင်းရှိသေနတ်ကြ လှမ်းထိုးချိန်ပစ်လိုက်သည်။

"ဒိန်း"

"ကိန်. . ကိန်. . ကိန်"

"ဒိန်း"

လင်းမြင့်လှိုင်သည်လည်း လက်မနှေးပါချေ။

စုပြုံပြေးလာသည့် တောခွေးအုပ်သည် ကပျာကယာ ကိုယ် သတ်သွားကြကာ နောက်သို့လှည့် ဦးတည်ရာမဲ့ ပြေးလွှားသွားကြ ၏။

တောခွေးနှစ်ယောက် သေကျန်ရစ်ခဲ့တော့၏။

သေနေသော တောခွေးနှစ်ကောင်ကို ကြည့်ကာစိတ်မ ဖြစ်မိတော့၏။

ကိုယ့်အသက်အန္တရာယ်ကာကွယ်ရန်အလို့ငှာသာ ပစ် ခြင်းဖြစ်တော့သည်။ ဘယ်တတ်နိုင်ပါတော့မလဲလေ။

သည့်နောက် ကျွန်တော်သည် အလယ်ပိုင်းသားဘက် မျက်နှာ ပြန်မူလှည့်လိုက်တော့သည်။

"ဟင်"

ကိုယ်ပျောက်သလို ပျောက်သွားပါကလား မြန်လိုက်လေခြင်း ရယ်..။

ရလိုက်သော အခွင့်အရေးကို လက်လွှတ်မခံ။

မဆိုစလောက်သော အချိန်ကလေးကို အသုံးချသွားလေခြင်း ဖြစ်၏။

"ဒီခွေးကောင်တွေ ဝင်ရှုပ်လို့ လူသတ်သမားကို လက်လွှတ် လိုက်ရတယ်"

သို့နှယ်ပြောပြီး လင်းမြင့်လှိုင်သည် တည်းပုင်အခြေတွင် စိတ် ပျက်စွာဖြင့် ထိုင်ချလိုက်လေတော့သည်။

"ဘယ်လိုဆက်လုပ်ကြမလဲ"

လင်းမြင့်လှိုင်နားတွင် ကပ်ထိုင်လိုက်ပြီး ကျွန်တော်ကမေးလိုက် သည်။

"ကျွန်တော်တို့ သူ့ကိုအလွတ်ပေးလို့မဖြစ်ချေဘူး"

လင်းမြင့်လှိုင်သည် ညှိုးငယ်သော မျက်နှာဖြင့် အားကိုးတကြီး သူ့ကိုကြည့်နေရှာသောသံချောင်းကိုကြည့်၍ ကျွန်တော့်ကိုပြောလာ ခြင်းကြောင့် ကျွန်တော် သူဘာဆိုလိုသည်ကို သဘောပေါက်လိုက်တော့ ၏။

**သုစုမစောပေတိုက်**

အလယ်ပိုင်းသား၏ နောက်တစ်ယောက်ပစ်မှတ် မနုဿသား ကောင်သည် သံချောင်းများ ဖြစ်လေမလား။

"ကဲ . . ကိုပိုက်ရေ . . ကနေ့ညကျွန်တော်တို့ ဒီလင့်စင်ပေါ်ပဲ တက်အိပ်ကြတာပေါ့ဗျာ"

လင်းမြင့်လှိုင်က တညင်းပင်ကြီးပေါ် မော်ကြည့်ပြောလာ တော့၏။

သို့ဖြင့် ကျွန်တော်တို့သည် သံချောင်းကို လင့်စင်ပေါ်တက်နေ နိုင်းလိုက်ပြီး ညစာအလို့ငှာ ထိုအနီးတဝိုက် ထွက်ခဲ့ကြသည်တွင် . . .

"သံချောင်းကို တစ်ယောက်တည်း နေရစ်နိုင်းလို့ ဖြစ်ပါ့မ လား" ရယ်လို့ ကျွန်တော်က စိုးရိမ်စိတ်ဖြင့် မေးလိုက်သည်တွင် လင်းမြင့် လှိုင်က သွားတက်လေးပေါ်ရုံ ပြုံးလိုက်လျက် . . .

"စိတ်ချ အလယ်ပိုင်းသား ဘယ်တော့မှ ဒီနားပြန်လာတော့မှာ မဟုတ်ဘူး"ပြောလာသဖြင့် ကျွန်တော်စိတ်အေးစွာ ခေါင်းညိတ်လိုက် တော့သည်။

ကံအားလျော်စွာပင် လွန်စွာမျှကြီးမားသော နှစ်ချို့ ဖွတ်ကြီး တစ်ကောင်ကို ရလိုက်သည်နှင့် အရေဆုတ်၊ မီးကင်လိုက်ပြီး တညင်းပင် ကြီးသို့ ပြန်ခဲ့ကြတော့၏။

အပြန်လမ်းတွင် စမ်းရေအိုင်လေးတွေ့သည်ကြောင့် ရေချိုး လိုက်ကြသေးတော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တညင်းပင်ကြီးပေါ်ရှိ လင့်သို့

ပြန်ရောက်ကြသည့်တွင် ရင်ထိတ်သွားကြရတော့၏။

သံချောင်းရှိမနေပါကလား။

ဘယ်များထွက်သွားပါလိမ့်။

ဘယ်ရောက်သွားပါလိမ့်။

သူ့သဘောနှင့်သူ ထွက်သွားလေသည်လား. . တစ်စုံတစ်ဦး ၏ယောဂကြောင့် ထွက်သွားခြင်း ပျောက်သွားခြင်းလေလား။

"ဘယ်လိုလုပ်မလဲ ကိုလင်း"

သံချောင်းအတွက် စိုးရိမ်တကြီးမေးလိုက်တော့၏။

"အောက်ပြန်ဆင်းပြီး ဟိုနားသည်နား လိုက်ရှာကြည့်ကြတာ ..."

သို့ပြောလာပေမင့် လင်းမြင့်လှိုင်သည် ချက်ချင်းဆင်းလေခြင်း ...ဘဲ ပုလင်းပြားလေးကို ထုတ်၍တစ်ငုံမော့လိုက်၏။ ပြီးနောက် ကျည် ...ဘင့်ကို လှမ်းပေးပြီး ဖွတ်သားတစ်တုံးကို မြို့လိုက်ကာ လင့်အောက် ပြန်ဆင်းသွားတော့၏။

ကျွန်တော်သည်လည်း လင်းမြင့်လှိုင်နည်းတူ အရက်တကျိုက် ...သောက်လိုက်ပြီး အသားတစ်တုံးမြို့ဝါးလျက် လင်းမြင့်လှိုင်နောက် ...းလိုက်သွားတော့၏။

အပင်အခြေသို့ ရောက်သည့်တွင် လင်းမြင့်လှိုင်တစ်ယောက် ...ချောင်း၏ခြေရာကို လိုက်ရှာနေတော့သဖြင့် ကျွန်တော်သည်လည်း ...ရောတပိုက် လှည့်ပတ်ကာ သံချောင်း၏ခြေရာကို ရှာနေလိုက်

တော့၏။

"သံချောင်း လာလမ်းနောက်ကြောင်းဘက် ပြန်သွားတာဗျ"

ကျွန်တော်တို့လာခဲ့သည့် လမ်းမြောင်လေးအတိုင်း ခြေဦးလှည့်နေသော သံချောင်း၏ခြေရာကို ကြည့်ပြီးလင်းမြင့်လှိုင်က ပြောလေ၏။

"သူ့စိတ်ထဲမယ် ကျွန်တော်တို့မရှိတုန်း အလယ်ပိုင်းသား ပြန်လာရန်ရှာမှာ ကြောက်ပြီး ဆင်းပြေးသွားတာဖြစ်မယ်ဗျ"

ကျွန်တော်က မှတ်ချက်ချပြောလိုက်၏။

"သူကြောက်မယ့်သာ ကြောက်နေတာပါဗျာ. . အလယ်ပိုင်းသားက ဘယ်တော့မှ ပြန်မလာဘူးမှတ် သူ့သေတွင်းကို သူဘယ်တော့တူးမယ့်လူစားမဟုတ်ဘူး"

သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သံချောင်း၏ ခြေရာခံလိုက်ခဲ့ကြတော့၏။

"အလကားကောင်လေးဗျာ . . လင့်စင်ပေါ်မှာနေနေတာ အသူ့တွက် လုံခြုံသေးရဲ့. . ခုလိုသူတစ်ယောက်တည်း သွားနေတာ အအလယ်ပိုင်းသားရဲ့အန္တရာယ်မကြုံနိုင်ပေဘူးဆိုပေမင့်. . သားရဲကောင်တို့ရဲ့ အန္တရာယ်ကို ကြုံရမှာဗျ. . မှောင်စပြုနေပြီလေ"

လင်းမြင့်လှိုင်၏ စကားက ဂရုဏာဒေါသသံလေးစွက်နေတော့၏။

သို့စကားတပြောပြော လျှောက်ခဲ့ကြရာမှ ကျွန်တော်လျှောက်ခဲ့ကြသော လမ်းမြောင်လေး၏ ရှေ့ဘေးလွယ်ခုတ်လော

ချုံနွယ်လေး နောက်ကွယ်မှ ဆူညံသော တောခွေးတစ်အုပ်၏အသံ ကြောင့် လက်ကွင်းရှိသေနတ်ကို အရှံသင့် ပစ်ခတ်နိုင်ရန် ရှေ့သို့ထိုးချိန် ထားလိုက်တော့သည်။

လင်းမြင့်လှိုင်သည်လည်း ကျွန်တော်ကဲ့သို့ပင် သူ့လက်တွင်းရှိ သေနတ်ဖြင့် ရှေ့သို့ ထိုးချိန်ထားပြီးဖြစ်တော့သည်။

"ဟာ"

"ဟင်"

မြင်လိုက်ရသောမြင်ကွင်းကြောင့် ကျွန်တော်ကော လင်းမြင့် လှိုင်ပါ ထိတ်လန့်အံ့ဩသွားကြတော့သည်။

ချုံနွယ်ပင်တို့ကြားမှ သွေးအလိမ်းလိမ်းဖြင့် ပြေးထွက်လာ သော သံချောင်းသည် ကျွန်တော်တို့ရှေ့ခပ်လှမ်းလှမ်းတွင် အားသွန် မှောက် ချက်လဲကျသွားတော့၏။

သို့တပြိုင်နက်ဆိုသလိုပင် တောခွေးတစ်အုပ်သည်လည်း သံချောင်းရှိရာသို့ အုံခဲရောက်လာကြသည်ကြောင့် . . .

"ဒိန်း"

"ဒိန်း"

ခြောက်လှန့်ပစ်လိုက်ကြခြင်းဖြစ်တော့သည်။

ချုံနွယ်ပင်တို့ကြားနောက်ကွယ်သို့ တောခွေးများ ပြန်လှည့် ပြေးဝင်သွားကြလေတော့သည်။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် သံချောင်းထံသို့ ပြေးသွား

လိုက်ကြတော့သည်။

သံချောင်းတစ်ယောက် အသက်ငွေ့ငွေ့သာရှိတော့၏။

ကျွန်တော်တို့ မည်သို့တတ်နိုင်ပါတော့မည်နည်း။

"ဒါ . . အလယ်ပိုင်းသား လက်ချက်ဖြစ်မယ်"

သံချောင်း၏အလောင်းကို ကြည့်ရင်း . . စိတ်မကောင်းဖြစ်သွားပုံရသည့် လင်းမြင့်လှိုင်နှုတ်ဖျားမှ လျှံထွက်လာသော စကားသံဖြစ်တော့သည်။

▲▼▲▼▲▼▲▼

“မင်းကိုငါ အစကတည်းက ဒီမှာပဲနေနိုင်းတာမဟုတ်လား
တော့မင်း ဒုက္ခရောက်လာပြီပေါ့ ဟုတ်လား”

သည်တွင် အလယ်ပိုင်းသားသည် ဝပ်တွားဦးချလျက်မှ မော့
ကြည့်လိုက်လေပြီး . . .

“ရသေ့ကို ဒုက္ခမပေးလိုလို့ အေးအေးချမ်းချမ်း တစ်ယောက်
ည်းသွားရေ့၊ ဘာတောင်မှ အလွတ်မပေးကြပါကလား. . ကျွန်တော်
ည်း ဘယ်လိုမှ သူတို့ကိုရှင်းပြလို့မရဘူး. . အတိတ်က အရိပ်မည်းကြီး
ပဲ ဘာဖြစ်လို့သူတို့က အလေးထားကြည့်နေကြတာပါလိမ့်”

သို့စကားကြောင့် ရသေ့သည် ကြည်လင်သော အပြုံးတစ်ချက်
ပြုံးလိုက်လေပြီး . . .

"မင်း ဝဋ်ကြွေးမကုန်သေးလို့ပေါ့ကွာ. . . မင်းဘယ်လိုပဲ ကောင်းအောင်နေနေ မင်းမှာဝဋ်ကြွေးတွေရှိတော့ကာ. . ထပ်ကြပ် မကွာ လိုက်တောင်းနေကြမှာပဲကွ. . အေး. . သည်းညည်းခံလိုက် ဘာ မှမကြောက်နဲ့ သတ္တိရှိရှိသည်းညည်းသာခံလိုက်ကွာ ဝဋ်ကြွေးကုန်တဲ့အခါ ပြီးသွားလိမ့်မယ်. . အေး အကြွေးသစ်တော့ ထပ်မယူမိအောင်အလေး ထားကွယ့်. . ဝဋ်ကြွေးဆိုတာ တခြားအကြွေးနဲ့မတူဘူး . . . တခြား အကြွေးဆိုတာ. . တတ်နိုင်လို့ကတော့ တစ်ကြိမ်တည်းနဲ့ အပြတ်ဆပ် လိုက်လို့ ကြေနိုင်ပေမင့် ဝဋ်ကြွေးဆိုတာမျိုးက တပြိုင်နက်ဆပ်လို့မရဘူး မှတ်. . သူ့အချိန်သူ့အခါရောက်လေမှ ပေးဆပ်သင့်တဲ့အခါရောက် လေမှ. . နည်းနည်းချင်းဆပ်နေရတာ. . "ရယ်လို့ ပြောလေ၏။

"နို့ကြောင့်လည်း ကျွန်တော်သည်းခံပြီးပေးဆပ်နေတာပဲလေ. . သီးသန့်ကမ္ဘာလေးထဲ ရောက်နေပြီဆိုတော့ကာ ပြီးပြတ်ပြီလို့လဲထင် နေပြီလေ ခုတော့ . . . "

"အိမ်းကွယ့်. . မင်းက ဒီဘဝတင်မဟုတ်ဘူး. . အတိတ်ဘဝ တွေတုန်းက ပြုခဲ့တဲ့အပြစ်တွေအတွက်လည်း. . ပေးဆပ်စရာတွေရှိနေ သေးလားမှ မသိတာချည်း. . ကုန်ကုန်ပြောမယ်ကွာ. . သည်ပုံ ဆိုလျှင် ဖြင့် ဒီဘဝနဲ့တောင် ဝဋ်ကြွေးတွေပြတ်ပါလေဦးမလား"

သို့ . . . ရသေ့စကားကြောင့် အလယ်ပိုင်းသားတစ်ယောက် မျက်လုံးပြူးသွားရတော့သည်။

"ဘုရားရေ"လို့လည်း ရေရွတ်မိတော့၏။ ပြီးလေမှ. .

"နို့ဖြင့်ဘယ်လိုလုပ်သင့်သလဲ ရသေ့ကြီး ပြောပါဦးဗျာ"ဟု ...နယ်ယင်သော အသံဖြင့် မေးလိုက်သည်။

"ဝဋ်ကြွေးဆိုတာကိုတော့ ဘယ်သူမှ ကင်းလွတ်ခွင့်မရှိကြဘူး ...။ . အေး. . ဝဋ်ကြွေးအသစ်ထပ်မတင်ရလေအောင်တော့ဖြင့် ရသေ့ ...ပ်ပေးလို့ရတယ်"

"ဘယ်လို. . ရသေ့ကြီး ရှင်းအောင်ပြောပြစမ်းပါဗျာ"

သို့နှယ်ဆိုလျက် ရသေ့ကြီးနားဝပ်တွားတိုးလိုက်တော့၏။

သည်တွင် ရသေ့သည် အလယ်ပိုင်းသား၏ဦးခေါင်းကို အသာ ...သာပွတ်သပ်လိုက်ပြီး . . .

"မင်း. . ငါ့အနားမှာပဲနေချေတော့ ပြီးတော့ မင်းကိုရသေ့ ...ရင်ကြီးဘဝကို ပြောင်းပေးမယ်"

"ဗျာ"

သို့နှယ်ပြောလိုက်ပြီးသည်နှင့် ရသေ့သည် အလယ်ပိုင်းသား ...မလည်သော ဘုရားစာရှည်ကြီးကို မရပ်မနားရွတ်ဖတ်လိုက်လေပြီး ...ောက်. . လက်တွင်းရှိကြေးစည်လေးကို "နောင်. . ဝေ. . ဝေ. . ဝေ" ...ယ်လို့ မြည်အောင်ရိုက်ခတ်လိုက်လေတော့သည်။

▲▼▲▼▲▼▲▼

"နောင်. . ဝေ. . ဝေ. . ဝေ. . ဝေ"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အဝေးမှလွင့်ပျံ့လာသော ကြေးစည်သံလေးကို သဲ့သဲ့ကြားလိုက်ရလေသည်ကြောင့် တစ်ယောက် မျက်နှာတစ်ယောက်ကြည့်ကာ အဓိပ္ပါယ်ပါပါပြုံးလိုက်ကြတော့သည်။

"ဒီတောထဲမယ်. . ရသေ့မွေ့ပါလ ရောက်နေပြန်ပြီထင်ပါရဲ့"

သို့နှယ် ကျွန်တော်ကပြောလိုက်၏။

"ဟိုးရှေ့က တောင်ကတုံးပေါ်မှာ ဖြစ်လိမ့်မယ်ဗျ . ."

"ဒီဖြင့်လည်း သွားလိုက်ကြတာပေါ့" ဆိုလျက် နှစ်ယောက်သား ထိုတောင်ကတုံးဘက် ခပ်သွက်သွက်ထွက်ခဲ့ကြတော့၏။

အချိန်သည်လည်း နေမွန်းတိမ်းလေပြီဖြစ်သည်။

**သုစမေတာဝေတိုက်**

သံချောင်း၏အလောင်းကို ကျကျနနကျင်းတူးမြေမြှုပ်နေကြရခြင်းကြောင့် အချိန်ကုန်မှန်းမသိကုန်ခဲ့ကြရ၏။ တစ်နေကုန် ဖွတ်သားလေးတစ်တုံးဆီသာ စားခဲ့ကြရခြင်းကြောင့် ဆာလောင်မွတ်သိပ်ခြင်းသည်း ဖြစ်နေမိသဖြင့် ရသေ့ရှိရာသို့ အားကိုးတကြီးလာခဲ့ကြခြင်းဖြစ်တော့၏။

ရသေ့နှင့်တွေ့လျှင် ကျွန်တော်တို့နှစ်ယောက်အတွက် စားစရာတစ်ခုခုတော့ဖြင့် ရနိုင်မည်ကို သိထားကြသည်ကိုး။ ပြီးတော့လည်း ရှုရာယ်ကင်းကင်း နားနေအိပ်စက်ရန် နေရာလည်းရပေမည်မဟုတ်ပါလား။

သည်သို့ဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် လျှိုမြောင်တို့ကိုတက်၊ တောင်ကြောစွယ် နှစ်ခုခန့်တက်ဆင်းခဲ့ပြီးကြသည်တွင် တောင်ကတုံးအခြေသို့ ရောက်ခဲ့ကြတော့၏။

ထိုတောင်ကတုံးပေါ်သို့ လွယ်လင့်တကူတက်နိုင်သော ဆင်ပတ်လမ်းကို တွေ့လိုက်သည်တွင် ဝမ်းမြောက်ဝမ်းသာဖြစ်မိကြတော့၏။

ဤတောင်ကတုံးပေါ်တွင် ရသေ့ရှိနိုင်လောက်ချေ၏။

ဘယ့်တွက်မူ ထိုဆင်ပတ်လမ်းတွင် ဖနှောင့်တိုတို ခြေဖဝါးဗျက်ပြဲကျယ် ခြေမတုတ်တုတ်၊ ခြေရာကိုတွေ့လိုက်ရခြင်းကြောင့် ဖြစ်ပေသည်။

ထိုခြေရာသည် ရသေ့မွေပါလ၏ ခြေရာပင်ဖြစ်တော့၏။

တောင်ကတုံးသည် မြင့်လှသည်တော့မဟုတ်။

"နောင်. . ဝေ. . ဝေ. . ဝေ. . ဝေ"

**သုံးစုမစာမေတိုက်**

တောင်ကတုံးပေါ်မှ သို့ကြေးစည်သံလေးလွင့်ပျံ့လာပြန်လေသည်ကြောင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကာပြုံးလိုက်ကြပြန်တော့၏။

"ကဲ. . ကိုပိုက်ရေ. . ရသေ့နဲ့မတွေ့ခင် ဒါလေးအပြတ် ဖြတ်ခဲ့လေမှ"ဟု ပြောလျက် လင်းမြင့်လှိုင်သည် ဝီစကီတစ်ဝက်နီးနီးခန့်ရှိသေးသည့် ပုလင်းပြားလေးကို ထုတ်လိုက်ပြန်တော့၏။

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် တောင်ပတ်ဆင်လမ်း နံဘေးသစ်မာပင်ကြီးတစ်ပင်အောက်တွင် နားနေထိုင်လိုက်ကြပြီး အရက်လက်ကျန်ကို ရှင်းလိုက်ကြတော့သည်။

သည့်နောက် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ဆင်လမ်းအတိုင်း တောင်ကြောပေါ်သို့ တက်ခဲ့ကြတော့သည်။

တက်ခဲ့ကြသော တောင်ကြောလမ်းတလျှောက် သစ်ပင်ကြီး များကျိုးတိုးကျဲတဲသာရှိကြ၏။

ဝါးသုန်းပင်များကြားမှ ကျွန်းပင်ပျိုများကိုလည်း တွေ့ရ၏။

အခေါက်ပါးပါးနှင့် ဖြစ်ခြင်းကြောင့် ခါးချိတ်ဓားဖြင့် အခေါက်နှင့်အသားကို ခွာကြည့်လိုက်၏။

ထင်ထားလေသည့်အတိုင်း ကျွန်းနက်များဖြစ်ချေတော့၏။

ထူးဆန်းသော တောင်ကတုံးတောင်ကြောဟု ဆိုရပေလိမ့်မည်။ သို့ကြောင့်လည်း ရသေ့မွေ့ပါလရှိနေခြင်းဖြစ်မည်။

ကျွန်တော်တို့သည် ကိုယ့်အတွေးနှင့်ကိုယ် လျှောက်ခဲ့ကြသော တောင်ကြောပြန့်ကျယ်ကျယ်သို့ ရောက်ခဲ့ကြသည်တွင် ရသေ့မွေ့ပါ

ှင့် ၄င်းရှေ့တွင် ဝုတ်တုတ်ဆိုင်နေသည့် လူတစ်ယောက်ကို မြင်လိုက်ရသည်တွင် အံ့ဩမိကြတော့၏။ ဘယ့်တွက်မူ ရသေ့မမွှေပါလသည် သူ့ရှေ့တွင် ဝုတ်တုတ်ထိုင် ခေါင်းငုံ့နေသည့် လူ၏ဆံပင်တို့ကို ရိတ်ပယ်နေခြင်းကြောင့်ဖြစ်တော့၏။

ရသေ့ ထိုသူ့ကို ဘယ့်တွက် ခေါင်းတုံး တုံးပေးနေခြင်းပါလိမ့်သူကော ဘယ်သူများပါလိမ့် . . .

"ဟင်"

"ဟာ"

အလယ်ပိုင်းသားဖြစ်နေပါကလား။ ထောင်ထွက် လူသတ်မား ဝရမ်းပြေးအလယ်ပိုင်းသားဖြစ်နေခြင်းကြောင့် . . .

"ဦးရသေ့ . . ဘာလို့ ဒီလူ့ကို ခေါင်းတုံး တုံးပေးနေရတာတုန်းသူက လူသတ်သမားလေ. . . ဘာလဲ လူသတ်သမားကို သာသနာ့ဘောင်ထဲ ဆွဲသွင်းပေးလိုက်တာနဲ့ သူ့ရဲ့အပြစ်တွေကို ရှောင်လို့ရမယ်ဖျောက်လို့ရမယ်မျှားထင်လို့လား"

သို့နှယ်ပြောလဲပြောရင်း ကျွန်တော်သည် ရသေ့နားသို့ တိုးသွားပြီး ဆံချပေးနေသော ရသေ့၏လက်ကို ဆွဲထားလိုက်တော့၏။

ကျွန်တော်၏လုပ်ရပ်ကြောင့် အလယ်ပိုင်းသားသည် အံ့ဩကြီးမော်ကြည့်လာတော့၏။

ရသေ့မမွှေပါလသည် ကျွန်တော်ဆုပ်ကိုင်ဆွဲထားသည့် သူ၏က်ကို ရုန်းကန်ခြင်းမပြုလေဘဲ ကျွန်တော်နှင့်လင်းမြင့်လှိုင်ကို ပြုံး၍ကြည့်နေရင်းမှ . . .

"သာသနာ့ဘောင်ထဲ သွင်းပေးဖို့မဟုတ်ပါဘူး. . ရသေ့အနေနဲ့လည်း အဲလိုလုပ်ပေးလို့မရပါဘူး. . ရသေ့နားမယ် လောလောဆယ်ဖိုးသူတော်အနေနဲ့ နေခိုင်းရုံပါပဲ"ရယ်လို့ ပြောလာတော့၏။

"ရသေ့က သူ့ကိုသိလို့လာ. . သူ့ရဲ့နောက်ကြောင်းရာဇဝင်ကိုကော ဘယ်လောက်သိလို့လဲ"

သို့ ကျွန်တော်ကပြောလိုက်ပြန်၏။

"ရသေ့အနေနဲ့ သူ့ရဲ့နောက်ကြောင်းရာဇဝင် ဆိုတာသိဖို့မလိုပါဘူး. . ရသေ့ဆီကို သူရောက်တယ်. . ဒုက္ခနဲ့ရောက်လာတာ သူ့ကံဇာတာကိုက ကောင်းကိုမကောင်းတာကလား. . အတိတ်ဝဋ်ကြွေးတွေပဲပေါ့. . သူကြုံခဲ့ရတဲ့ ဒုက္ခသုခတွေဟာ အတိတ်ဝဋ်ကြွေးဆပ်နေတာပဲပေါ့. . အဲဒီအတိတ်ဝဋ်ကြွေးတွေ ကုန်မကုန်တော့မသိဘူး သူ့ခံနိုင်ရည်မရှိတော့ဘူး. . နို့ကြောင့် သူဘာဆက်လုပ်ရမယ်မသိဘူး သူ့အတိတ်ဝဋ်ကြွေးတွေရှိသေးလား. . ဘယ်လောက်ကျန်သေးလဲသိလို လို့ရသေ့ဆီလာမေးတယ်. . ရသေ့ကလည်း ဘာပြောတတ်မှာလဲ. . . အင်းတော့ရှိတယ်. . နောက်ထပ်အကြွေးသစ် ထပ်မတင်မိအောင်တော့ ရသေ့သူ့ကိုကူညီလို့ရတယ်"

"ဟင်"

"ဟင်"

သို့ရသေ့ပြောစကားကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အံ့ဩစွာဖြင့် စိတ်ဝင်တစား ရသေ့ကိုငေးကြည့်မိကြတော့၏။

"သူတစ်ယောက်တည်း ဆက်နေမယ်ဆိုလျှင်ဖြင့် အတိတ်

ဘွး ဒဏ်မခံနိုင်တော့တဲ့အခါ ကြိတ်မှိတ်သည်းညည်းခံ ခံစားရင်းကြား ပေါက်ကွဲထွက်လာလျှင်ဖြင့် အကြွေးသစ်တွေထပ်ယူမိမယ်စိုးလို့ ရသေ့ မှာပဲ ဖိုးသူတော်အနေနဲ့ နေခိုင်းလေမလို့. . . "

"ဘယ်လိုဖြစ်နိုင်မှာလဲ ရသေ့ကြီးရယ် မကြာခင်ကပဲ သူ့ ဘဂကြောင့် လူတစ်ယောက်အသေဆိုးနဲ့သေခဲ့ရပြီ"ဆိုလျက် . . . တော်သည် သစ်ခုတ်သမားသံချောင်း သေသွားရခြင်းကိစ္စကို စီကာ ုံး ပြောပြလိုက်တော့သည်။

သို့ ကျွန်တော်ကပြောနေစဉ်တွင် 'အလယ်ပိုင်းသား'သည် ာက်ငြင်းဆိုခြင်းစကားတစ်ခွန်းမျှ မပြောလေ ကျွန်တော့်ကို စိတ် သေဟန်ဖြင့်သာလျှင် ကြည့်နေလေတော့၏။

လင်းမြင့်လှိုင်သည်လည်း စမ်းရွာသူကြီးအသတ်ခံရမှုနှင့် တွင်ဖြစ်ပျက်ခဲ့သည့် နွားပျောက်မှုအစပြု၍ မသေရုံတမယ်ခံလိုက် ည့် စမ်းရွာသားတို့အကြောင်းကို သူကြီးပြောပြလေသည့် ာင်းတို့ကို ရသေ့ကြီးအား ပြောပြလေပြီး . .

"နို့ကြောင့်လည်း ကျွန်တော်တို့နှစ်ယောက်ကို အကူအညီ းခံလာလို့ ခုလိုသူ့နောက်လိုက်ခဲ့ရတယ်" ရယ်လို့ပြောပြလေ ၏၊

သည်တွင်ရသေ့သည် ကျွန်တော်တို့နှစ်ယောက်ကို ပြုံး၍ကြည့် လေပြီး . .

"ခုပြောနေတဲ့အကြောင်းတွေက ကိုပိုက်တို့မျက်မြင်ကိစ္စတွေ မေးလေ၏။

"သူကြီးနဲ့တစ်ရွာလုံးက ပြောကြတာပါ"

သို့ ကျွန်တော်ကပြောလိုက်လေ၏။

"တစ်ရွာလုံးနဲ့တစ်ယောက် ဖြစ်ရလေခြင်းကြောင့်တစ်ယောက် တည်းသမားရဲ့. . အမှားရယ်လို့ တသမတ်တည်း ပုံသေတွက်ထားလို့ ဘူးလေ"

သို့ရသေ့ပြောလာခြင်းကြောင့် ကျွန်တော်သည် လင်းမြင့် ကို လှမ်းကြည့်လိုက်ပြန်၏။

"ရသေ့ကြီးက သူတစ်ယောက်ပြောတဲ့စကား ကြားခဲ့ရတာ မှာပေါ့. . ကျွန်တော်တို့က တစ်ရွာလုံးပြောကြတဲ့စကား ကြားခဲ့ကြရ လေပြီးတော့. . သံချောင်းသေတဲ့ကိစ္စက သူနဲ့လုံးဝပတ်သက်မှု တယ်ဆိုတာကိုတော့ဖြင့် ရဲရဲကြီးပြောဝံ့ပါရဲ့ဗျာ"

သို့ ကျွန်တော်က ရသေ့မဗ္ဗပါလကို ပြောလိုက်သည်ဆို ကျွန်တော့်အကြည့်က အလယ်ပိုင်းသားထံတွင်သာရှိချေတော့၏။

ကျွန်တော်ပစ်လိုက်သော စကားမြှားသည် သူ့နှလုံးသား မည်မျှထိ နက်ရှိုင်းစူးဝင်သွားသည် သိလိုသောကြောင့်ဖြစ်တော့၏။

"ဟင်"

ကျွန်တော်တွက်ဆထားသလို ဖြစ်မလာပါချေ။

အလယ်ပိုင်းသားတစ်ယောက် အေးစက်တည်ငြိမ်လွန်း တော့၏။

သူ၏လင့်စင်စခန်းတည်းပင်အောက်တွင် သူနဲ့ဆုံခဲ့ ကတောင်မှ သူ၏အမူအယာသည် အတော်ကလေးပျက်နေသော

ယခုတွေ့လေသည်တွင်မတော့ ဘယ့်တွက်အလယ်ပိုင်းသား ရိမ်ထိတ်လန့်ကြောက်ရွံ့နေခြင်းမရှိသည့်ပြင် စိတ်လှုပ်ရှားခြင်း၊ အမူ ပျက်ခြင်းလုံးဝမရှိ တည်ငြိမ်လို့နေရပါသနည်း။ သို့ကြောင့် . .

"မင်းအင်မတန်ဟန်ဆောင်ကောင်းပါကလား" ရယ်လို့ လင်း လှိုင်က အလယ်ပိုင်းသားကို စူးစူးရဲရဲကြည့်ကာ မေးလိုက်၏။

သည်တွင် အလယ်ပိုင်းသားသည် ငုတ်တုတ်ထိုင်နေလျက်မှ သာလေပြီး . . လင်းမြင့်လှိုင်နှင့် မျက်နှာချင်းဆိုင်ရပ်ကာ. .

"ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို ကျုပ်အကြောင်းကို ကျုပ် သိဆုံးလေ သည်တော့ ကျုပ်ဘာ တုန်လှုပ်စရာရှိမလဲ ကြောက်စရာ လဲ. . ဟင်း. . ဟင်း. . ဟင်း"ရယ်လို့ ပြောလေပြီး ရသေ့မွေ့ပါလ သို့လှည့်ကာ. . .

"ရသေ့ကြီးရယ်. . ကျွန်တော့်ဝဋ်ကြွေးတွေ ကျေစေချင်ပါပြီ" လို့ တိုးလျှိုးတောင်းပန်ဟန် လေသံဖြင့် ပြောလိုက်ကာ ဖြည်းလေး ခြေလှမ်းများဖြင့် ကျွန်တော်တို့အပါးမှ လှည့်ထွက်သွားလေတော့ ၎င်း ကျွန်တော်သည် လက်တွင်းရှိသေနတ်ဖြင့် ကပျာကသီ ထိုးချိန် ပြီး . . .

"ခင်ဗျားခြေလှမ်းတွေ ရပ်လိုက်ပါ. . ပြောနေတာနားမ င်လျှင်ဖြင့် ကျွန်တော့်အဆိုးမဆိုလေနဲ့ဗျ"ပြောရင်းသေနတ်မောင်း ာင်လိုက်တော့သည်။

"ချောက်"

"ဟား . . ဟား . . ဟား . . ဟား . . ဟား . . ဟား . . အတော်ရယ်ရတဲ့သူပါကလား . . ရှင်လည်း စမ်းရွာသားတွေနဲ့ ဘာထူး လိမ့်မလဲ . . သံယောင်လိုက်တတ်သူပေပဲ . . အချက်မသိတော့ သားမ ကို သူနိုးထင်နေတဲ့ သူကြီးလိုပါပဲလား . . ဟင်း . . ဟင်း . . ဟင်း . . ဟင်း . . စမ်းရွာတစ်ရွာလုံးက အလယ်ပိုင်းသားကို တချိန်က ဆိုးခဲ့ပေ ယောင်ထွက်ဖြစ်ခဲ့လေခြင်းကြောင့် ယောင်ကထွက်လာပြီးတဲ့ နော ပိုင်းလည်း ဆိုးမြဲ ပေမြဲ တေမြဲ ပိုလို့တောင်ဆိုးခဲ့လေခြင်းလို့ ထင်ခဲ့ကြ တယ်လေ . . ရွာထဲမယ် ဘာပြဿနာဖြစ်ဖြစ် အလယ်ပိုင်းသားလို့ပဲ ထင် ကြတယ် . . စွပ်စွဲကြတယ်"

သို့ ရယ်မောသံနှင့်အတူ ပြောလာသည့် မိန်းမသံကြောင့် အံ့ဩတကြီးဖြင့် နောက်သို့လှည့်ကြည့်မိတော့၏။

"ဟင်"

"ဟာ"

အလိုလေးဗျာ . . ကျွန်တော်တို့နောက်ဘက်ခပ်လှမ်းလှမ်း တောင်ကြောအထက်လမ်းဘေး ချုံနွယ်ပင်နောက်ကွယ်မှ ထွက်လာ သောမိန်းမပျိုနောက်ဘက်တွင် အမွေးဖြူဖြူခွေးကြီးတစ်ကောင် ကပ် ပါလာတော့၏။

တောခွေးသရမ်းအုပ်တွင် တွေ့နေကျဖြစ်သည့် အမွေးဖြူခွေး များလေလားမသိချေ။

သူမထက် သူမနောက်ကွယ်ကပ်ပါလာသည့် ခွေးဖြူကြီးကိုသာ လျှင် ကျွန်တော်နှင့်လင်းမြင့်လှိုင်က စိတ်ဝင်တစားကြည့်နေလေကြခြ

ကြောင့် . . .

"ရှင်တို့ညာဘက်က မီးလောင်ကျွန်းခြောက်ပင်ကြီးကို ကြည့်လိုက်မယ်ဆိုလျှင်ဖြင့် . . ရှင်တို့သိချင်နေတဲ့ အဖြေကို ကျွန်မပြောစရာလိုတော့မယ်မထင်ပါဘူးနော်"

သူမက သို့ပြောလေခြင်းကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ညာဘက်သို့ ကိုယ်စီ ရုတ်ခြည်းလှည့်ကြည့်မိကြတော့၏။

"ဟာ"

"ဟင်"

သူမ ကြည့်ခိုင်းလေသော မီးလောင်ကျွန်းခြောက်ပင်ကြီးအောက်ခြေတွင်မတော့ ကျွန်တော်တို့ကို စူးစူးစိုက်စိုက်ကဲကြည့်နေကြသော တောခွေးတစ်အုပ်ကို တွေ့လိုက်ရတော့၏။

ဆောင့်ကြောင့်ထိုင်၍လည်းကောင်း ခြေအစုံရပ်၍လည်းကောင်း ဝပ်တွား၍လည်းကောင်း အသီးသီးရှိကြတော့၏။

သူတို့၏အကြည့်သည် ရန်လိုနေဟန်အကြည့်များဖြစ်နိုင်ချေ၏။

"ချောက်"

လင်းမြင့်လှိုင်သည် သူ့လက်တွင်းမှ သေနတ်ကိုမောင်းတင်လိုက်ပြီးဖြစ်တော့၏။

လင်းမြင့်လှိုင်၏ သို့အပြုအမူကြောင့် ကျွန်တော်တို့နားရောက်လာသည့် အမျိုးသမီးက မဲ့ပြုံးလေးပြုံးလိုက်ကာ. . .

"သေနတ်ကိုင်တဲ့သူက ရပ်တည်တဲ့ဘက်-မမှားဖို့အရေးကြီး

တယ်နော်"ရယ်လို့ တည်တည်ငြိမ်ငြိမ် ပြောလာလေခြင်းကြောင့်.. ကျွန်တော်တုန်လှုပ်သွားမိတော့၏။ လင်းမြင့်လှိုင်တော့ ဘယ်သို့ခံစားလိုက်ရလေသည်မသိ။

သူမစကားကြောင့် ကျွန်တော်သည် သို့တဒင်္ဂ တုန်လှုပ်သွားမိသော်လည်း ရုတ်ခြည်းဆိုသလို အသိတစ်ခု ဖျတ်ခနဲဝင်လာသည်ကြောင့် သူမကိုလည်းကောင်း တောခွေးများကိုလည်းကောင်း ဥပေက္ခာပြုလိုက်ကာ အလယ်ပိုင်းသား ထွက်သွားရာဘက်သို့ ကဗျာကသီလှည့်လိုက်တော့၏။ တပြိုင်နက်ဆိုသလို လက်တွင်းရှိ သေနတ်ပြောင်းကိုလည်း လှမ်းထိုးချိန်လိုက်၏။

အလယ်ပိုင်းသားသည် ကျွန်တော်တို့နှင့် ခပ်လှမ်းလှမ်းသို့ ရောက်သွားသည်ဆိုပေမင့် ကျည်ကွယ်ရာသို့ ရောက်နေခြင်းမဟုတ် ကျည်မရောက်နိုင်သော အကွာအဝေးသို့ ရောက်နေခြင်းမဟုတ်လေသည်ကြောင့် . . .

"အလယ်ပိုင်းသားကိုတော့ဖြင့် အလွတ်ပေးလို့မဖြစ်ချေဘူးဗျ" ရယ်လို့ ကျွန်တော်က လင်းမြင့်လှိုင်ကို ရည်စူးပြောလိုက်သည်တွင် . .

"ရှင်တို့ကသူ့ကို ထောင်ထွက်လူသတ်သမားရယ်လို့ အသေအချာသတ်မှတ်လိုက်ပြီဖြစ်လို့ အလွတ်မပေးချင်တာပေါ့"ရယ်လို့ သူမကပြောလာတော့သဖြင့် ကျွန်တော်သည် ဟက်ခနဲတစ်ချက်လှောင်ရယ်ရယ်လိုက်ပြီး . . .

"ကျုပ်နေရာမယ်. . ခင်ဗျားဆိုလျှင်ကော ဘယ်လိုဆုံးဖြတ်မလဲ"ဟု မေးလိုက်၏။

"ရှင့်လိုပဲပေါ့. . လူသတ်သမားကို ဘယ်အလွတ်ပေးပါ့မလဲ"

သို့ သူမပြောလာသဖြင့် . . .

"ဒါတော့ ခင်ဗျားနေ့းလည်သားပဲ နို့ဖြင့် ဘာဖြစ်လို့ အလယ်ပိုင်းသားဘက်က ရပ်တည်ဟန့်တားရတာလဲ" ဟုမေးလိုက်တော့၏။

"ကျွန်မက လူကောင်းတစ်ယောက်ကို ဒုက္ခမပေးစေချင်လို့ပါ"

ကျွန်တော် သူမကို စွေကြည့်မိတော့၏။ ဘယ်လိုမိန်းမစားပါလိမ့်။

"ကိုပိုက် . . . ခင်ဗျားလုပ်စရာရှိတာ လုပ်လိုက်ပါတော့. . သူအချိန်ဆွဲနေတာဗျ. . အလယ်ပိုင်းသားက ကျည်ကွယ် ကျည်လွတ်ရာကို ရောက်သွားတော့မယ်"

သို့လင်းမြင့်လှိုင်က သတိပေးလာတော့၏။

သည်တွင် ကျွန်တော်သည် မောင်းထိန်းခလုတ်ပေါ်သို့ တင်ထားလေသည့် လက်ညှိုးလေးကို ကွေးလိုက်တော့မည်အလုပ်တွင် . .

"လူသတ်တရားခံအစစ်ကသူမဟုတ်ဘူး ကျွန်မအသိဆုံးပဲ" ဆိုပြီး ကျွန်တော့်သေနတ်ပြောင်းရှေ့ကို တိုးဝင်ကာဆီးလာလေသဖြင့် ကျွန်တော်ခေါင်းနှ…ီးကြီးကာ တုန်လှုပ်သွားတော့၏။

ကပျာကသီပင် သေနတ်ပြောင်းကို မိုးပေါ်ထောင်လိုက်ရတော့၏။

"ဒိန်း"

ကံသီပေလို့ . . . ။

တော်သေး၏။ ကျွန်တော်သည် ကွေးလိုက်သော လက်ညှိုး

လေးကိုအချိန်မီရပ်တန့်မလိုက်နိုင်ပေမင့် ဘယ်လက်ဖြင့် သေနတ်ပြောင်းကို အချိန်မီရွှေ့လျားလိုက်နိုင်တော့သဖြင့် စိတ်သက်သာရမိတော့၏။

ယမ်းအားပြင်းထန်သော ပေါက်ကွဲသံကို အလယ်ပိုင်းသားကောင်းကောင်းကြားနိုင်လောက်၏။ သို့ပေမင့် သူသည်ဘယ့်တွက်နောက်သို့လှည့်မကြည့်ပါလေသနည်း။ ပြေးလွှားရှောင်ပုန်းခြင်းမပြုပါလေသနည်း။ ပုံမှန်ခြေလှမ်းဖြင့်သာ ရှေ့သို့ဆက်သွားနေလေတော့၏။

အံ့ဖွယ်ပင်ကောင်းသေးတော့၏။

သူ့ကိုယ်သူ သေလူရယ်လို့ တွက်ထားလေခြင်းကြောင့်များလား။

ကြောက်လန့်ခြင်းအလျဉ်းမရှိ ကျွန်တော့်ရှေ့တွင် ရင်ကော့ရပ်နေသော မိန်းမပျိုကိုလည်းကောင်း၊ နံဘေးရှိ ရသေ့မမွှပါလကိုလည်းကောင်း ပဟေဠိပေါင်းမြောက်များစွာပါသည့် အကြည့်ဖြင့် ငေးငိုင်ကြည့်လိုက်မိတော့၏။ လင်းမြင့်လှိုင်သည်လည်း ကျွန်တော့်လိုပင် ဖြစ်နေသည်ဟု ထင်ရပေ၏။

"မှန်ကန်ခြင်းသည် ရဲရင့်ခြင်းပဲလေ"

သို့သာ ရသေ့ကပြောပြီး သူ့လက်တွင်းရှိ ကြေးစည်လေးကို "နောင်. . ဝေ. . ဝေ. . ဝေ. ." ရယ်လို့ မြည်အောင်ထုခတ်လိုက်လေတော့သည်။

သို့ဖြစ်၍ ကျွန်တော်သည် ရသေ့ကိုအံ့ဩစွာကြည့်လိုက်မိပြန်၏။

ရသေ့မမွှပါလသည် ကျွန်တော်တို့နားမလည်နိုင်သော ဘုရားစာကို ရှည်လျားစွာရွတ်ဖတ်ရင်းမှ မျက်စိအစုံကို ပိတ်ထားလေတော့၏။

အံ့ဖွယ်ကောင်းသည်မှာ ခပ်လှမ်းလှမ်းတွင်ရှိ ခွေးအတွဲသည် ဘာစောကလို ပြူမှုနေထိုင်ကြခြင်း အလျဉ်းမရှိကြချေတော့ဘဲ တော ခွေးအားလုံးသည် မြေပြင်တွင် ဝပ်တွားနားစွင့်နေကြလေတော့၏။

မိန်းမပျိုသည်လည်း နေရာမှာပင် ကျုံ့ကျုံ့လေးထိုင်လိုက် လေတော့၏။ သူမနောက်ပါးရှိ အမွေးဖြူ တောခွေးကောင်သည် ရသေ့ မ့ပါလ၏ခြေအစုံအနီးသို့ တိုးကပ်လိုက်ပြီး ရှေ့လက်နှစ်ဖက်ကို မတ် ထောက်လျက် ဖင်ချထိုင်လိုက်ရင်း . . ရသေ့လက်တွင်းမှ ကြေးစည် သားကို မော်ကြည့်နေလေတော့၏။

ရသေ့ဓမ္မပါလသည် သူရွတ်ဖတ်နေသော ဘုရားစာပြီးဆုံး းသည်တွင် လက်တွင်းရှိကြေးစည်လေးကို "နောင် . . ဝေ . . ဝေ . . . . "ရယ်လို့ မြည်အောင် ထုခတ်လိုက်ပြီးနောက် ကျည်လွတ်နေရာ ရောက်သွားပြီဖြစ်သော အလယ်ပိုင်းသား၏ ကျောပြင်ကို လှမ်း သ့်လိုက်လေပြီးလျှင် -

"သူ့ကို အလွတ်ပေးလိုက်ကြပါတော့ကွာ . . သူ့လမ်းသူသွား ပြီပဲ"ရယ်လို့ ပြောလာလေသဖြင့် ကျွန်တော်သည် ရသေ့ကိုနားမ သ်နိုင်အောင် [ြ]ည့်လိုက်မိတော့၏။

ကျွန်တော်သည် ရသေ့ဓမ္မပါလကို ကျွန်တော်တို့အား အခက် ့အောင် လုပ်ရက်လေခြင်းဟု တွက်လိုက်ကာ လင်းမြင့်လှိုင်ကို ဂ်ပွါယ်ပါပါကြည့်လိုက်တော့သည်။

လင်းမြင့်လှိုင်သည်လည်း မည်သို့ဆက်လုပ်ရမည်မသိဖြစ်နေပုံ

သည်သို့ဖြင့် ကျွန်တော်တို့အလယ်ပိုင်းသားကို အလွတ်ပေး လိုက်ရပေတော့မည်လား။

စမ်းရွာသူကြီးနှင့်စမ်းရွာသားတွေကို ဘယ်လိုပြန်ပြောရပါ မည်နည်း။ ကျွန်တော်တို့လမ်းပြအဖြစ် ခေါ်လာသည့်သံချောင်းကိုမှ ကတော့ဖြင့် အတော်ကလေးကို အခက်တွေ့စေသည်တော့ အမှန်ဖြစ် ပေသည်။

မည်သို့ ဆက်လုပ်ရမည်မသိ အခက်တွေ့နေသော ကျွန်တော် တို့ နှစ်ယောက်ကို ကြည့်၍မိန်းမပျိုသည် စိတ်မကောင်းဖြစ်သွားလေ သည်ကြောင့်လားမသိချေ။

"ရှင်တို့ . . လူသတ်တရားခံကို ခေါ်သွားနိုင်လျှင်ဖြင့် စမ်းရွာ အပြန်အဝင်ခရီး အဆင်ပြေလောက်ပါရဲ့နော်"

သို့ မိန်းမပျိုက ပြောလာသဖြင့် . . .

"ဘယ်လိုဖြစ်လာနိုင်မှာလဲ"ဟု အားယုတ်လျော့စွာ ကျွန်တော် က ပြောလိုက်တော့၏။

"လူသတ်တရားခံအစစ်အမှန်ကို ကျွန်မသိထားတွေ့ထားလို့ ပေါ့"

"ဟင်"

"ဟာ"

မိန်းမပျိုကို ထူးဆန်းသတ္တဝါကောင်လို အံ့ဩတကြီးကြည့်လိုက် မိတော့၏။

"နို့ဖြင့်လည်း ကူညီပါဦး"ရယ်လို့ ရသေ့မကြားအောင် တိုးတိုး

ကပ်ပြောလိုက်တော့၏။

ရသေ့ကြားသွားပါလျှင် ကျွန်တော်တို့အတွက် အခက်ထပ်တွေ့ရပေမည်။ စိုးရိမ်သောကြောင့်ဖြစ်တော့၏။

"စမ်းရွာကို ပြန်သွားကြမယ်. . စမ်းရွာမှာပဲ လူသတ်သမားရှိတယ်"

မဖြစ်နိုင်တာချည်း. . ကျွန်တော်တို့ကို ပို၍အခက်ထပ်တွေ့အောင်ပြောလာပြန်ချေပြီဖြစ်၍ လွန်မင်းစွာစိတ်ပျက်သွားကာ ရသေ့မေ့ပါလကို အားကိုတကြီး ကြည့်လိုက်မိပြန်တော့၏။

ရသေ့မေ့ပါလသည်လည်း ကျွန်တော်တို့နည်းတူ မိန်းမပျိုကို အံ့သြတကြီးကြည့်လိုက်လေပြီး ခေါင်းတဆတ်ဆတ် ညိတ်လိုက်ကာ. .

"မင်းသဘောနဲ့မင်း ဆုံးဖြတ်လိုက်တာလား"ဟုမေးလိုက်တော့၏။

"ဟုတ်ပါရဲ့ ရသေ့ကြီး. . သူကမှ ကျွန်မကို လုံးဝအသိအမှတ်မပြုတာကလား. . နို့ပေမင့်လို့ ကျွန်မသူ့ကို စိတ်မပျက်ပါဘူး. . စမ်းရွာသားတွေနဲ့ လူသားတွေအပေါ် နားမလည်ချင်နေပါစေ. . ကျွန်မတစ်ယောက်တည်းကိုတော့ဖြင့် သူနားလည်ပေးစေချင်ပါတယ်. . နို့ကြောင့်လည်းကျွန်မသူ့အပေါ်ကို လူတွေနားလည်လာဖို့အတွက် ကျွန်မသူ့အတွက် နောက်ဆုံးပေးဆပ်လိုခြင်းပါပဲ ရသေ့ကြီးရယ်"

"သာဓုဗျာ. . သာဓု. . သာဓု"

သို့နှယ် ရသေ့က မိန်းမပျိုကို ကျေနပ်စွာကြည့်ကာ ပြုံးလိုက်ပြီး လက်တွင်းရှိ ကြေးစည်လေးကို "နောင်. . ဝေ. . ဝေ. . ဝေ"ရယ် လို့

မြည်အောင်ထုခတ်လိုက်ပြန်တော့သဖြင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် ရသေ့ကိုကော မိန်းမပျိုကိုပါ နားမလည်နိုင်စွာ မင်သက်ကြည့်နေမိပြန်တော့သည်။

"ကဲ. . ကိုလင်းနဲ့ ကိုပိုက်ကို ရသေ့တစ်ခွန်းပဲပြောခဲ့မကွယ့် ခုသူပြောပြမယ့် စကားတွေက အမှန်ချည်းပဲကွယ့်. . မယုံမရှိကြလေနဲ့ ဟုတ်ပလား"

သို့သာဆိုပြီး ရသေ့မွေ့ပါလသည် အန္တရာယ်ကင်းပရိတ်တော်ကြီးကို ရွတ်ဖတ်ရင်း ကျွန်တော်တို့အပါးမှ ဖြည်းလေးသော ခြေလှမ်းဖြင့် အလယ်ပိုင်းသား ထွက်သွားရာလမ်းအတိုင်း ထွက်သွားလေတော့၏။

"ရသေ့ကြီးက ဖိုးသူတော်လောင်း အလယ်ပိုင်းသားနောက်လိုက်သွားတာပဲပေါ့. . ကဲ. . ရှင်တို့လဲ. . ဒီတောထဲက ထွက်ကြပေ တော့ . . ရှင်တို့နဲ့အတူ ကျွန်မလိုက်ခဲ့ပြီး လူသတ်တရားခံ အစစ်အမှန်ဘယ်သူဆိုတာကို ပြောပြမယ်"

"ကောင်းပြီလေ" ဆိုလျက် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မိန်းမပျိုနောက် လိုက်သွားကြတော့၏။

သူမနောက်ပါးပါ အမွေးဖြူခွေးကြီးသည် ခပ်လှမ်းလှမ်းရှိ တောခွေးအုပ်ရှိရာသို့ ပြေးသွားလေတော့သဖြင့် မိန်းမပျိုကို . .

"ခင်ဗျားကောင်. . တောခွေးအုပ်ကြားသွားနေပြီ"ဟု သတိပေးလိုက်တော့၏။

"တရားခံရဲ့ အသုံးတော်ခံသစ္စာခံဖြစ်ပေမင့် သူကတိရစ္ဆာန်ပေ

လေ အလွတ်ပေးလိုက်ပါ. . သည့်တွက်တော့ဖြင့် ကျွန်မအထူးမေတ္တာ ခံပါရစေရှင်. . ရှင်တို့နဲ့အတူ လူသတ်တရားခံဖြစ်တဲ့ ကျွန်မပါလာ ပဲ. . ကျေနပ်ကြပါတော့ရှင်"

"ဟင်"

"ဘယ်လို. . မင်းကလူသတ်တရားခံဟုတ်လား"

"ဘယ်လိုဖြစ်နိုင်မှာလဲဗျာ"

"ကျွန်မပြောတာကို မယုံဘူးလား"

ရှေ့ကသွားနေရာမှ နောက်လှည့်ရပ်မေးလာတော့၏။

"ယုံပါပြီကောဗျာ. . ရသေ့ကလည်း ခင်ဗျားပြောတဲ့စကား ကို မယုံမရှိကြလေနဲ့လို့ ပြောသွားပြီလေ. . မယုံလို့လုံးဝမဟုတ်ပါ း. . အံ့ဩလို့ပါဗျာ"

သည်တွင် သူမသည် ကျေနပ်စွာပြုံးလိုက်ပြီး . . .

"ကျွန်မက စမ်းရွာသူပဲ"

"ကျွန်မနာမည် မရေချမ်း"

သို့နှင့် အစချီလျက် မရေချမ်းဆိုသူသည် ကျွန်တော်တို့အပြန် းတလျှောက် စိတ်ဝင်စားဖွယ်ကောင်းသော သူမအကြောင်းကို ပြော လတော့သည်။

▲▼▲▼▲▼▲▼

သူစုမစာပေတိုက်

စမ်းရွာသားတို့သည် ရွာလမ်းအတိုင်း ဒယီးဒယိုင်ဖြင့် သီချင်းတကြော်ကြော် သီဆိုသွားနေသော မုဆိုးရဝေကို ထူးဆန်းစွာကြည့် လျှက်တီးတိုးပြောနေကြတော့၏။

"အံ့ပါကွာ. . ကျက်သရေမရှိတဲ့ တောခွေးကို မွေးဖို့ယူလာရတယ်လို့"

"အကောင်လေးက ငယ်သေးတော့လဲ ချစ်စရာပေါ့"

"သူကသာ မုဆိုး သားကောင်တွေသတ်နေပေမင့် သူ့သမီးလေးက တိရစ္ဆာန်ကောင်လေးတွေကို ကြင်နာတယ် ချစ်တတ်တယ်ကွ"

သို့ဆိုသလို မရေချမ်းအတွက် ဖခင်ဖြစ်သူ မုဆိုး ရဝေက တောခွေးပေါက်လေးတစ်ကောင်ကို အိမ်မွေးတိရစ္ဆာန်အဖြစ် မွေးရ

ာတာထဲမှ ယူလာခဲ့ချေ၏။

တိရစ္ဆာန်ကောင်တို့ကို ကြင်နာသော ချစ်တတ်သောမရေချမ်းသည် နို့စို့အရွယ်ဖြစ်နေခြင်း ထူးထူးခြားခြား ဆွတ်ဆွတ်ဖြူအမွေးအမျှင်နေခြင်းကြောင့် တယုတယမွေးထားလိုက်လေတော့၏။

ထိုတောခွေးဖြူလေး၏ မိခင်ခွေးမကြီးကို သူမ၏ဖခင် ရဝော ပစ်သတ်ခဲ့မိလေခြင်းကြောင့် သနား၍ဟုဆိုကာ တောတွင်းမှ ယူဆောင်လာခြင်းဖြစ်တော့၏။

သည်သို့ဖြင့် တောခွေးဖြူလေးသည် သူ၏ပတ်ဝန်းကျင်မဟုတ်သော်လည်း မရေချမ်း၏ တယုတယကျွေးမွေးမှုဖြင့်အရွယ်ရောက်လာတော့၏။

တောခွေးဖြူလေးအရွယ်ရောက်လာသည်တွင် ပုံပန်းသဏ္ဍာန်ကိုက်ခြင်း မတူလေသည်ကြောင့် ရွာတွင်းရှိအိမ်ခွေးတို့ဖြင့် မတည့်စ်ရလေတော့၏။ ရွာခွေးတို့သည် အုပ်စုဖြင့် တောခွေးဖြူကို မာန်ာင်ကြ၏။ ရန်ပြုကြ၏။ သို့ပေမင့် မျိုးရိုးကစကားပြောလေသည်ကြောင့် . . သွေးသံရဲရဲခံရပြီဟော့ဆိုပါလျှင် ရွာခံခွေးတို့သာဖြစ်ကြတော့၏။ သို့ကြောင့် ရွာခွေးရှင်တို့က မကျေမနပ်ဖြစ်ကြတော့၏။

တောခွေးဖြူ၏ အရှင်သခင်ဖြစ်သည့် မရေချမ်းတို့၏ သားကို ရမယ်ရှာအပြစ်ဖို့ကြချေတော့၏။

သည်တော့ မုဆိုးကြီးရဝေသည် တောခွေးဖြူကို သူအမဲပစ်ာလည်သွားတိုင်း ခေါ်သွားလေတော့၏။

သည်တွင် တောခွေးဖြူသည် သူ့အရပ် သူ့ဒေသ သူနှင့်မျိုးရိုး

တူ တောခွေးတို့ဖြင့် ပြန်လည်ဆုံစည်းပေါင်းဖက်မိသည်တွင် ဇာတိမြေ ပေါ်လာချေတော့၏။

သို့ပေမင့် ကျွဲသခင်မုဆိုးကြီး ရဝေနှင့် မရေချမ်းအပေါ်တွင် မတော့ ကျေးဇူးတရား သိတတ်စွာ သစ္စာရှိစွာဖြင့် နေမြဲဖြစ်တော့၏။ သို့ပြား မုဆိုးကြီး ရဝေနှင့် တောတောင်ထဲအနေများလေသည်ကြောင့် မရေချမ်းတစ်ယောက် စိတ်ဆင်းရဲခြင်းနှင့်အတူ စမ်းရွာသားတို့အပေါ် တွင် စိတ်ခုခဲ့ရချေတော့၏။

သူတို့ကြောင့် သူမနှင့် ကစားဖော် တောခွေးဖြူတစ်ကောင် တောတောင်ထဲပါသွားရခြင်းပေကိုး။

တောခွေးဖြူကောင်သည် တံငါနားနီး တံငါဆိုသလို မျိုးနွယ် တူတောခွေးအုပ်တို့နှင့် နေရသည်ကို ပျော်မွေ့သွားပုံရချေ၏။

ဖခင်ဖြစ်သူ ရွာပြန်လာသော်လည်း တောခွေးဖြူပြန်ပါမလာ ပါတော့ချေ။ မရေချမ်းတစ်ယောက် စိတ်ဆင်းရဲရချေပြီဖြစ်တော့၏။

"အဖေရယ်. . အဖြူကို ပြန်ခေါ်ခဲ့စမ်းပါ"

သို့နှယ် တောင်းဆိုခဲ့ဖူး၏။

"သူဟိုမယ်နေတာ သူ့တွက်ပိုကောင်းပါတယ် သမီးရယ်. . ရွာပြန်ခေါ်လာလျှင် ရွာခွေးတွေက အုပ်စုနဲ့ဝိုင်းအနိုင်ကျင့်ကြမယ်. . ပြီးတော့ ခွေးရှင်တွေကလဲ အဖေတို့သားအဖအပေါ် ငြိုငြင်ကြလိမ့်ဦး မကွယ့်"

သို့အဖေက ဆိုလာတော့ သူမ မပြောသာခဲ့ချေပြီ။ ရှိစေတော့ ပေါ့။ သို့ပေမင့် သူမကတော့ဖြင့် မမေ့နိုင်ပါချေ။ အမြဲသတိတရရှိနေ

တော့၏။ သို့ကြောင့်လည်း တမှိုင်ကတွေတွေဖြစ်ရတော့၏။

သည်ကြား ဖခင်ဖြစ်သူ ရဝေသည် အရက်ကြောင့် ဆုံးပါးသွားပြန်တော့ မရေချမ်းတစ်ယောက် တပူပေါ်နှစ်ပူဆင့်ခဲ့ရချေပြီဖြစ်၏။

သေသောသူကြာလျှင်မေ့ ပျောက်သောသူ ရှာလျှင်တွေ့ဆိုလေသည့်အတိုင်း ဖခင်ဖြစ်သူ မရှိတော့သည်တွင် မရေချမ်းပို၍ပင် အထီးကျန်ဆန်ခဲ့ရတော့၏။

သည်တော့ တောခွေးဖြူလေးကို သတိတရရှိလာလေသည် တွင် အထီးကျန်ဆန်ဆန် မနေလိုတော့ပြီဖြစ်၍ မရေချမ်းတစ်ယောက် ဇွန်းစားကာ တောတောင်ထဲတွင် ပျော်မွေ့နေသည့် တောခွေးဖြူကို ထွက်ရှာလေတော့သည်။

မရေချမ်းတစ်ယောက် တောနေလူတန်းစားဖြစ်သည်ကြောင့် တောတောင်နှင့် မစိမ်းဆိုပေမင့် တကာယ်တမ်း တောတောင်ထဲ ရောက်လာတော့ အားငယ်မိတော့၏။ သို့တောင်မှ တောစပ်တွင် သို့သာ ရောက်လာခြင်းဖြစ်တော့၏။

ရွာနှင့်တောစပ်သည် မည်သို့မျှ ဝေးလံလှခြင်းမရှိပေငြား မမှောင်ခင်ရွာသို့ပြန်ရမည်ဖြစ်ခြင်းကြောင့် ကသိုက်ကမျိုက်ပင် လှည့်ပတ်အော်ဟစ်ခေါ်နေလေတော့၏။

“အဖြူရေ. . အဖြူ. . အို့. . အို့. . အို့. . အဖြူရေ. . . အဖြူ . . အဖြူ”

မရေချမ်းတစ်ယောက် သနားစရာပင် ကောင်းသေးတော့ ၏။ သူမ၏တောခွေးဖြူသည် ဘယ်လိုလုပ် တောစပ်တွင် ရှိနိုင်ပါလိမ့် နည်း။

တောနက်အတွင်း လှည့်လည်ကျက်စားနေကြသော တောခွေး အုပ်နှင့်သာရှိချေတော့မပေ့ါ။

တောစပ်တွင် တစ်နေကုန်လှ ရှာခဲ့၏။ မှောင်စပျိုးတွင် ရွာ သို့ပြန်ခဲ့ချေတော့၏။

သည်လိုဖြင့် နေ့စဉ်လိုပင် မိုးလင်းထွက် မိုးချုပ်ပြန်။

အချည်းနှီးသာပင်။

သို့ပြား မရေချမ်းတစ်ယောက် တောစပ်တွင် သူမတွက် အန္တရာယ်မရှိမှန်း သိလေသည်ကြောင့် အရဲကိုးကာ တဆင့်တက် တော နက်တွင်းဝင်ရှာပြန်လေတော့၏။

သို့မှနောက်တွင် တစတစ အတွင်းပိုင်းကျကျသို့ ဝင်ဝင်ရှာရ လေသည်ကြောင့် သူမ၏အသွားအလာသည် ခရီးဝေးသထက် ဝေး လာလေခြင်းကြောင့် ရွာသို့ပင်မပြန်လေတော့ဘဲ တောစပ်တွင်တဲထိုး နေလေတော့၏။ သို့ဆိုငြားလည်း ရိက္ခာအလို့ငှာ ရွာရှိအိမ်သို့ ရံခါဆို သလိုတော့ဖြင့် ပြန်နေတတ်ချေ၏။

တစ်နေ့သူမသည် တောတောင်အတွင်း သွားလာရင်း မမျှော် လင့်လေဘဲ တောင်ပေါ်မှ ခြေချော်ကျလေတော့၏။

အနာတရပြေင်းပြင်းထန်ထန် မရလိုက်သော်လည်း ခြေသဖွတ် တိုင်လည်သွားလေသည်ကြောင့် နေရာမှထမရဖြစ်ခဲ့ရတော့၏။

သူမအကြီးအကျယ် ထိတ်လန့်သွားတော့၏။

အချိန်လည်းလင့်ချေပြီ . . မှောင်စပျိုးလှချေပြီ။

အကူအညီတောင်းရန်အလို့ငှာ . . ဝါးခုတ်သစ်ခုတ်သမားပင်

မတွေ့ပါချေ။

မရေချမ်းတစ်ယောက် ငိုချင်လာမိတော့၏။

ဖြတ်သွားဖြတ်လာ တစ်ယောက်ယောက်ကို မျှော်နေမိတော့၏။

အရေးကြုံလာလေမှ သူမသည် မိန်းမသားတစ်ယောက်ဆိုသည်ကို သတိထားမိချေတော့၏။

အချိန်နှောင်းလာလေ အေးလာလေလည်းဖြစ်တော့၏။

သည်လိုနှင့် မိုးကြီးချုပ်လာပေတော့မည်။

သားရဲကောင်တို့၏ အန္တရာယ်မရှိချေဦးတော့ အေးလွန်း၍ ...ကွဲရောက်ရချေတော့မည်။

"ဟင့် . . ဟင့် . . ဟင့် . . ဟင့် . . ဟီး . . ဟင့်"

သူမ ရှိုက်ငင်ငိုကြွေးမိတော့၏။

ကြိုးစား၍ အားတင်းရပ် လျှောက်လှမ်းကြည့်သေး၏။

"အား"

ဘယ်လိုမှ မဟန်နိုင်ပါကလား . . ခွေလဲလို့သာကျသွားရပြန်...၏။ အသည်းခိုက်အောင် နာလိုက်သည့်ဖြစ်ခြင်း။

တသက်လုံးမတခဲ့သည့် ဘုရားကို တမ်းတမိတော့၏။

"ဘုရားရှင် ကယ်မတော်မူပါ"

ဘယ်လိုဖြစ်လာနိုင်မှာလည်း အတွေးဝင်သွားပြန်သည်တွင် ...ဘ်ခေတ်ကျသွားရပြန်တော့၏။ သည်တော့ဖြစ်လိုရာဖြစ်စေတော့ ...က်လိုက်ကာ. . . "အဖေ့နောက် သမီးလိုက်ဖို့ရာ ဝန်မလေးပါဘူး" ...သ်လို့ တီးတိုးပြောမိချေတော့၏။

သည့်နောက်သူမသည် မျက်လုံးအစုံကို မှိတ်လိုက်ကာ မျှော်လင့်ချက်ကို လက်လျှော့လိုက်ချေတော့၏။

အတန်ကြာတွင် သူ့နားတွင် တရှပ်ရှပ်ခြေသံကြားလေသည်ကြောင့် အားရဝမ်းသာ မျက်လုံးကိုဖွင့် ခေါင်းမော်လှမ်းကြည့်လိုက်၏။

အဝေးမှလူတစ်ယောက် လျှောက်လာနေခြင်းဖြစ်၏။ သူမရှေ့ခပ်လှမ်းလှမ်းရှိ ဆင်လမ်းအတိုင်း လျှောက်လာနေခြင်းဖြစ်၏။ လူလုံးမကွဲလေသည်ကြောင့် ဘယ်သူရယ်တော့ဖြင့် မသိပါချေ။ သို့ပေမင့်တိရစ္ဆာန်တစ်ကောင်မဟုတ်ခြင်းသည် သူမအတွက် အားတက်ဖွယ်ပင်ဖြစ်ချေတော့၏။

စမ်းရွာသားလည်းဖြစ်နိုင်၏။ အခြားရွာသားလည်းဖြစ်နိုင်၏။ မည်သူပင်ဖြစ်စေ လူသားချင်းကူညီပေလိမ့်မည်။

လူတစ်ယောက်မို့ လူစကားနားလည်ပေလိမ့်မည်။

သူမတွက် မျှော်လင့်ချက် ရောင်ခြည်လေးပင်ဖြစ်တော့၏။ သို့ကြောင့် သူ့နားမြန်မြန်ရောက်လာပါစေရယ်လို့ ဆုတောင်းရင်း ဝမ်းပမ်းတသာကြည့်နေမိတော့၏။

ထိုသူသည် တစတစ နီးကပ်လာချေပြီဖြစ်၏။

လူလုံးကွဲမြင်ရချေပြီ ဖြစ်တော့သည်။

"ဟင်"

သူမ လုံးဝထိတ်လန့်သွားတော့၏။

သူဖြစ်လိမ့်မည်ရယ်လို့လည်း လုံးဝတွက်မထား. . . ။ သူမမျှော်လင့်ချက်ထားခဲ့သလို လူတစ်ယောက်ရောက်လာပေမင့် ထိုလူသည်

ရောက်မလာခြင်းသည်သာ သူမအတွက် အသက်ပေးလိုက်ရပေမင့် အရှက်တကွဲ အကျိုးနည်းရလိမ့်မည်မဟုတ်ချေ။

ယခု သူမရှိရာ လျှောက်လှမ်းလာနေသော လူသားသည် ဟိရွှာနဲကောင်ထက် ရိုင်းစိုင်းသောသူဖြစ်နေချေတော့၏။

တိုးလျှိုးတောင်းပန်လို့ ရလိမ့်မည့်သူလည်းမဟုတ်။

မေတ္တာပို့ရန်လည်း ဖြစ်နိုင်မည့်သူ မဟုတ်ပါချေ။

ထိုသူသည် သူမတို့၏ စမ်းရွာသားတော့ဖြင့် စမ်းရွာသားပေ . . ဆိုပေမင့်လို့ တစ်ရွာလုံးက လက်မခံနိုင်သည့် လူမိုက်လူရမ်းကား ဖြစ်နေချေတော့၏။ "အလယ်ပိုင်းသား"ရယ်လို့ နာမည်တစ်လုံးနှင့် ကျော်ကြားနေသည့် လူရမ်းကား လူမိုက်ဖြစ်ချေတော့၏။

သူမကို ယခုလိုအခြေအနေမျိုးနှင့် တွေ့လိုက်ပါလျှင် လုံးဝ လွှတ်ပေးလိမ့်မည်မဟုတ်သည်ကို ကောင်းကောင်းကြီး တွက်လိုက်မိ သည်ကြောင့် သူမသည် လွန်မင်းစွာ ဝမ်းနည်းသွားမိတော့၏။

သို့ဆိုပေမင့် သူမသည် ထိုသူအနားသို့ ရောက်လာသည်တွင် တွေကြီး ကြည့်နေမိတော့၏။

သူမ၏မျက်လုံးအိမ်တွင် မျက်ရည်တို့ ဝေ့လို့နေ၏။

"ဘယ်လိုဖြစ်နေတာလဲ"

"ဟင်"

သူ၏ ထင်မထား . . .

သူမ ထင်ထားလေသည်မှာ တစ်မျိုး . . .။

သူ၏လေသံသည် မာကျောသည်ဟု ထင်ရသော်လည်း ဂရုဏာ

ပါနေ၏။

သူမ အနည်းငယ်တော့ဖြင့် စိတ်သက်သာရလိုက်သည်ကြောင့် သူမဖြစ်စဉ်ကို အရဲကိုးပြောပြလိုက်တော့၏။

သည်တော့ သူမထင်မှတ်မထားသော သူ၏ကူညီမှုကို အပြည့်အဝရလိုက်လေတော့၏။

သို့ဆိုပြန်တော့ တစ်ရွာလုံး၏ သူ့အပေါ်အမြင်နှင့် သူမအမြင်လုံးဝပြောင်းလဲသွားတော့၏။ ဆန့်ကျင်ဘက်ဖြစ်သွားတော့၏။

တကယ်တော့ အလယ်ပိုင်းသားသည် စိတ်ရင်းကောင်းသူဖြစ်ချေ၏။

သူ၏ပုံပန်းသဏ္ဍာန်ပြောဆိုနေထိုင်ပုံကို အပေါ်ယံကြောကြည့်၍ သတ်မှတ်၍မရကြောင်း သူမကောင်းကောင်းသိလိုက်ချေတော့၏။

သူမ မှဲ့တစ်ပေါက်ပင် မစွန်းခဲ့ပါချေ။

အလယ်ပိုင်းသားသည် . . . ဖြောင့်မတ်တည်ကြည်သော ယောက်ျားကောင်းတစ်ယောက်ပါကလား။ သို့ကြောင့်လည်း သူမသည် သူ့ကို အထင်ကြီးလေးစားခဲ့ရာမှ သံယောဇဉ်တွယ်မိချေတော့၏။

ထိုသည်ကား သူမဘက်မှ တဖက်သတ် ဖြစ်ပေါ်လာသည့် သံယောဇဉ်ဖြစ်ချေတော့၏။

သူကတော့ နေမြဲပင် . . သူ့လမ်းသူသွား . . သူ့အလုပ်သူလုပ် သူမကို ရှိသည်လို့ပင် သတ်မှတ်ထားပုံမရချေ။

သူမ၏ အရောတဝင်ပြုလိုခြင်းကိုပင် အသိအမှတ်ပြုလိုပုံ မတူပါချေ။

သူမသည် ရုပ်ရည်ချောမောသူ မဆိုထိုက်ပေမင့်. . အကြည့်ရဆိုးလောက်သည့် ရုပ်ဆိုးသူလည်း မဟုတ်ပါချေ။

ရှက်ကြမ်းရောကျို ရယ်လို့ပင် ပြောလို့ရပေ၏။

သူမကို သူစိတ်မဝင်စားခြင်းသာမဟုတ် မည်သည့်အမျိုးသမီးကိုမျှ စိတ်ဝင်စားသူမဟုတ်။

ကုန်ကုန်ပြောရလျှင် ရွာ၏ကွမ်းတောင်ကိုင်အပျိုချောလေး 'မသူဇာ'သည် ရွာရှိကာလသားတိုင်း၏ ပါးစပ်ဖျားတွင်သာမဟုတ် ရွာနီးပတ်ဝန်းကျင်ရှိ ကျေးရွာများရှိ ကာလသားတို့၏ ပါးစပ်ဖျားတွင် ရေပမ်းစားသူဖြစ်ပြီး အလယ်ပိုင်းသားသည် စိတ်ဝင်စားသူမဟုတ်ပါချေ။

သူသည် သူ့အလုပ်သူလုပ် သူ့လမ်းသူသွားသူဖြစ်ပြီး သူ့ရှေ့တွင် အမြင်မတော်တာတွေ့လျှင် သူ့သဘောနှင့်သူ ဝင်ပါတတ်သူဖြစ်၏။

သို့ကြောင့်လည်း . . .

တစ်နေ့ မရေချမ်းတစ်ယောက် တောတောင်ထဲတွင် ထုံးစံအတိုင်း သွားလာနေစဉ် သစ်ခုတ်သမား လူရမ်းကားနှင့် ထိပ်တိုက်တွေ့ချေတော့၏။

သူမ၏ဘဝပျက်လုပျက်ခင်တွင် အလယ်ပိုင်းသား ရောက်လာချေတော့၏။ တော်သေးတော့၏ဟု တွက်လိုက်မိပြီး . . .

"ကိုယ့်တစ်ရွာတည်းသားကို မင်းမို့ ပက်ပက်စက်စက် ကြံရက်တယ်. . လောကမှာ ငါအမုန်းဆုံးလူဟာ ခုမင်းလို လူစားတွေပဲကွ. . သောက်ျားမဆန်တဲ့ကောင်တွေ. . သည်ဘဝမယ် ယောက်ျားမဖြစ်ထိုက်တဲ့ကောင်တွေပဲ. . အဲဒါကြောင့် . . "ဆိုကာ သူ့လက်တွင်းရှိ ဓားဖြင့်

အသေခုတ်သတ်လိုက်လေတော့၏။

သူမ လွန်မင်းစွာ ထိတ်လန့်သွားတော့၏။

သို့ သူလူသတ်လိုက်ခြင်းကို မြင်လိုက်ရသည့်သူမကို အလယ်ပိုင်းသားကကော အလွတ်ပေးလေပါ့မလား။

သူမ စိုးရိမ်ကြောင့်ကျ တုန်လှုပ်စွာဖြင့် ထိုနေရာမှာပင် ရပ်လျက် မှင်တက်သွားတော့၏။

"ကဲ. . မင်းစိတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ငါသိတယ်. . ငါဟာယောက်ျားပဲ. . လုပ်ရဲလျှင်ဖြင့် ခံရဲတယ်. . အေးတစ်ခုတော့ရှိတယ်. . ခုလိုအခြေအနေမျိုးကြောင့် ငါလူသတ်မှုဖြစ်ရတာကို မင်းပြောမှ လူတွေသိကြမှာပဲ ငါ့တွက် ပြောနေတာမဟုတ်ဘူး. . မင်းအတွက်ပြောနေတာ. . မင်းနဲ့ဘာမှမပတ်သက်ခဲ့သလို မင်းနေလိုက်တော့. . ငါပြဿနာငါသွားရှင်းမယ်"ဆိုကာ အလယ်ပိုင်းသားသည် ထိုသူသည် သူနှင့်အချင်းများပြီး ဒေါသတကြီး လူသတ်မှုကျူးလွန်မိပါသည်ဟု ဝန်ခံလိုက်လေတော့၏။

သူ့အကြောင်း သူမအသိဆုံးပေမို့ စိတ်မကောင်းဖြစ်မိလေတော့၏။ သို့ကြောင့်လည်း သူမသည်ရွာတွင် အနေနည်းပြီး တောတောင်ထဲတွင်သာ အနေများခဲ့ရလေတော့၏။

သို့နေခဲ့ရာမှ တစ်နေ့တစ်လံ ပုဂံဘယ်ပြေးဆိုသလို သူသံယောဇဉ်ဖြစ်ရသော တွေ့ချင်မိနေသော. . သူ့လက်ပေါ်တွင် ကြီးပြင်းခဲ့ရလေသည့် တောခွေးဖြူနှင့် အမှတ်မထင်ပြန်လည်ဆုံစည်းခဲ့ရချေတော့၏။

တွေ့လို၍ အချိန်ကုန်ခံ အပင်ပမ်းခံလှည့်ပတ်တောနင်းရှာခဲ့သော်လည်း မဆုံခဲ့ရချေ။

ပြန်လည်ဆုံစည်းချင်ကြလေတော့သည်။

မရေချမ်းသည် တောလမ်းလေးအတိုင်း သူ့အတွေးနှင့်သူ လျှောက်လို့နေလေတော့၏။

သည်တွင် သူ့နောက်ဘက်မှသော်လည်းကောင်း ဝဲယာတဖက်တချက်မှသော်လည်းကောင်း ခြေသံကိုကြားနေရ၏။ သို့ကြောင့် သူမသည် ဖျာဖျာသလဲ ကြည့်မိတော့၏။

"ဟင်"

တောခွေးအတစ်ကောင် သူ့နောက် နောက်ယောင်ခံလိုက်နေခြင်းပါကလား။ ဘယ်လိုကြောင့်ပါလိမ့်။

သို့ကြောင့် သူမသည် အေးအေးလူလူ လျှောက်နေရာမှ ခပ်သွက်သွက်လျှောက်ခဲ့မိတော့၏။

သည်တော့လည်း တောခွေးကောင်သည် အမှီလိုက်လာနေချေတော့၏။

"အို"

တောခွေးကောင်သည် သူမကို ကြီးမားသောအန္တရာယ်ပေးရန် ရည်ရွယ်၍ လိုက်လာနေခြင်းဖြစ်တော့၏။

သူမသည် ကြောက်လန့်တကြား ပြေးလွှားခဲ့မိတော့၏။

သည်တွင် တောခွေးကောင်သည်လည်း ကြေက်တတ်သူကို ခြောက်သည့်နှယ် ရဲတင်းစွာ ပြေးလိုက်ကာ အန္တရာယ်ပြုရန် ကြိုးစား

လာတော့၏။

"ဟာ"

တောခွေးကောင်အတွက် မထင်မှတ်သော ဟန့်တားခံလိုက်မှု ပင်ဖြစ်တော့၏။

သူမကို ခုန်လွှားအုပ်မိုး ကိုက်ခဲရန်အလို့ငှာ အားယူကြိုးစား လာသည့် တောခွေးကောင်သည် သူဦးတည်ရာ သူမထံသို့ ရောက်လာ နိုင်ခြင်းမရှိတော့ဘဲ ဝင်ရောက်ဟန့်တားခြင်းခံလိုက်ရတော့၏။

"အီး"

"အင်း"

အမွေးဖြူဖြူတောခွေးကောင်သည် သူမကို အန္တရာယ်ပြုလာ သည့် တောခွေးကောင်၏ လုပ်ရပ်ကို အလျင်မီဟန့်တားနိုင်လိုက်တော့ ၏။ တောခွေးကောင်သည် သူ၏အကြံအစည်မအောင်မြင်လေသည် ကြောင့် ထိုနေရာလေးမှ ပြေးလွှားသွားချေတော့၏။

"အီ. . အီ. . အီး. . အီး"

"အီ. . အီ. . အီး"

တောခွေးကောင်ကို သူမသည် အံ့ဩစွာ မှင်တက်ကြည့်နေမိ တော့၏။

"အဖြူပါကလား"

သူမ ဘယ်မေ့နိုင်ပါလိမ့်မည်နည်း။

သူမကအဖြူကို မှတ်မိနေသလို အဖြူသည်လည်း သူမကို ကောင်းကောင်း မှတ်မိနေပုံရချေတော့၏။

သည်သို့ဖြင့် သူမနှင့်အဖြူ ပြန်လည်ဆုံစည်းခဲ့ကြရပေတော့၏။ ခွေးကောင်သည် လူတွေထက် သစ္စာရှိသူဖြစ်ကြောင်း သူမကောင်းကောင်းကြီး လက်ခံလိုက်ရတော့၏။

အချိန်ကာလမည်မျှကြာကြာ ကွဲကွာနေကြချေဦးတော့. . . မှတ်မှတ်ရရ မှတ်မိနေခြင်းပါကလား။

သည်သို့ဖြင့် . . မရေချမ်းနှင့် ခွေးဖြူတို့ ပြန်လည်ဆုံစည်းခဲ့ကြခြင်းဖြစ်တော့၏။

သူမအပင်ပမ်းခံ ကြိုးစားရှာဖွေရကျိုး နပ်ချေပြီဖြစ်၏။

ပြန်လည်ဆုံစည်းကြ၏ဆိုငြား. . ခွေးဖြူကောင်သည် မျိုးနွယ်တူတောခွေးအုပ်တွင်းသာ နေထိုင်ခြင်းဖြစ်တော့၏။

သူ၏သခင်မ သူမကိုမူ အသိအမှတ်ပြုရုံ၊ အန္တရာယ်မပြုရုံသာရှိချေ၏။

မည်သို့ပင်ဆိုစေ. . သူမသည် နှစ်သိမ့်ကျေနပ်နေမိတော့၏။ သူမသည် စမ်းရွာတွင် နေလိုက် တောတောင်ထဲတွင်နေလိုက်ဖြင့် ရှိချေတော့၏။

သို့ဖြင့် လူသတ်မှုဖြင့် ထောင်ကျသွားသော အလယ်ပိုင်းသားသည် ရွာသို့ပြန်ရောက်ခဲ့တော့၏။

အလယ်ပိုင်းသား ပြန်ရောက်လာခြင်းကို မည်သူမျှ ဝမ်းသာမှုရှိခဲ့ကြငြား . . မရေချမ်းတစ်ယောက်ဖြင့် ကျေနပ်ဝမ်းသာမိခဲ့တော့၏။

အလယ်ပိုင်းသားသည် ထောင်မှပြန်ထွက်ခဲ့ပေငြား စမ်းရွာတွင် ပြန်လည်ရောက်လာခဲ့ပေငြား. . သူ့ကို ကြိုဆိုသည်ဖြစ် မကြိုဆို

သည်လည်း ဖြစ်ချေ. . အလျဉ်းဂရုစိုက်ခြင်းမရှိပါချေ။

သူ့ရွာ သူ့အိမ်ယာ သူ့ခြံတွင် သူ့ဘာသာနေ နေကြ်င်းဖြစ်တော့၏။ ယခင်ကအတိုင်းပင် နေထိုင်လေခြင်းဖြစ်တော့၏။

ပိုနေမြဲကျားနေမြဲဟု ဆိုရချိမ့်မည်။

သို့ပေမင့် . . စမ်းရွာသားတို့သည် အလယ်ပိုင်းသားကို မကြို ဆိုချင်ကြပေ။

ဖြစ်နိုင်လျှင် . . ဤရွာကိုပင် ပြန်လာမနေစေချင်ကြပေ။

သူ့အိမ် . . သူ့ရွာဆိုတော့လည်း မည်သို့မျှ ကန့်ကွက်တားဆီး နိုင်ခွင့်မရှိလေသည်ကြောင့် မပြောသာရှိကြတော့၏ဆိုငြား မတိုင်ပင်ပဲ လျက် တညီတည်းဆိုသလို ဝိုင်းပယ်ထားလိုက်ကြတော့၏။

သို့ဆိုပြန်တော့လည်း အလယ်ပိုင်းသားသည် မည်သို့တွန်းလှန် ပေလိမ့်မည်နည်း။

အရင်ကလည်း သူသည်မည်သူ့ကိုမျှ အလေးအနက်ထားခြင်း မျှမရှိပါချေ။ အလယ်ပိုင်းသားအတွက် မည်သို့မျှ ထူးခြားမှု ခံစားမှုမရှိ ခဲ့ပါချေ။

သည်သို့ဖြင့် မကြာ . . . ။

စမ်းရွာသားတို့သည် အလယ်ပိုင်းသားကို ရမယ်ရှာကြတော့၏။

ယိုသမျှချေး(ချီး)ပုစွန်ခေါင်းဆိုသလို စမ်းရွာတွင်မည်သည့် ပြဿနာဖြစ်ပေါ်လေတိုင်း အလယ်ပိုင်းသားကိုသာ ထိုးချကြတော့၏။

"ဒီကောင်ထောင်ထွက် . . ဒီကောင်လူသတ်သမား . . . ဒီကောင်ပင်ဖြစ်ချိမ့်မည်"ဟု စွပ်စွဲကြတော့၏။ ထိုးချကြတော့၏။

အံ့ဖွယ်ကောင်းသည်မှာ အလယ်ပိုင်းသားသည် ထောင်က ထွက်လာပြီးလေမှ ရေမြွေဖြစ်နေချေတော့၏။

ယခင်ကဆိုလျှင် မြွေဟောက် . . .

သို့ကြောင့်လည်း မည်သူမျှ သူ့ကိုမထိရဲ မစရဲ . . .

ယခုမူ အလယ်ပိုင်းသားသည် ရေမြွေမှရေမြွေ အအေးပိုင်း ဒေသက ရေမြွေအလား ဖြစ်နေချေတော့၏။

ဘယ်လိုဖြစ်သွားပါလိမ့် . . .။

သို့ဖြစ်ရလေခြင်းကို မည်သူမျှအလေးအနက်ထား ဂရုမပြုမိ ပြား . . မရေချမ်းတစ်ယောက်ကတော့ဖြင့် အရေးတယူရှိချေတော့၏။

အလယ်ပိုင်းသားတစ်ယောက် သို့ပြောင်းလဲသွားတော့ကာ အရဲကိုးတိုး၍ သွေးတိုးစမ်းလာကြတော့၏။

သူကြီးသား ဦးထော်ခေါင်းဆောင်သည့် ရွာကာလသားအချို့ သည် အခြားရွာမှ လူမိုက်ကို မြှောက်ပင့်သွေးထိုးကြလေ၏။

တရွာသားလူမိုက်ကလည်း ရွာခံတို့၏အလိုကျ ရေမြွေပမာဖြစ် နေသည့်အလယ်ပိုင်းသားကို ထန်းရည်ဆိုင်တွင် ဗိုလ်ကျရိုက်နှက် သက်စွမ်းပြလေတော့၏။

အံ့ဖွယ်ပင်ဖြစ်တော့၏။

ထောင်ကထွက်လာပြီးလေမှ . . အလယ်ပိုင်းသားဘယ်လို ဖြစ်သွားတာပါလိမ့် . .။ ယင်းကိစ္စနှင့် ပတ်သက်၍ မရေချမ်းသည် ားမလည်နိုင်အောင်ဖြစ်ရတော့၏။ သို့ပြား မရေချမ်းသည် သူ့နည်း သူ့ဟန်ဖြင့် တစ်ရွာသားလူမိုက်ကို ကြားဝင်ဆုံးမလိုက်ခြင်းကို မည်သူမျှ

မသိလိုက်ကြပါချေ။

သို့ဖြစ်လာလေတော့. . .

"ဒီနှပါရဲ့ အလယ်ပိုင်းသားကို သူမှီသွားရန်စဝ့်တယ်" ရယ်လို့ ဖြစ်လာတော့၏။

ရယ်စရာတော့ အကောင်းသား။

သည်တော့ကာ အလယ်ပိုင်းသားကိုမည်သူကမျှ ပြောင်ပြောင် တင်းတင်း ကိုယ်ထိလက်ရောက် မစော်ကားဝံ့ကြတော့ချေ။ သို့ပြား အငြိုးအတေးထားကြလေတော့၏။ မှတ်ကြလေတော့၏။

သူကြီးအနေဖြင့်လည်း မျက်မြင်သက်သေမရှိလေသည် ကြောင့် အလယ်ပိုင်းသားအပေါ် မကျေမနပ်ဖြစ်၍ တေးမှတ်ထားရုံက လွဲ၍ မည်သို့မျှမတတ်နိုင်ဖြစ်ရချေတော့၏။

သို့ပြား . . .

ရွာအနောက်ပိုင်းမှ ဦးသော်တာ၏ ခိုင်းနွားကြီး ပျောက်ချင်း မလှပျောက်သွားသည်တွင် သားဖြစ်သူဦးတော်၏ချောက်တွန်းမှုကို သိလျက်အလယ်ပိုင်းသားကို ရမယ်ရှာ ထိပ်တုံးခတ်ထားလိုက်တော့၏။

ထိုသည်ကို မရေချမ်းက မကျေနပ်. . သူကြီးကိုအမြင်ကပ် လေသည်ကြောင့် . . .

"သူကြီး. . အလယ်ပိုင်းသားမယ် အပြစ်မရှိဘဲ ဘာလို့ထိပ်တုံး ခတ်နေပုလှမ်းရတာတုန်း"ရယ်လို့ပြောမိ၏။

သည်တွင်သူကြီးက သူမကို စိမ်းစိမ်းကြည့်လေပြီး . . .

"ဘာလဲ. . ညည်းလင်ထောင်ထွက် သူခိုးဂျပိုးဘက်က မခံ

ချင်ဖြစ်နေတာလား. . ညည်းငါ့အိမ်ခြံထဲက ထွက်သွားပါမြန်မြန်. . ငါ ဒီရွာသူကြီးလေ. . "

"ဟုတ်ပါတော်. . . သိပ့်ါတော်. . . နို့ပေမင့်လို့ သူကြီးဆိုတာ သမာသမတ်ရှိရမှာပေါ့. . တွေးခေါ်မျှော်မြင်တတ်ရမှာပေါ့. . အားလုံး တပြေးညီရင်ဝယ်သားလို သဘောထားအုပ်ချုပ်ရမှာပေါ့. . ကြီးတဲ့အမှု ကိုသေးစေ သေးတဲ့အမှုကို ပပျောက်စေ. . ဖြစ်ရမပေါ့. . ခုဟာက အပြစ်မရှိသူကို ရမယ်ရှာအပစ်ဖို့တာတော့ ဘယ်ကောင်းပါ့မလဲ"

"အောင်မယ်ညည်းကများငါ့ကို ဆရာလုပ်ပြောရတယ်လို့ နို့ နေပါဦး ညည်းကအလယ်ပိုင်းသား ပစ်မှုကျူးလွန်တယ်. . မကျူးလွန်ဘူး ဆိုတာ ဘယ်လိုအတတ်ပြောနိုင်လဲ. . ညည်းမယ်ခိုင်လုံတဲ့ သက်သေပြ နိုင်မလား ကဲ. . ပြော"

"ခိုင်လုံတဲ့ သက်သေရယ်လို့တော့ မပြနိုင်ပေမင့်. . ကျွန်မသိ နေတာကတော့ အလယ်ပိုင်းသားက ဒီနွားပျောက်နေရခြင်းနဲ့လုံးဝ တ်သက်မှုမရှိဘူးဆိုတာကိုတော့ဖြင့် ပြောရဲတယ်. . ဘာလို့လဲဆိုတော့ အလယ်ပိုင်းသားက လူရမ်းကားလူဆိုးမဟုတ်ဘူး. . ယောကျ်ားပီသသူ . . ပြီးတော့ ထောင်ကထွက်လာပြီးကတည်းက အရင်ကလိုမဟုတ်ဘူး ရမွေလိုလူစားဖြစ်သွားပြီ ပြီးတော့ သည်းခံတတ်သူ ဆိုတာထက် သတ္တိရှိရှိသည်းခံနေနိုင်သူတစ်ယောက်ဖြစ်နေပြီဆိုတာ ကျွန်မရဲရဲဝင့်ဝင့် ပြောရဲတယ်လေ"

သို့ မရေချမ်းက ပြတ်သားသောလေသံဖြင့် ပြောလိုက်သည် င် သူကြီးသည် အနာပေါ်တုတ်ကျ ရှုံ့ရှုံ့ရွဲ့ရွဲ့ဖြစ်သွားကာ . . .

"ဒီကောင်မကို မြို့ပြင်ဆွဲထုတ်သွားကြစမ်းကွာ. . "ရယ်လို့ တစ်ချက်လွှတ်အမိန့်ပေးလိုက်သည်တွင် သူကြီးတူဗညားနှင့် ကာလသား သုံးယောက်သည် မရေချမ်းကို ဆွဲလွဲ၍ မြို့ပြင်သို့ တွန်းထိုးထုတ်လိုက် လေတော့၏။

သို့ ကြမ်းကြမ်းတမ်းတမ်း ပြုမူခံလိုက်ရသည်ကြောင့် မရေချမ်း တစ်ယောက် ရင်တွင်း ကျင်ခနဲနာကျင်ခံစားလိုက်ရသည့်ပြင် ဝဲမြေ သားပေါ် မှောက်လျက်လဲကျရလေသည်ကြောင့် လက်ဖျံ တစ်တောင်နှင့် မျက်နှာတို့တွင် ပွန်းပဲ့သွေးစို့ ဒဏ်ရာရခဲ့လေတော့၏။

ထိုသည်လည်း သူမအတွက် ပြဿနာရှိလှသည်မဟုတ်။

"ဦးသူတော် နွားပျောက်တဲ့ကိစ္စ မင်းမဝန်ခံမချင်း ဝန်ခံလာ သည့်တိုင်အောင် လုပ်ရမှာပဲကွ"ဆိုလျက် သူကြီးသည် အလယ်ပိုင်းသား ၏ ကျောပြင်ကို အရှိုးထင်အောင် ယမထာကြိမ်တုတ်ဖြင့် အားကုန် လွှဲရိုက်လိုက်လေတော့၏။

"ဖြန်း"

အလယ်ပိုင်းသားသည် တစ်ချက်ကလေးမျှ အော်ဟစ်ညည်း တွားလေခြင်းမရှိ။ သို့နှိပ်စက်ခံရခြင်းအတွက် မမြင်ရက်သော မရေချမ်း တစ်ယောက် မျက်ရည်စီးကျငိုခဲ့ရတော့၏။

သည့်အပြင် သူမဘာတတ်နိုင်ပါမည်နည်း။

သို့ပေမင့် သူမသည် 'တောက်'တစ်ချက် ပြင်းပြင်းခတ်လိုက် လေပြီး သူကြီးခြံရှေ့မှ ထွက်ခဲ့လေတော့၏။

နောင်သုံးလေးရက်ခန့်အကြာတွင် ဦးသူတော်၏ နွားခိုးမှု

သွားသည့် တရားခံကို မိသွားကြတော့၏။

ယင်းတရားခံသည် အလယ်ပိုင်းသားနှင့် လုံးဝပတ်သက်မှု မရှိလေသည်ကြောင့် မရေချမ်းတစ်ယောက် သူကြီးကိုအတော်ကလေး မကျေမနပ်ဖြစ်သွားရလေတော့၏။

သူမ မပြောပေဘူးလား. . နွားပျောက်ကိစ္စ အလယ်ပိုင်းသား နှင့် လုံးဝပတ်သက်မှုမရှိခြင်းဆိုတာ ခုတော့ တရားခံတွေ့ပြီသိပြီ မဟုတ် သား။ သည်တော့ တရားခံကို -

ဘာလို့ ထိပ်တုန်းမခတ်တာလည်း . . .

ဘာလို့ ရိုက်နှက်စစ်ဆေးမလုပ်တာလည်း . .

ဘယ်လုပ်လို့ ရပါလိမ့်မည်နည်း . . .

နွားသူခိုးက အလယ်ပိုင်းသားလုံးဝမဟုတ်သလို မည်သူမျှ ည်းမဟုတ် . . .

"သားရဲကျားကောင်ဖြစ်နေတာကိုး"

"ကဲ. . သူကြီး ဘယ်လိုလုပ်မလဲ"ဆိုတော့ . . .

"သူက နာမည်ပျက်ရှိခဲ့တာကိုးကွ" ရယ် စကားလေးတစ်ခွန်း ပြီးသွားရတော့၏။

"ဘယ်တတ်နိုင်ပါ့မလဲလေ. . ကျုပ်ဝန့်ကြွေးပေပဲ" ရယ် လို့သာ လယ်ပိုင်းသား တစ်ယောက်ပြောခဲ့ရှာတော့၏။

သို့ပေမင့် သူကြီးကို လုံးဝမကျေမနပ် ဖြစ်ခဲ့သည်မှာ မရေချမ်း ဖြစ်တော့၏။

သည်တွင် . . .

မရေချမ်းတစ်ယောက် ရွာသားတွေ အလယ်ပိုင်းသား အပေါ် နားမလည်ကြခြင်းကို လက်ခံပေမင့်. . သူကြီးကနားလည်မှုမရှိသည်ကို တော့ဖြင့် လုံးဝလက်မခံနိုင်ချေ။ ဘယ့်နှယ် သူကြီးဖြစ်ပြီး စဉ်းစားဆင် ခြင်တုံတရားမှ မရှိလေတာ. . .။

ရွာတစ်ရွာကို အုပ်ချုပ်ရတဲ့ သူကြီးတစ်ယောက်က အဲဒီ လောက် ညံ့ဖျင်းနေပါလျှင် ဘယ်လိုလုပ် သူကြီးနေရာမှာ ဆက်ရှိသင့်ပါ တော့မည်နည်း။

သို့ဖြင့် မရေချမ်းတစ်ယောက် ရွာမှထွက်ခဲ့ကာ တောသို့ဝင်ခဲ့ ချေတော့၏။

မိကျောင်းချောင်း မြောင်အတွင်းရောက်သည်နှင့် တစ်ဘက် အဆစ်ပိတ် ဝါးဗူးလေးကို (လက်မခန့်လုံးပတ်ရှိသည်) တစ်ဖူးဖူး မှုတ် ရင်း လျှောက်လာခဲ့ခြင်းဖြစ်တော့၏။

ယင်းသို့ ပြုမူခြင်းကြောင့် တောဆင်ရိုင်းနှင့် သားရဲတိရစ္ဆာန် ကောင် သို့ ကြောက်လန့်တကြား ပြေးလွှားသွားကြပေလိမ့်မည်။

သို့ဆိုပေမင့် . . .

ယင်းအသံကို ကြောက်လန့်ခြင်းအလျဉ်းမရှိသော သတ္တဝါတစ် ကောင်တော့ဖြင့် ရှိချေတော့၏။

ထိုအကောင်သည်ကား အမွေးဖြူတောခွေးကောင်ပင်ဖြစ်ချေ တော့၏။

ယင်းအသံကြောင့် မရေချမ်းထံသို့ ပြေးလွှားရောက်လာချေ တော့၏။ အန္တရာယ်ပြုရန် ပေးရန် ရောက်လာလေခြင်းတော့မဟုတ်။

သခင့်ထံပြေးလွှားရောက်လာခြင်းဖြစ်တော့သည်။

"မင်းငါ့ကို ကူညီပါဦးကွာ"ဆိုလျက် မရေချမ်းသည် အမွေးဖြူ တောခွေးကောင်ကို ပွေ့ဖက်ပွတ်သပ်လိုက်တော့၏။

ထိုညတွင်းချင်းပင် မရေချမ်းတစ်ယောက် စမ်းရွာသို့ပြန် ရောက်ခဲ့တော့၏။ လမိုက်ညဖြစ်ခြင်းကြောင့် သန်းခေါင်ယံအချိန်တွင် ရွာလမ်းမအတိုင်း ခွေးဖြူတစ်ကောင်နှင့် မိန်းမပျိုတစ်ယောက် လျှောက် ဝင်လာခြင်းကို မည်သူမျှသတိထား မြင်မိပုံမပေါ်ပါချေ။

အကယ်၍များ တစ်စုံတစ်ယောက်က မြင်လိုက်မိပါလျှင်လည်း ထိတ်လန့်တုန်လှုပ်သွားကာ. . အိမ်တွင်းမှ အိမ်ပြင်သို့ ထွက်ကြည့်ဝံ့မည် မဟုတ်ပါချေ။ ဘယ့်တွက်မူ မရေချမ်းသည် ထမီရင်လျား. . ဆံပင် ဖားလျားချထားလေခြင်းကြောင့်လည်းကောင်း အဖြူရောင် တောခွေး ကောင်ကို ရွာတွင်းမြင်ဖူးကြခြင်း မရှိလေခြင်းကြောင့်လည်းကောင်း လမိုက်ညဖြစ်နေခြင်းကြောင့်လည်းကောင်း နာနာဘာဝ ကောင်လေ လား သင်မိမှားလောက်လေခြင်းကြောင့် ဖြစ်ချေတော့၏။

မရေချမ်းသည် သူကြီးအိမ်ရှေ့သို့ ရောက်သည်တွင် တောခွေး ဖြူ ခေါင်းကိုသတ်လိုက်ကာ . . .

"မင်း ဒီမယ်နေခဲ့ဦး. . ငါအသံကြားလျှင်ဖြင့် လာခဲ့ချေ"ဟု ပြောပြီး မရေချမ်းသည် သူကြီးအိမ်သို့ ချဉ်းကပ်သွားလိုက်တော့၏။

အိမ်တွင်းသို့ ချဉ်းကပ်ချောင်းမြောင်းကြည့်လိုက်သည်။

သူမကျေနပ်စွာပြုံးလိုက်၏။

သူကြီးသည် အိုက်လွန်းသည်ကြောင့် အိမ်ပြင်ခန်းတွင် ထွက်

အိပ်နေလေ၏။ အပေါ်ဗလာကျင်းနှင့်ဖြစ်ချေ၏။

ကြည့်ရသည်မှာ သူကြီးမိန်းမသည် အတွင်းခန်းတွင် အိပ်နေပေလိမ့်မည်။ သူကြီးသား ဖိုးထော်သည် မုတ်ဆိတ်ကဲ့သို့ ဒဏ်ရာဗလပွဖြင့် မည်သူ့လက်ချက်မှန်း မသိခံလိုက်ရကတည်းက ဘိုးဘွားများရှိရာ သံပုရာခုံရွာတွင် သွားနေလေသည်ကြောင့် သူကြီးအိမ်တွင် သူကြီးတို့လင်မယားနှစ်ယောက်သာရှိနေကြခြင်းဖြစ်၏။

"အဟင်း"

"အဟမ်း"

မရေချမ်းသည် သူကြီးကြားလောက်ရုံ အသံပြုလိုက်၏။

သူမ၏သို့ အသံကြောင့် သူကြီးသည် အအိပ်ဆတ်သူပီပီ အိပ်ယာမှနိုးခဲ့ရတော့၏။

ခေါင်းကို ထောင်မတ်ကြည့်လိုက်လေသည်တွင် သူကြီးသည် လွှန်မင်းစွာ အံ့ဩသွားတော့၏။

မဖြစ်နိုင်တာချည်းဟုလည်း တွက်မိလိုက်သည်ကြောင့် အိပ်ချင်မူးတူး အမြင်များမှားလေရော့သလားတွက်လျက် မျက်လုံးအစုံကို လက်ဖမိုးဖြင့် ပွတ်သပ်လိုက်တော့၏။

အိပ်ချင်မူးတူး ဝေဝါးဖြစ်နေခြင်း မရှိချေတော့။

စိတ်ကြည်လင်လာ၏။ မျက်လုံးကျယ်လာ၏။ အမြင်ရှင်းလာ၏။

သို့ကြောင့် မရေချမ်းကို စူးစူးစိုက်စိုက်ကြည့်ရင်း . . .

"မရေချမ်း မင်းဘာလာလုပ်တာလဲ"ဟု မေးလိုက်၏။

မရေချမ်းသည် ဘာမျှမပြော မဲ့ပြုံးလေးပြုံးလိုက်ပြီး ထိုနေရာ

လေးမှ လှည့်ထွက်ခဲ့တော့၏။

"ဟိတ်. . မင်းဘာလာလုပ်တာလဲ အချိန်မတော်ကြီး"

သို့ ဆိုလျက် မရေချမ်းနောက် ပြေးလိုက်သွားတော့၏။

မရေချမ်းသည် သူကြီးသူမနောက်လိုက်လာပြီမှန်း သိလေသည်ကြောင့် ခြံဝသို့တိုင်ပြေးခဲ့ပြန်၏။

"ဟိတ်. . ဟိတ်. . ဟိတ်"

သို့ဆိုလျက် သူကြီးသည်နောက်မှအပြေးကလေးလိုက်ခဲ့ရာမှ ခြံစပ်ရောက်လုတွင် မရေချမ်းကို နောက်မှနေ၍ လက်လှမ်းဆွဲမိသွားလေတော့၏။

"လွှတ်. . လွှတ်. . လွှတ်"

မရေချမ်းက ရုန်းကန်အော်ဟစ်လိုက်တော့၏။

"မင်းဘာလာလုပ်တာလဲ အချိန်မတော် ငါ့အိမ်ထဲရောက်နေတာ မင်းမယ် ဘာအကြံအစည်ရှိလဲပြော"

သူကြီးသည် လက်လွှတ်လိုက်ခြင်းမရှိလေဘဲ သို့သာမေးနေလေတော့၏။

ထိုသည်ကြားမှ ရုန်းရင်းကန်ရင်း မရေချမ်းတစ်ယောက်လဲပြိုကျသွားတော့၏။

သူကြီးသည်လည်း အရှိန်ဖြင့် မရေချမ်းပေါ်သို့ ပိကျသွားလေတော့၏။

"အား. . အား. . အင်း ရှင်. . ရှင်. . ရှင် ဘာလုပ်တာလဲ"

"လာကြပါဦး. . လာကြပါဦး"ရယ်လို့ မရေချမ်းသည် မြေပြင်

တွင် လူးလွန့်လူးလွန့် လှုပ်ရှား အော်နေလေတော့သဖြင့် သူကြီးသည် မျက်လုံး မျက်ဆံပြူး ထိတ်လန့်သွားတော့၏။

ဒီကလေးမလေး ခက်ရချေရဲ့ . . .

ညဥ့်ကြီးသန်းခေါင်မို့ တော်သေးတော့၏။ လမ်းသွားလမ်းလာ များ သိသွားလို့ကတော့ သူကြီးဒုက္ခအကြီးအကျယ် ရောက်ရပေရောမည်။

"တော်သေးရဲ့" သူကြီးစိုးရိမ်သော ကြောက်မိသော လူသိ မှာကို စိုးရိမ်ကြောင့်ကြဖြစ်စရာ မလိုရယ်လို့တွက်လိုက်မိပြီး . . .

"အား"

လုံးဝထင်မှတ်မထားသော တိုက်ခိုက်မှုဖြစ်ချေတော့၏။

သူ၏လည်ဂုတ်အား သတ္တဝါတစ်ကောင်၏ ကိုက်ခဲခြင်းကိုခံ လိုက်ရတော့သဖြင့် ရုတ်ခြည်းထကာ ရမ်းခါချလိုက်ပြီး ကွာမကျသွား သည့်ပြင် ပို၍ပင် ဆိုးဆိုးဝါးဝါး နာကျင်ခြင်းခံရလေတော့၏။

နောက်ဆုံးသူကြီးသည် မြေပြင်ပေါ်သို့ လဲကျသွားတော့၏။

သူ့အား မလွှတ်တမ်း ဖက်တွယ်ကိုက်ခဲနေသည့် တောခွေးဖြူ သည် သူကြီးတစ်ယောက်မလှုပ်သာ မလူးသာဖြစ်သည့်တိုင် ကုတ်ပုံဆွဲ ရမ်း ကိုက်ဖွဲ့နေလေတော့၏။

ထိုသည်မြင်ကွင်းကို မရေချမ်းသည် ကျေနပ်စွာရပ်ကြည့်နေ လေတော့၏။

အတန်ကြာသည့်တိုင် တောခွေးဖြူသည် သူကြီးအသားစိုင် တို့ကို အားပါးတရ ဆွဲဖွဲ့စားလေပြီးနောက် မရေချမ်းထံသို့ ချဉ်းကပ်သွား လေတော့၏။

မရေချမ်းသည် ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော သွေးအလိမ်းလိမ်းဖြင့် သေပွဲဝင်သွားရလေသည့် သူကြီးကို အားရကျေနပ်စွာကြည့်လိုက်လေပြီးနောက် ထိုနေရာလေးမှ လှည့်ထွက်ခဲ့တော့သည်။

သို့ဖြစ်လာစေရန် မရေချမ်းက အကွက်ဆင်ခဲ့လေခြင်းဖြစ်တော့၏။ သူမွေးခဲ့သည့် တောခွေးဖြူအကြောင်း သူအသိဆုံးဖြစ်၏။

သူမ၏ ကြောက်လန့်တကြား အော်ဟစ်သံကြားလျှင် တောခွေးဖြူသည် လာရောက်ကူညီတတ်၏။

သို့ဖြစ်ရန်လည်း ငယ်စဉ်ကတည်းက အလေ့အကျင့်လုပ်ထားခဲ့ခြင်းဖြစ်၏။

တောခွေးဖြူကောင်သည် သူမနှင့် အချိန်ကြာမြင့်စွာ ကွဲကွာနေခဲ့ကြရငြား ပြန်လည်ဆုံစည်းကြသည့်အခါတွင်လည်း မေ့လျော့သွားခြင်းမရှိပါချေ။

သို့ကြောင့်လည်း သူမသည် တောခွေးဖြူကို အသုံးပြု သူမကျေနပ်သူမှန်သမျှကို ဒုက္ခပေးခဲ့ခြင်းဖြစ်တော့၏။

သို့ဆိုငြားမှတ်လောက်သားလောက် နလံမထူရုံလောက်သာလုပ်ခဲ့ခြင်းဖြစ်၏။

သို့ လုပ် ့ခြင်းသည် အလယ်ပိုင်းသားဘက်ကနေ၍ မခံချင်သွန်း၍ လုပ်ရလေခြင်းဖြစ်သည်။

သူမနှင့်အလယ်ပိုင်းသား မည်သို့မျှ ပတ်သက်မှုရှိမနေငြားသည်း သူမကမူတဲ့ဘက်သတ် စိတ်ဝင်တစား မေတ္တာသက်ဝင်နေခြင်းကြောင့် ဖြစ်သည်ကို သူမကိုယ်နှိုက်ပင် သိသလိုမသိသလို ဖြစ်သည်။

သို့ သူမလုပ်ဆောင်နေခြင်းကို မည်သူမျှမသိသလို အလယ်ပိုင်းသားပင်လျှင် လုံးဝမသိပါချေ။

မည်သို့ပင်ဆိုစေ သူမကျေနပ်မိ၏။

ယင်းသို့ သူမ၏လုပ်ရပ်ကို တရွာသားလူမိုက် မုတ်ဆိတ်မှစ၍ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

သူကြီးသား ဖိုးထော်ကိုလည်း သူမလုပ်ခဲ့ခြင်းဖြစ်၏။ မှတ်လောက်သားလောက် နလံမထူရုံလောက်သာဖြစ်၏။

သို့ငြား . . ယခုသူကြီးကိုမူ ရက်ရက်စက်စက်ပက်စက်စွာ အသေသတ်လိုက်ချေတော့၏။

ယင်းကိစ္စ၏ဖြစ်လာမည့်အကျိုးဆက်ကို သူမ ကြိုတွက်ထားပြီးဖြစ်၏။ သို့ကြောင့်လည်း အချိန်မီသတိပေးမိသည်ဆိုငြား သူကြီး သားဖိုးထော် ခေါင်းဆောင်သည့် ရွာသားအချို့၏ တုန့်ပြန်ချက်မှ သီသီလေးလွတ်မြောက်သွားခဲ့ရတော့၏။

သည့်နောက်ပိုင်း မရေချမ်းသည်ပင် ရွာတွင်ဟန်မပျက်နေခဲ့နိုင်တော့၏။

အလယ်ပိုင်းသားသည်လည်း ရွာမှပျောက်သွားခဲ့တော့၏။ သည်တော့ စမ်းရွာသည် အေးအေးချမ်းချမ်းဖြစ်သွားပြီပေါ့။ သို့လည်း မဖြစ်နိုင်သေးပါချေ။

ရွာတွင် ထောင်ထွက် လူသတ်သမားအလယ်ပိုင်းသားမရှိတော့ပေမင့် . . ရွာတွင်လူသတ်မှုတစ်ခုဖြစ်ခဲ့ပြန်၏။

လက်ရှိသူကြီးလက်ထက်တွင်ဖြစ်သည်။

**သူစုမစာမေတ္တိုက်**

အသတ်ခံရသူမှာ သူကြီး၏တူ ဗညားဆိုသူဖြစ်ချေတော့သည်။

ဗညားသည် လူပုံအလယ်တွင် မရေချမ်းကို နှိမ်ချပြောဆိုဆက်ဆံဖူးခဲ့၏။ သို့ကြောင့် သတ်ခံလိုက်ရခြင်းဟု ပြောကြသော်လည်းတရားခံအစစ်အမှတ်မည်သူဖြစ်နိုင်သည်ကို လေ့လာစမ်းစစ်ကြည့်ခြင်းမရှိကြလေဘဲ ဘယ်ဆီရောက်နေမှန်းမသိသော အလယ်ပိုင်းသားကိုသာလျှင် လူသတ်တရားခံဟု ပြောကြပေတော့သည်။

သို့ အယူသီးကြလေခြင်းကြောင့် လူသတ်တရားခံအစစ်အမှန်ဖြစ်နေသည့် 'မရေချမ်း'တစ်ယောက်အတွက် အခွင့်အရေးများ အလေးသာခဲ့ရတော့၏။ သို့ကြောင့်လည်း နောက်ပိုင်းတွင် မရေချမ်း စိတ်နှင့်မတွေ့သူတို့သည် ဒုက္ခအဖုံဖုံ ရောက်ကြ၏။ သေဆုံးကြရ၏။

သို့ဖြစ်နေသည့်ကြားက တရားခံသည် တစ်ယောက်တည်းရယ်သို့ တပြုံးနက် ညီညီညာ အသံထွက်ခဲ့တော့သည်။

အလယ်ပိုင်းသား ရက်စက်လွန်းသည်။

သို့ဖြစ်လာစေရန်အတွက်လည်း စမ်းရွာသားမုဆိုး အောင်စိုးနှင့် ဖိုးထိန်ဆိုသူတို့ စမ်းရွာအနောက်ဘက်တောသို့ အမဲလိုက်သွားကြစဉ်း တောခွေးတစ်အုပ်နှင့်ဆုံကြ၏။ သူတို့နှစ်ဦးသည် တစ်နေကုန်ဘာတိုးခဲ့ပြား မဥ္စည့်သားကောင်မျှ မရလေခြင်းကြောင့် နောက်ဆုံးကြရာမရလေသည်တွင် တောခွေးတစ်အုပ်အား ခြောက်လန့်ပစ်ခတ် ခြင်းဟုတ်လေဘဲ အသေပစ်လိုက်လေခြင်းကြောင့် ခွေးအတစ်ကောင်သေဆုံးခဲ့ရ၏။

သူ့အစာကိုလည်း လုသေး သူ့အသက်ကိုလည်းသေစေသည်ကြောင့်. . တောခွေးတစ်အုပ်သည်လူသားမုဆိုးနှစ်ယောက်ကို ဝိုင်းဝန်း

ကိုက်ခဲကြတော့၏။

သူတို့မုဆိုးနှစ်ဦး ကံဆိုးလေခြင်းမှာ တောခွေးအုပ်အတွင်း လူသွားစားနေကျ တောခွေးဖြူပါနေခြင်းဖြစ်တော့၏။

ကံဆိုးသော မုဆိုးနှစ်ယောက်မှ ဖိုးထိန်ဆိုသော မုဆိုးသည် အသက်ဘေးမှ လွတ်မြောက်ခဲ့တော့၏။

သို့ဖြစ်ရပ်တွင် တိုက်တိုက်ဆိုင်ဆိုင် အလယ်ပိုင်းသားသည် သူ့ပယောဂလုံးဝမပါဝင်လေဘဲလျက် မုဆိုးဖိုးထိန်၏အမြင်တွင်ပါသွားရလေတော့၏။

တကယ်တော့ အလယ်ပိုင်းသားသည် တောခွေးအုပ်နှင့် ရင်းနှီးနေခြင်းကြောင့် တောခွေးအုပ်က သူ့ကိုဘယ်သောအခါမျှ ရန်စောင်လေခြင်း ရန်ပြုလေခြင်းမရှိကြချေ။

ထိုနေ့က ခွေးတစ်အုပ်၏ ဆူဆူညံညံအသံများကြောင့် သားကောင်တွေ့၍လေလားမှတ်သည်ကြောင့် သွားရောက်ကြည့်ခဲ့ရာမှ လူသားတို့ကို တောခွေးတို့က ဝိုင်းဝန်းကိုက်ခဲနေသည်ကို တွေ့လေသည်ကြောင့် အံ့ဩတကြီးရပ်ကြည့်နေမိစဉ် . . စမ်းရှာသား မုဆိုးဖိုးထိန် က မြင့်လိုက်လေသည်တွင် . . အလယ်ပိုင်းသားအပေါ်ပို၍ အထင်အမြင်လွဲမှားသွားကြခြင်းဖြစ်ချေတော့၏။

သို့ဖြစ်ရလေခြင်းကြောင့် . . အလယ်ပိုင်းသားကို မဖြစ်မနေ တောနင်းရှာဖွေကြတော့၏။

သို့ ရှာကြသည်တွင် ပဲခူးရိုးမတစ်ခွင်တွင် နာမည်ကျော်ကြားနေသည့် မုဆိုးနှစ်ဦးပါခဲ့လေခြင်းကြောင့် မရေချမ်းသည် အလယ်ပိုင်းသားအတွက် စိုးရိမ်သွားမိတော့သဖြင့် တောတွင်းပြန်ရောက်လာရခြင်း

တော့၏။

သူမ မည်သို့လုပ်ရမည်မသိဖြစ်နေတော့၏။ တကယ်ဆိုပါလျှင် လူသတ်မှုတိုင်းသည် သူမကျူးလွန်ခဲ့တာချည်းဖြစ်တော့၏။

သို့ဆိုပါလျှင် အလယ်ပိုင်းသားသည်မဆီမဆိုင် တရားခံလုံးလုံး ဖြစ်ရပေတော့မည်။ သို့ကြောင့် သူမသည် အရေးအကြောင်းဖြစ်ခဲ့ပါ လျှင် အလယ်ပိုင်းသားကို ကူညီရန်နောက်ယောင်ခံလိုက်လာခြင်းဖြစ် တော့၏။ သူ့ကိုယ်နှိုက်ကမူ အလယ်ပိုင်းသားဘယ်မှာရှိသည်ကို လုံးဝ မသိပါချေ။

သက်သက် အလယ်ပိုင်းသားကို ချစ်ရာမကျလေဘဲ အမှုန်း ဘရားဖြင့် ဒုက္ခပေးသလိုဖြစ်ရပေတော့၏။ သည်ကြား မုဆိုးကျော်နှစ် ဦး လမ်းပြအဖြစ်ခေါ်သွားသော စမ်းရွှာသားသံချောင်းသည် အလယ် ပိုင်းသားပုန်းခိုနေသော နေရာသို့ဆိုက်ဆိုက်မြိုက်မြိုက် ခေါ်သွားနိုင် တော့သဖြင့် မရေချမ်းသည် လမ်းပြသံချောင်းကို မကျေမနပ်ဖြစ်သွား ပြီတော့သည်ကြောင့် အခြေအနေပေးလာသည်တွင် သူ၏ငယ်မွေးခြံ ပေါက် တောခွေးဖြူ၏အကူအညီဖြင့် လုပ်ကြံသတ်ဖြတ်လိုက်ခြင်းဖြစ် တော့သည်။

သို့ဆိုပါလျှင် သူမသည် အလယ်ပိုင်းသားအတွက် စိုးရိမ်စရာ မရှိတော့ဟု တွက်လိုက်မိ၏။

သံချောင်းမှမရှိလေတော့တာ လမ်းပြမရှိလျှင် မုဆိုးနှစ် ယောက် (ချွန်တော်နှင့်လင်းမြင့်လှိုင်ကို ဆိုလိုခြင်းဖြစ်၏) အလယ်ပိုင်း သားကို နောက်ပိုင်းရှာတွေ့ရန် မလွယ်ဟု မှတ်လိုက်ပေမင့် အင်မတန် မှ ဆိုးရည်ဝသော မုဆိုးနှစ်ယောက်သည် အလယ်ပိုင်းသားကို ခြေရာ ခံမိသွားကြလေတော့၏။

**သူစုမစာဓမတိုက်**

အလယ်ပိုင်းသားတစ်ယောက် ဝင့်ကြွားမကုန်သေးသော သူ့ဘဝကိုညည်းငွေ့သွားရာမှ တောမှီရသေ့ထံတွင် ရာသက်ပန်ခိုလှုံတော့မည်လုပ်ရာမှ မုဆိုးနှစ်ယောက်၏ ဖမ်းဆီးခြင်းကို ခံလိုက်ရလေတော့၏။

သည်တွင် မရေချမ်းသည် တွက်လိုက်၏။

အလယ်ပိုင်းသားတစ်ယောက် အေးချမ်းစွာ ဆက်လက်နေထိုင်သွားရန်အလို့ငှာ သူမတွင် လုံးလုံးတာဝန်ရှိနေခြင်းကို သိလိုက်လေသည့်ကြောင့် ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်လေတော့သည်။

သူမကျူးလွန်ခဲ့သောလူသတ်မှုများအတွက် တရားဥပဒေ၏ အပြစ်ပေးခြင်းကို ခံရပါက အနိမ့်ဆုံးအဆင့် တစ်သက်တစ်ကျွန်းနှင့် သေဒဏ်ကို ခံရပေမည်ကိုသိပေပြား အလယ်ပိုင်းသားအတွက် သူမ မဖြစ်မနေ လုပ်ရပေတော့မည့်အလုပ်ပို လုပ်လိုက်လေခြင်းဖြစ်ပေသည်။

သည့်အတွက် သူမလုံးဝစိတ်မကောင်း မဖြစ်မိပါချေ။ သို့ဆိုပေမင့်. . အလယ်ပိုင်းသားသည် သူမကိုပင် နှုတ်မဆက် ပြီးမပြတော့ဘဲ သူသွားလိုရာခရီးသို့ နောက်လှည့် မကြည့်ဘဲ သွားနေလေခြင်း ကြောင့် စိတ်မကောင်းကြီးစွာ ဖြစ်မိချေတော့သည်။

▲▼▲▼▲▼▲▼

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မရေချမ်းပြောပြလာလေ
ည့် ဇာတ်လမ်းကိုကြားလိုက်ရသည်တွင် သူမနှင့်ပတ်သက်၍ ရင်တွင်း
ံ့ခနဲခံစားလိုက်ကြရတော့သည်။

အလယ်ပိုင်းသားအပေါ် . . . သူမ၏ကြီးမားသော မေတ္တာ
ယောဇဉ်ကိုလည်း မအံ့ဩ၍မနေနိုင်ပါတော့ချေ။ မရေချမ်းလောက်
ဿကျိုးစွန့် အချစ်ရူး ရူးခဲ့လေသည့် အဖြစ်မျိုးကို သည်တစ်ကြိမ်တွင်
ာ ကျွန်တော့်အတွက် ကြုံဖူး ကြားဖူး မြင်ဖူးခြင်းဖြစ်တော့သည်။

သို့ဖြင့် ကျွန်တော်တို့သည် စကားတပြောပြောဖြင့် လျှောက်
ဲြရာမှ ချောင်းခွဲလေးတစ်ခုနားအရောက်တွင် မျှော်လင့်မထားသော

လူတစ်ယောက်ကို တွေ့လိုက်ကြတော့၏။

"ဟင်"

"ဟာ"

"ရှင်"

ထိုသူကား အလယ်ပိုင်းသား ဖြစ်ချေတော့၏။

အလယ်ပိုင်းသားသည် ကျွန်တော်တို့နှစ်ယောက်ကို တစ်ချက်ကလေးသာပြုံးပြလေပြီး မရေချမ်းနားသို့ တိုးကပ်သွားတော့၏။

မရေချမ်းသည် မမျှော်လင့်ဘဲ အလယ်ပိုင်းသားကို မြင်လိုက်ရသည်ကြောင့် အံ့ဩသွားတော့၏။

ဝမ်းမြောက်ဝမ်းသာလည်း ဖြစ်သွားပုံရ၏။ သူတို့နှစ်ယောက်သည် တစ်ဦးကိုတစ်ဦး အတန်ကြာသည့်တိုင် မှင်တက်ကြည့်နေကြတော့၏။

အတန်ကြာလေမှ အလယ်ပိုင်းသားသည် . . .

"မရေချမ်းရယ် . . မင်းငါ့ကို နားလည်ပေးတဲ့အတွက် အများကြီးဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ် . . တကယ်တော့ငါ့ဘဝဟာ မင်းနဲ့မထိုက်တန်လေဘူးထင်ပြီး တချိန်လုံး ဥပေက္ခာပြုထားမိတာပါ . . မင်းငါ့အပေါ် အဲဒီလောက်ကြီးနားလည်မှုပေးနိုင်ပြီး အနစ်နာခံလုပ်ခဲ့တာတွေကို ငါသိပေမင့် မသိဟန်ဆောင်ခဲ့တယ် . . အဲဒါလည်းမင်းအပြစ်ဒဏ်ခံရမှာစိုးရိမ်လို့ပါ . . ပြီးတော့မင်းကိုငါ မတားဆီးမိတာ ငါ့ရဲ့အမှားပါပဲကွာ ငါ့ကြောင့် မင်းပြုခဲ့သမျှအပြစ်တွေအားလုံးအတွက် နောင်ဘဝမှပဲပေးဆပ်ပါရစေတော့ . . ခုတော့ မင်းမျှော်လင့်နေမယ်ထင်တဲ့ မင်း

အကြားချင်ဆုံးဖြစ်လိမ့်မယ်ထင်တဲ့ စကားတစ်ခွန်းကိုတော့ဖြင့် ပြောလိုက်ပါရစေ . . ခု ငါပြောမယ့်စကားလေးတစ်ခွန်းက ငါ့ရင်ထဲမှာ သိမ်းဆည်းထားရတာကြာပါပြီ. . စက ငါသေဆုံးသည့်တိုင် ဖွင့်ဟမပြောဘူးရယ်လို့ သံမိဋ္ဌာန်ချထားတယ်လေ. . ငါသိလိုက်ပြီ မင်းနဲ့ငါဘယ်တော့မှ ပြန်မဆုံကြတော့ဘူးဆိုတာ နို့ကြောင့် ငါခုမင်းကိုပြောလိုက်ပါရစေ. . ငါ့ရင်ထဲက ယိုစီးစိမ့်ထွက်လာရတဲ့ စကားပါ ငါမင်းကိုချစ်ပါတယ်. . ငါငြိမ်းချမ်းတဲ့နေရာကို သွားရှာမယ်. . တွေ့ပြီဆိုလျှင် ဖြင့်မင်းကိုလာခေါ်ဖြစ်အောင် ခေါ်ပါ့မယ်"

သို့နှယ်ပြောပြီး အလယ်ပိုင်းသားသည် ချာခနဲလှည့်ထွက်သွားလေတော့၏။

"အစ်ကို"

မရေချမ်းသည် သို့သာနှုတ်မှအသံထွက်သွားလေတော့၏။ မျက်ရည်တို့သည်လည်း စီးကျလာချေတော့၏။

မရေချမ်းတစ်ယောက်မှင်တက်လျက် ရှိရာမှ ပြုံးလာပေတော့သည်။

"အစ်ကို့အတွက် အနစ်နာခံလုပ်ပေးခဲ့ရကျိုးနပ်သွားပါပြီ အစ်ကိုရယ်. . . ကျွန်မလည်း သေပျော်ပါပြီအစ်ကိုရယ်. . အစ်ကို့ရဲ့ငွေကြေးတွေလည်း ကြေပါတော့. . ကြေအောင်နေပါတော့. . အစ်ကို ရဲ့ အဘိတ်ဝင်ငွေကြေးတွေကို ကျွန်မလွှဲပြောင်းယူသွားပါပြီ အစ်ကိုရယ်. . အစ်ကိုပြောသလို နောင်ဘဝကျလေမှပဲ ပြန်ဆုံကြတာပေါ့"

ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် အလယ်ပိုင်းသားနှင့် မရေ ချမ်းကို ကြည့်ပြီး စိတ်မကောင်းကြီးစွာ ဖြစ်သွားကြရတော့၏။

သို့ရှိစဉ် နောင်. . ဝေ. . ဝေ. . ဝေ ရယ်လို့ ကြေးစည်သံ လွင်လွင်လေးကို ကြားလိုက်ကြသဖြင့် လှမ်းကဲကြည့်လိုက်ကြသည်။

အလယ်ပိုင်းသားထွက်သွားရာ လမ်းရှေ့တည့်တည့်မှ ရသေ့ မမ္မပါလသည် ဖြည်းလေးစွာဖြင့် လျှောက်လှမ်းလာလို့နေ၏။

ရသေ့မမ္မပါလနှင့် အလယ်ပိုင်းသား ထိပ်တိုက်ရင်ဆိုင်တွေ့ ကြသည်တွင် အလယ်ပိုင်းသားသည် ဒူးထောက်ထိုင်ချလိုက်လေပြီး ဝ တွားကန်တော့လိုက်လေတော့၏။

အလယ်ပိုင်းသား သွားရှာလိုသည့် ငြိမ်းချမ်းသောနေရာ သည်ကို ကျွန်တော်သဘောပေါက်သွားမိတော့၏။ သို့ကြောင့် . . .

"မရေချမ်းလည်း ပြုမိခဲ့တဲ့အပြစ်တွေကို သန့်ရှင်းအောင် ဆေးကြောပြီးလျှင်ဖြင့် အစ်ကို့လို (အလယ်ပိုင်းသားကို ဆိုလိုခြင်းဖြစ် ၏) ငြိမ်းချမ်းတဲ့ နေရာမယ် သွားနေတော့မယ်"ရယ်ပြောလာသည့် စကားသံကြောင့် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည် မရေချမ်းကို လှည့် ကြည့်မိလိုက်ကြတော့သည်။

မရေချမ်း၏မျက်နှာသည် လွမ်းလွမ်းဆွေးဆွေးမဟုတ်တော့ တော့၊ ဝင်းပလို့နေတော့၏။

သို့အတွက် ကျွန်တော်နှင့်လင်းမြင့်လှိုင်သည်လည်း မရေချမ်း ကိုပြုံး၍ ကြည့်လိုက်ကြရပေမင့် ရင်တွင်းမှာတော့ မချိတင်ကဲဖြစ်သွား

မိကြပေတော့သည်။ ဘယ့်တွက်မှ သည်ဘဝတွင် မရေချမ်းတစ်ယောက် ငြိမ်းချမ်းတဲ့ နေရာသို့သွားနိုင်ပါလေဦးမည်လားရယ်လို့ အသိဝင်လာရ ခြင်းကြောင့်ဖြစ်တော့သည်။

စာဖတ်ပရိတ်သတ်အားလေးစား

ကြိုးစားလျက်

ကိုပိုက်

4:55 A.M (8.12.2004)